ဒိမိုပြုတိုက်ပွဲ

အဆင့်ဆင့်

၁

သန့်ရှင်းဖဆပလအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဦးနု ရေးသည်

ဤစာအုပ်သည်

★ ဒီမိုကရေစီကို မြတ်နိုးသူတိုင်း

★ လွတ်လပ်ရေးကို စုံမက်သူတိုင်း

★ လူ့အခွင့်အရေးကို တန်ဘိုးထားသူတိုင်း

အတွက်ဖြစ်သည်။

ဖိနှိပ်မှုတိုက်ပွဲ

အဆင့်ဆင့်

သန့်ရှင်း ဖ-ဆ-ပ-လ အဖွဲ့ချုပ်

ဥက္ကဋ္ဌ ဦးနု

ရေးသည်

ရန်ကုန်မြို့၊ အမှတ် ၄၊ ဝက်ပါလမ်း၊

ဗ၊ တ၊ လ၊ စ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍

ဖ၊ဆ၊ပ၊လ (သန့်ရှင်း) အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

ပဌမနှိပ်ခြင်း	(၁၉၅၉ ဇူလိုင်)	၁၀,၀၀၀
ဒုတိယနှိပ်ခြင်း	(၁၉၅၉ ဩဂုတ်)	၅,၀၀၀
တတိယနှိပ်ခြင်း	(၁၉၅၉ စက်တဘ်ာ)	၁၀,၀၀၀

မာတိကာ

အခန်း — စာမျက်နှာ

၁။ လွတ်လပ်စွာကိုးကွယ်ခွင့် — ၁၀
(ခြသေ့်စာကျွေးခြင်း၊ အနှစ်သုံးဆယ်ဘာသာရေးစစ်၊ မီးလောင်တိုက်သွင်းခံရခြင်း)။

၂။ လွတ်လပ်စွာရေးသားဟောပြောခွင့် — ၁၅
(ဆိုကရေးတီး-ပါလီမန်တွင်း၌ပင်မလွတ်လပ်လိုင်စင်ရှိမှ ပုံနှိပ်နိုင်ပုံ - တံဆိပ်တော်ခွန်- ဆိုးသွမ်းသော ဘုရင်ခံအကြောင်း ဖွင့်ချပြီ-ရဲရင့်သောရှေ့နေနှင့် ရဲရင့်သောဂျူရီ- နိုင်ငံရေးပါရဂူများအမြင်-လူ့ယဉ်ကျေးမှု အကျိုးပြုရန်-ဒီမိုကရေစီဆိတ်သုဉ်းသောနိုင်ငံ)။

၃။ လွတ်လပ်စွာစည်းဝေးခွင့်နှင့်စည်းရုံးခွင့် — ၂၃
(အဖွဲ့အစည်းနှင့်နေတတ်သောသတ္တဝါ-အခွင့်အရေးအပြည့်အဝပေးသောနိုင်ငံ-သူတပါးကိုမထိခိုက်စေနှင့်-ဘေးမဲ့ဥယျာဉ် တရားပွဲ-ရဲနှင့်အဓိကရုဏ်းဖြစ်ခြင်း-စီတန်း လမ်းလျှောက်ခွင့်ရန်ကုန်ပုလိပ်မင်းကြီးနှင့် ပုဒ်မ ၁၄၄-အမေရိကန်အုပ်ချုပ်ပုံအခြေခံဥပဒေ)။

၄။ လွတ်လပ်စွာတရားစီရင်ခွင့် — ၃၀
(မဟာ စာချုပ်ကြီး-အခွင့်အရေး တောင်းခံလွှာ-ဘုရင်တဖက် ပါလီမန်တဖက်·ပါလီမန်စံနစ် အမြစ်တွယ်လာပုံ-လွတ်လပ်သော တရားဝန်ကြီး-အင်္ဂလန်ထုံးနှင့် ဥပဒေတရားမင်း)။

၅။ လွတ်လပ်စွာသက်မွေးဝမ်းကျောင်းနိုင်ပုံ — ၄၃
(ကျွန်စံနစ်ကို တိုက်ဖျက်ပြီ- အသားအရောင်ခွဲခြားမှု -လူ့အခွင့်အရေး ကြေညာစာတမ်းကြီး)။

၆။ လွတ်လပ်ခွင့်မှလွတ်လပ်ရေးသို့ ၄၇
(ဟော်လန်ပြည်တွင်-သီလဝဝိလျံ)။

၇။ အိုင်ယာလန်လွတ်လပ်ရေး ၅၀
(အိုင်းရစ် မျိုးချင်အဖွဲ့-လွတ်လပ်ရေးကျေညာ ပြီ)။

၈။ အမေရိကန်တော်လှန်ရေး ၅၄
(အကြောင်းရင်း-ဥပဒေ ကန့်ကွက်ပွဲ- ဘော်စတွန်လူသတ်ပွဲ-ပြည်သူ့ စည်းဝေးပွဲ၊လွတ်လပ်ရေး ကျေညာစာတမ်း -အချက်ပေး ခရာသံ)။

၉။ ပြင်သစ်အရေးတော်ပုံ ၆၁
(လူတန်းစား သုံးမျိုး-လူထုမှာ အနာဖက်ကချည်း-အရေးတော်ပုံ၏ လက်သည်များ-တော်လှန်ပွဲ-သမတနိုင်ငံ- နပိုလျံ- ဒီမိုကရေစီသို့)။

၁၀။ အီတလီပြည်စည်းလုံးရေး ၇၃
(အစိတ်စိတ်အမွှာမွှာဖြစ်ရသည့်အီတလီ-ခေါင်းဆောင်မက်ဇီနီ-ကာဗူး-ဂါရီဘော်လဒီ)။

၁၁။ မက္ကဆီကိုလွတ်လပ်ရေး ၇၇
(နယ်သစ်ရှာသူများလက်ချက်- ခေါင်းဆောင်ဟီဒယ်လဂို- အခြားခေါင်းဆောင်များ)။

၁၂။ တောင်အမေရိက၏လွတ်လပ်ရေးသူရဲကောင်း ၈၁

၁၃။ ဖိလစ်ပိုင်လွတ်လပ်ရေး ၈၄
(လက်နက်အားကိုး အစိုးရ- ခေါင်းဆောင်ရီဇော်- စပိန်နှင့်အမေရိကန်စစ်ပွဲ)။

၁၄။ တိုက်ပွဲအမျိုးမျိုး ၈၇
(လွတ်လပ်ခွင့်နှင့် လွတ်လပ်ရေး-သွေးမြေမကျတော်လှန်ရေးသို့-လက်ရုံးနှင့် နှလုံး - ဧကော

မွှော-သာကေများ - ပိုင်းလိတ်နှင့် ရုပ်တုများ-ဟန်ဂေရီပြည်လုံးကျွတ်သပိတ်၊လူတသန်းသပိတ် အကြမ်းမှုအနုဖြင့်သာ၊ အာဇာနည် အရှင်ဦးဝိစာရ - ကျောင်းသား အရေး - အလုပ်သမား-လယ်သမားကျောင်းသားသပိတ်)။

၁၅။ ကိုးရီးယားပြည်သူတို့၏အနုနည်း ၉၀
မမြော်လင့်သော ကျေညာချက်-လူထု၏ချီးကျူးပွဲ- ရဲရဲတောက် ဘုန်းတော်ကြီး -လျှို့ဝှက်သော သတင်းစဉ်- ရင်ဘောင်တန်း ချီတက်ပွဲ - စံပြလောက်သော စည်းကမ်း -သွေးရူးသွေးတန်း ''မန်ဆေး- မန်ဆေး'' လူထု ၏ ခံနိုင်ရည်-ထောင်မဆံ့)။

၁၆။ လွတ်လပ်ရေးနှင့်နှလုံးရည် ၁၀၃
ခန္ဓီဝါဒ-သတ္တာဂြဟ-ပွဲဦးထွက်နှလုံးရည်တိုက်ပွဲ-ပထမသပိတ်လက်နက်-ဂန္ဒီ၏ခြေလှမ်း-ဆားချက်ပွဲ- အာဏာဖီဆန်ရေး - လူထုနိုးကြားမှု-ဒုတိယ အာဏာဖီဆန်ပွဲကြီး- အမျိုး သားရေးတိုက်ပွဲ - ခြေလှမ်းသစ် - ဟိန္ဒူမွတ်စလင်ချစ်ကြည်ရေး - အစာ ငတ် ခံခြင်း - လွတ်လပ် ရေးသို့-နောက်ဆုံးအစာငတ်ခံခြင်း)။

“ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်”

★ ဤသူသည် ငါ့ကိုဆဲရေး၏၊ ငါ့ကိုညှဉ်းဆဲ၏၊ငါ့ကို နိုင်၏၊ငါ၏ဥစ္စာကိုခိုး၏ဟူ၍စိတ်၌အမျက်ထားလျက် ရန်ငြိုးဖွဲ့ကြသော သူတို့မှာ ရန်သည်မငြိမ်းလေ။

★ ဤသူသည်ငါ့ကိုဆဲရေး၏၊ ငါ့ကိုညှဉ်းဆဲ၏၊ငါ့ကို နိုင်၏၊ ငါ၏ဥစ္စာကိုခိုးယူ၏ဟူ၍ စိတ်၌အမျက်မထား ရန်ငြိုးမဖွဲ့ကြသော သူတို့မှာ ရန်သည် ငြိမ်းလေ၏။

★ ဤလောက၌ ရန်တို့သည် ရန်တုံ့မှုခြင်း အားဖြင့် ဘယ်အခါမှမငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန် တို့သည် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်း ခြင်းသည်ရှေးအစဉ်အလာဓမ္မဘာသဘောပေတည်း။

★ လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ သေရဦးမည်ကိုမအောက်မေ့မဆင်ခြင်ဘဲခိုက်ရန်ပွါး ကုန်၏။ပညာရှိတို့သည်ကား မိမိတို့အမြဲမနေ သေဦး မည်ကို သိမြင်ဆင်ခြင်ကြ၍ လူမိုက်တို့ကိုမတုဘဲ ခိုက် ရန်ငြိမ်းအောင် ပြုကြကုန်၏။

ဓမ္မပဒ

ဦးနု၏ “မေဒေးနေ့မိန့်ခွန်း” မှ ကောက်နုတ်ချက်များ

နလုံးရည်နဲ့ တိုက်တဲ့ လမ်းစဉ်ကတော့အမှန်ဆုံးလမ်းစဉ်ဖြစ်တယ်။ဒါ့ကြောင့် အကောင်းဆုံးလမ်းစဉ်လဲဖြစ်တယ်။ဘာဖြစ်လို့ အမှန်ဆုံးနဲ့ အကောင်းဆုံးလမ်းစဉ်ဖြစ်တယ်ဆိုတာကို ရှင်းပြချင်တယ်။

(၁) နှလုံးရည်တိုက်ပွဲမှာတဘက်ကဒေါသနဲ့ တိုက်တာကိုဒီဘက်ကမေတ္တာနဲ့ ပြန်တိုက်ရမယ်။ ဒီလမ်းစဉ်ဟာ ဘုရားကြိုက်တဲ့ လမ်းစဉ်ဖြစ်နေတယ်။ ဒါ့ကြောင့်ဒီလမ်းစဉ်ဟာမှန်တယ်။

(၂) နှလုံးရည်တိုက်ပွဲဟာ လက်နက်နဲ့ အဆုံးအဖြတ်ပေးနေကျဖြစ်တဲ့ ထုံးတမ်းစဉ်လာဆိုးကြီးကို အစားထိုးနိုင်တဲ့ တိုက်ပွဲ ဖြစ်တယ်။ ဒါ့ကြောင့် ဒီလမ်းစဉ်ဟာမှန်တယ်။

(၃) ဒီနှလုံးရည်တိုက်ပွဲလမ်းစဉ်မှာ ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့ ပြည်သူလူထုကြီး တရပ်လုံးဟာ ကျယ်ကျယ်ပြန့်ပြန့် ပါနိုင်တယ်။ ဒါ့ကြောင့် ဒီလမ်းစဉ်ဟာမှန်တယ်။

(၄) နှလုံးရည်တိုက်ပွဲအဓိကရည်ရွယ်ချက်က တခြားဟာမဟုတ်ဘူး။ တဘက်က လူတွေကို စိတ်ပြောင်းအောင် လုပ်ဘို့ဘဲ ဖြစ်တယ်၊ တဘက်ကလူတွေ စိတ်မပြောင်းသရွေ့ ကာလပတ်လုံး ရန်ပွဲတွေဟာ ဘယ်တော့မှ အဆက်ပြတ်မှာမဟုတ်ဘူး။ တပွဲပြီးတပွဲ ဖြစ်နေရမှာဘဲ၊ ဒီဘက်က လူတွေက အခြားတဘက်ကလူတွေကို ဘာမှ ပြန်မလုပ်ဘဲ အဖမ်းခံ အနှိပ်စက်ခံအသေခံပြရင်တဘက်ကလူတွေဟာ သံရုပ်ကျောက်ရုပ်တွေမဟုတ်ပါဘူး၊ တနေ့မဟုတ်တနေ့မှာတော့စိတ်ပြောင်းရမှာဘဲ အဲဒီစိတ်ပြောင်းတဲ့ နေ့ဟာ ဒီမိုကရေစီ အောင်ပွဲခံတဲ့ နေ့ဖြစ်မှာဘဲ။

ဥပမာ-အောက်ချင်း ငှက်တွေကိုကြည့်ပါ၊ သူတို့ဟာ အဖိုနဲ့ အမ အမြဲတွဲနေတယ်။ ငှက်ပစ်သမားတယောက်က အဖိုကို ဖြစ်ဖြစ် အမကိုဖြစ်ဖြစ် ပစ်ချလိုက်ရင် ကျန်တဲ့ အောက်ချင်းက ငှက်ပစ်သမားကို ဘာမှမလုပ်ဘူး။ သေနေတဲ့ အောက်ချင်းအနားက မြေကြီးပေါ်ကို ဟ အားထိုးချလိုက်ပြီး အသေခံလိုက်တယ်။အဲဒါကိုမြင်တဲ့ ငှက်ပစ်သမား ဟာစိတ်ပြောင်းသွားတယ်။နောက်ကိုဘယ်တော့မှငှက်မပစ်တော့ဘူး။

နှလုံးရည်တိုက်ပွဲဟာ အဲဒီလို တဘက်သားရဲ့ စိတ်ကိုပြောင်းနိုင်တဲ့ အတွက် ဒီလမ်းစဉ်ဟာမှန်တယ်။

အဲဒီမှန်တဲ့ နှလုံးရည်တိုက်ပွဲ လမ်းစဉ်နဲ့ ဒီမိုကရေစီကို ကျွန်တော်တို့ကာကွယ်ရမယ်။

x x x

နှလုံးရည်တိုက်ပွဲဝင်မဲ့လူဟာ သတ္တိအကြောင်းကိုကောင်းကောင်းသိထားဘို့လိုတယ်။ တချို့က သူများကိုချရဲတာမှသတ္တိလို့ထင်တယ်။ ဒါမှားတယ်။ အမှန်တရားအောင်မြင်ရေးအတွက် သူများချတာကိုခံရဲတာမှ သတ္တိအစစ်ဖြစ်တယ်။

လက်နက်နဲ့ အာဏာကို ကိုင်ထားပြီး လက်နက်မဲ့ အာဏာမဲ့ တယောက်ကို နိုင်လိုမင်းထက် ပါးရိုက်ရဲတဲ့လူနဲ့ ဒီလို ပါးရိုက်တာ မှားတယ်လို့လဲ ပြောရဲတယ်၊ နောက်ပြီးတော့ ဒေါသမပြေသေးလို့ ရိုက်ချင်သေးရင် ထပ်ရိုက်ပါဦးဆိုပြီး အခြားပါးတဘက်ကိုလဲ လှည့်ပေးရဲတဲ့လူကို ယှဉ်ကြည့်မယ်ဆိုရင် ပဌမလူက မိုက်တဲ့လူ ဖြစ်တယ်။ ဒုတိယလူက သတ္တိရှိတဲ့လူဖြစ်တယ်။

x x x x

တိုက်ပွဲလုပ်နေတုန်းမိုက်ရူးရဲတွေတိုက်ပွဲထဲဝင်လာပြီးအကြမ်းဘက်ဘို့ ဟိုမြှောက် ဒီပင့်လုပ်မဲ့ ဘေးရန်တွေကို အခုကတဲကကြိုပြီး ကြည့်ထားပါ။ ဒီရန်တွေကို တွန်းလှန်နိုင်အောင်လဲ အသင့်လုပ်ထားကြပါ။ အကြမ်းဘက်တယ်ဆိုတာ လက်နက် ကိုင်ပြီး သူပုန်ထတာမှ အကြမ်းဘက်တာမဟုတ်ဘူး။ ဟိုလူ ဒီလူကို ချောင်းသတ်တာမျိုးဟာလဲ အကြမ်းဘက်တာဘဲ။ ကိုယ့်အသား နဲနဲထိလာတော့ လူဆိုတာဘေးက မြှောက်ပေးတဲ့ လူတွေရဲ့စကားကို နားယောင်တတ်တယ်။ အဲဒါကို ကြပ်ကြပ်သတိထားပါ။ ဒီလို ချောင်းရိုက်တယ်၊ ချောင်းခုတ်တယ်၊ ချောင်းပစ်တယ်၊ ချောင်းသတ်တယ် ဆိုတာမျိုးဟာ အင်္ဂလိပ်လို တဲရားရစ္ဆင်းမ် လို့ခေါ်တယ်၊ ဒီဟာမျိုးကို သူရဲဘောနည်းတဲ့လူတွေ၊ ကိုယ့်စွမ်းရည် မယုံကြည်တဲ့လူတွေ၊ လူထုရဲ့အင်အားကို မယုံကြည်တဲ့လူတွေ၊ အကြံကုန်တဲ့လူတွေလုပ်ကြတယ်။ ဒါမျိုးကို တခါလုပ်မိရင် ရပ်ဘို့ အင်မတန်ခက်တယ်။ အဲဒီတော့ ဒီ တဲရားရစ္ဆင်းမ် ကိုလုပ်ဘို့ မပြောနဲ့ စိတ်တောင်မကူးမိအောင် အထူးကြိုးစားကြရမယ်။ ဒါမျိုးဟာ တဦးကလုပ်၊ တဦးကပြန်လုပ်နဲ့ အဆုံးမသတ်နိုင်ဘဲ ဖြစ်တတ်တယ်။

ဖိနှိပ်မှုတိုက်ပွဲအဆင့်ဆင့်

လူတယောက်သည် မိမိအိမ်ဦးခန်းတွင် "ဩကာသ-ဩကာသ ကာယကံ-ဝစီကံ" ဟူ၍ဘုရားရှိခိုးနေစဉ် လူတစုကအိမ်ရှေ့မှလာ၍ "မင်းဒီလို ရှိခိုးနေ ပြန်ဘီလား" ဟု ကြိမ်းမောင်းကာထိုသူအား အိမ်ပေါ်မှ အတင်း ဆွဲချ သွားသည်ဟု ဆိုလျှင် စာဖတ်သူ အဖို့ ယုံကြည်ရန် ခဲယဉ်းပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယခုခေတ်တွင်ဘာသာကိုးကွယ်မှုနှင့်ပတ်သက်၍ လွတ်လပ်ခွင့်များစွာ ရရှိကြပြီဖြစ်သောကြောင့်တည်း။

ဤသို့ လွတ်လပ် ခွင့်များ ရရှိနေ ကြခြင်းမှာ သက်တောင့်သက်သာ အလိုအလျောက် ရရှိခဲ့ကြခြင်းမဟုတ်။ မိမိအိမ်ဦးခန်းတွင် မိမိနှစ်သက်ရာဘုရားကိုသဒ္ဓါရိုကျိုးစွာ အဆီးအတားအကန့်အကွက်မရှိ ရှိခိုးပူဇော်နိုင်ရေးအတွက်ကမ္ဘာ့သမိုင်း အဆက်ဆက်တွင် လူတို့သည် အမျိုးမျိုးအဖုံဖုံ စွန့်စား ဆောင်ရွက် ခဲ့ကြခြင်းကြောင့်သာဖြစ်ပေသည်။

ထို့အတူ ဒီမိုကရေစီ၏ ပင်မ အချက်အလက်များ ဖြစ်သော

လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊လွတ်လပ်စွာတရားစီရင်ခွင့်၊ လွတ်လပ်စွာမဲပေး၍ လူထုကိုယ်စားလှယ်များကို တင်မြှောက်ခွင့် အစရှိသည်တို့မှာလည်း မိုးပေါ်မှ ရုတ်တရက်ချပေးသဖြင့် ရသည်မဟုတ်။ ထိုအခွင့်အရေးများကို နှစ်ကာလရှည်ကြာစွာ တိုက်ယူခဲ့ကြရပေသည်။

ဤသို့ သိရှိရသဖြင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေး ဒီမိုကရေစီရေးတို့အတွက်အသက်၊သွေး၊ချွေး၊အိုးအိမ်၊စည်းစိမ်တို့ကိုစွန့်လွှတ်၍ တိုက်ခိုက်ပေးခဲ့သော အာဇာနည်တို့၏ ကျေးဇူးဂုဏ်ကိုသတိရရှိအောက်မေ့နိုင်ပေသည်။အောက်မေ့နေရုံနှင့်လည်းမပြီး၊လွတ်လပ်ရေး၊ဒီမိုကရေစီရေးတည်းဟူသော အမွေအနှစ်ကြီးကိုတိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းခဲ့သော အစဉ်အလာကိုတာဝန်သိသိလိုက်နာခြင်း၊ စောင့် ထိန်း ခြင်း အားဖြင့် ကျွန်ုပ်တို့ သား စဉ်မြေးဆက် တို့ကို အမွေပေးရာ ရောက်ပေသည်။ ဤသို့ အမွေပေးနိုင်အောင်လည်း လွတ်လပ်ရေး၊ ဒီမိုကရေစီတို့ကို အဖိုးတန်ရတနာကြီးအဖြစ် စောင့်ရှောက် ထိမ်းသိမ်းရန်နှင့် ၎င်းတို့ကိုပျက်ပြယ်စေရန်၎င်း၊ လျော့ပါးစေရန်၎င်း၊ထိပါးနှောက်ယှက်မည့်ရန်သူမှန်သမျှကို ရှေးလူတို့နှင့်မခြား၊သတ္တိရှိရှိ ခုခံကာကွယ်ရင်း စောင့်ရှောက်ထိန်းသိမ်းရန်မှာ ကျွန်ုပ်တို့ရာဇဝင်ပေး တာဝန်ကြီးဖြစ်ပေသည်။

၁။ လွတ်လပ်စွာကိုးကွယ်ခွင့်

မိမိတို့နှစ်သက်ရာဘာသာကိုကိုးကွယ်ခွင့်မရသဖြင့် တိုက်ပွဲဆင်ရသော သာကေများအနက် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ရောမနိုင်ငံ၌ ဖြစ်ပျက်ခဲ့သည်များမှာ အထူးထင်ရှား ပေသည်။

ထိုစဉ်ကရောမဘုရင်များသည် သက်ဦးဆံပိုင်အဖြစ် အုပ်ချုပ်

ခဲ့ကြ၏။ ရောမဘုရင်တို့၏ အင်ပါယာ နိုင်ငံတော်ကြီး မှာလည်း ကြီးမားကျယ်ဝန်းလှသဖြင့် သူတို့၏ တန်ခိုးမှာလည်း အလွန်ထွားခဲ့ကြသည်။

ထိုသို့ တန်ခိုးကြီးမား လာသည့်အလျောက် ရောမစစ်ဘုရင်ကြီးများသည် မိမိတို့ကိုယ်ကိုမိမိတို့ နတ်ဘုရားကြီးများဟု သမုတ်ကြလေသည်။ထိုစဉ်ကရောမလူမျိုးတို့သည်နတ်သမီး၊နတ်သားရုပ်ထုများကို ကိုးကွယ်လေ့ရှိကြပြီးလျှင် စစ်ဘုရင်ကြီးများကလည်း မိမိတို့၏ရုပ်တုများကို ထိုနတ်သမီး နတ်သားရုပ်တုများနှင့်အတူတိုင်းသူပြည်သားတို့အား လေးစားကိုးကွယ်စေလိုသည်။

ဟီးဘရူး လူမျိုးများသည် ရောမလူမျိုးတို့၏ နတ်ရုပ်များကိုလည်း မကိုးကွယ်၊ ဘုရင့် ရုပ်တုများ ကိုလည်း မလေးစားခဲ့ကြသဖြင့် ရောမဘုရင်များ၏ အမျိုးမျိုး ညှဉ်းပန်း နှိပ်စက်မှုများကို ခံခဲ့ရလေသည်။

ခြင်္သေ့စာကျွေးခြင်း

နီရိုးဘုရင်နှင့် ဒိုင်အိုကလီရှန် ကေရာဇ် ဘုရင်ကြီးများ လက်ထက်တွင် ခရစ်ယာန် ဘာသာဝင် တို့အား ကလေးလူကြီး မကျန်ကျားစာကျွေးခြင်း၊ ခြင်္သေ့စာကျွေးခြင်း နည်းမျိုးဖြင့် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြလေသည်။ ခရစ်ယာန် ဘာသာဝင်ယောကျ်ား မိန်းမ ကလေးတို့ကို ကျား-ခြင်္သေ့များက ကိုက်သတ်မျိုဝါးနေသည်ကို ပျော်ပွဲများ ပမာ မင်းမိဖုရားများက မြိန်ရေရှက်ရေ ကြည့်ရှုတတ်ကြလေသည်။

ခရစ်ယာန် ဘာသာဝင် တို့သည် မိမိတို့၏ ခေါင်းဆောင်ကြီးသခင်ယေရှု၏ ဆုံးမဩဝါဒများကိုလိုက်နာကာ နှလုံးရည်တိုက်ပွဲဖြင့် အနိုင်ယူခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်လေသည်။ သူတို့သည်

ခြင်္သေ့၏လှောင်ချိုင့်အတွင်းသို့ ဝင်မည့်အခါ တရားစာများကိုသံပြိုင်သီဆိုကြ၏။ တည်ကြည်သောမျက်နှာ၊ ခိုင်မာသောစိတ်ထား၊ ကြီးမားသောစိတ်ထားတို့ဖြင့် ရဲရင့်စွာပင် လှောင်ချိုင့်အတွင်းသို့ ဝင်ကြလေသည်။ ထိုသူများ၏အပြုအမူကိုမြင်သောအခါ အပြင်မှ ကြည့်ရှုနေသောမင်း၊မိဖုရားစသည်တို့သည်တုန်လှုပ်၍ လာကြ၏။ ကြောက်ရွံ့စေလိုသော ပုဂ္ဂိုလ်များက မကြောက်ရွံ့ဘဲသူတို့ကိုယ်တိုင် ကြောက်ရွံ့တုန်လှုပ်လာခဲ့ကြသည်မှာ ထိုပုဂ္ဂိုလ်တို့၏ နှလုံးရည်ကြောင့်ပင်ဖြစ်၏။

မိမိတို့ သဘောကျသည့် ဘာသာအယူဝါဒကို လွတ်လွတ်လပ်လပ် ကိုးကွယ်နိုင်မှုအတွက် ခရစ်တော်မကွယ်လွန်မီကရင်း၊ ခရစ်တော် ကွယ်လွန်ပြီးမှရင်း သွေးချွေးတို့ဖြင့် ရင်းနှီးတိုက်ခိုက်ယူခဲ့ကြရလေသည်။ထောင်ပေါင်းများစွာသော ပုဂ္ဂိုလ်တို့သည်မိမိတို့နှင့် ဘာသာအယူဝါဒမတူသူများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေသည်။ အရှင်လတ်လတ် မီးသင်္ဂြိုဟ်ခြင်း များကိုလည်း ခံခဲ့ကြရလေသည်။

ဥရောပနိုင်ငံအသီးသီးတို့တွင် လွန်ခဲ့သည့်နှစ်ပေါင်း လေးရာခန့်က"နိုင်ငံတော်ဘာသာ"ဟု ဘာသာတမျိုးမျိုးကို သတ်မှတ်ထားခဲ့ကြသည်။ ထိုဘာသာအယူဝါဒကို မလိုက်နာကြ သောသူများသည် အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းခြင်းကို ခံကြရ၏။ "နိုင်ငံတော်ဘာသာ" ကို မယုံကြည်၊ မကိုးကွယ်သော သူများသည် အစိုးရဌာနအမှုထမ်းအဖြစ်ရင်း၊ စစ်အမှုထမ်းအဖြစ်ရင်းဝင်ရောက်ထမ်းဆောင်နိုင်ခွင့်များမရှိခဲ့ရလေ။

အနှစ်သုံးဆယ်ဘာသာရေးစစ်ပွဲကြီး

ထိုအချိန်က ဥရောပတိုက်တွင် ဘာသာရေး ဂိုဏ်းကြီးနှစ်ဂိုဏ်း

ကွဲပြားလျက်ရှိသည်။အချို့နိုင်ငံများတွင် ကက်သလစ်ဂိုဏ်းခေါ် ဘုရင့်ဂျီဘာသာကတန်ခိုးကြီးသည်။အချို့နိုင်ငံများတွင်ပရိုတက်စတင့်ဂိုဏ်းက တန်းခိုးကြီးလေသည်။ စပိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီတောင်ပိုင်း နိုင်ငံများတွင် ကက်သလစ်များက အင်အားကြီးမားပြီးလျှင် ဟော်လန်၊ဆွီဒင်၊ဂျာမနီမြောက်ပိုင်း၊စကော့တလန်နိုင်ငံများတွင် ပရိုတက်စတင့်ဂိုဏ်းကအင်အားကြီးလေသည်။ ထိုဂိုဏ်းကြီးနှစ်ခုပဋိပက္ခဖြစ်ခဲ့ကြသည်တွင် ဆိုင်ရာ တိုင်းပြည်များ၌ အာဏာရှိသော အဖွဲ့က အာဏာမဲ့သော အဖွဲ့ကို အမျိုးမျိုး နှိပ်စက် ချုတ်ချယ်ခဲ့ကြလေသည်။

နောက်ဆုံး၌ သာသနာရေး ပဋိပက္ခ မှုကို အကြောင်းပြု၍ စစ်ပွဲကြီးပင် ဖြစ်ခဲ့လေသည်။ ထိုစစ်ပွဲ ကြီး သည် ဂျာမနီပြည်မှ စတင်ဖြစ်ပွါးခဲ့ရာ နှစ်ပေါင်းသုံးဆယ်တိတိ ကြာမြင့်ခဲ့လေသည်။ ဥရောပတိုက် တတိုက်လုံးနှင့်တကွ အင်္ဂလန်ကျွန်းအပါအဝင် မည်သည့် နိုင်ငံမျှ ဤစစ်နှင့် မလွတ်ကင်း ခဲ့ချေ။ စစ်ကြောင့်ရဟန်းရှင်လူများစွာတို့သည်း သေကြေပျက်စီးခဲ့ကြရလေသည်။

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်တို့ရရှိရန်အတွက်တိုက်ခိုက်လာခဲ့ကြသည့် ခေါင်းဆောင်များအနက် အင်္ဂလန်နိုင်ငံမှ ဝိကလစ်၊ ဂျွန်ဗက်ဗီ၊ ဘန်ယန်ဆိုသည့် ပုဂ္ဂိုလ်များ၊ ဗိုဟီမီယားနိုင်ငံမှ ပါမောက္ခကြီး ဂျွန်ဟတ်စသည့် ပုဂ္ဂိုလ်များသည် ရာဇဝင်တွင် စာတင်လောက်သော ပုဂ္ဂိုလ်များဖြစ်လေသည်။

ဝိကလစ်ဆိုသည့် ပုဂ္ဂိုလ်ကား လွတ်လပ်စွာ ကိုးကွယ်ခွင့် ရရှိရေးအတွက် ခေါင်းဆောင်ပြီး တိုက်ခဲ့သည့်ပုဂ္ဂိုလ် ဖြစ်ပေသည်။ သမ္မာကျမ်းစာကို လူအများနားလည်လွယ်အောင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့သည့်ပုဂ္ဂိုလ်လည်းဖြစ်သည်။

မီးလောင်တိုက်သွင်းခံရခြင်း

ဂျန်ဗုက်ဗီမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကိုအရေးဆိုတိုက်ခိုက်သည့်အတွက် မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲခြင်းခံရပြီးနောက် မီးလောင်တိုက်သွင်းခြင်းကိုခံရလေသည်။

ဘန်ယန်ဆိုသည့် ပုဂ္ဂိုလ်မှာလည်း ဘာသာရေး လွတ်လပ်ခွင့်ကို စာအုပ်အမျိုးမျိုးရေးထုတ်တင်ပြခဲ့သည်။ ထောင်တန်းအခါခါကျခဲ့သည်။ ပါမောက္ခကြီးဟတ်သည် ဝိကလစ်၏ နောက်လိုက်တပည့်တဦးဖြစ်သည်။ သူလည်းလွတ်လပ်စွာ ကိုးကွယ်ခွင့် ရရန်တိုက်ခိုက်ခဲ့ရာ မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲခြင်းခံရပြီးလျှင် ဂျန်ဗက်ဗီနည်းတူမီးလောင်တိုက်သွင်းခြင်းခံခဲ့ရလေသည်။

ယခုဖေါ်ပြသော ပုဂ္ဂိုလ်များအပြင်အခြားအလားတူအသက်စွန့်ခဲ့ကြသောပုဂ္ဂိုလ်များလည်းအများအပြားပင်ရှိခဲ့သေးသည်၊ ထိုပုဂ္ဂိုလ်များ၏အသက်ပေးတိုက်ခိုက်မှုကြောင့်နောင်အခါတွင် "ဘာသာရေးနှင့်ပတ်သက်၍ လိုက်လျောမှုရှိရမည်" ဆိုသော ဝါဒကြီးပေါ်ပေါက်ခဲ့သည်။ ဘာသာရေးစစ်ပွဲများလည်း တဖြည်းဖြည်းပပျောက်လာပြီးလျှင်လွတ်လပ်စွာ ကိုးကွယ်ခွင့်၊မိမိကြိုက်နှစ်သက်ရာဘာသာအယူဝါဒကို ယူနိုင်ခွင့်တို့ထွန်းကား၍လာခဲ့လေသည်။

လွတ်လပ်စွာကိုးကွယ်ရေးနှင့်ပတ်သက်၍လှုံ့ဆော်ရေးသားခဲ့သူများအနက်အင်္ဂလန်ပြည်သား ဂျွန်လော့နှင့်ဟော်လန် ပြည်သားဟူဂိုဂရိုးရှပ်တို့လည်း ပါဝင်ခဲ့ပေသည်၊ ဂရိုးရှပ်ဆိုသည့်ရှေ့နေကြီးကားဟော်လန်ပြည်တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၅၀ခန့်က ကိုးကွယ်မှုနှင့်ပတ်သက်၍ နိုင်ငံအစိုးရကမည်သို့မျှ အနှောက်အယှက်မပေးရဟူသော ဥပဒေထုတ်ရာတွင်ပါဝင်ခဲ့သူဖြစ်ပေသည်။

အထက်ဖေါ် ပြပါအတိုင်း လွတ်လပ်စွာကိုးကွယ်ခွင့် အတွက်

နှစ်ပေါင်းများစွာ အစဉ်တစိုက် တိုက်ပွဲ ဆင်ခဲ့ကြသောကြောင့်လည်း ယခုခေတ်၌ဒီမိုကရေစီဝါဒနှင့် ညီညွတ်သော အုပ်ချုပ်ရေးအခြေခံ ဥပဒေတိုင်း၌ပင် မိမိတို့နှစ်သက်ရာအယူဝါဒကိုကိုးကွယ်ခွင့်ရှိစေရမည်ဟုပါရှိသည်။ ဥပမာအားဖြင့် "ပါကစ္စတန်-အစ္စလမ်သမတနိုင်ငံ" ၏ အခြေခံဥပဒေတွင်ပင် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကိုထည့်သွင်းထားသည်။

X X X

၂။ လွတ်လပ်စွာရေးသားဟောပြောခွင့်

လွတ်လပ်စွာ ကိုးကွယ်ခွင့်ကိုရရှိရန် နှစ်ပေါင်းများစွာ တိုက်ခိုက်ယူခဲ့ရသကဲ့သို့ လွတ်လပ်စွာ ရေးသားဟောပြောခွင့်ကိုရရှိရန်လည်း တခေတ်ပြီးတခေတ်အဆင့်ဆင့် တိုက်ယူခဲ့ ကြရလေသည်။

ရှေးပဝေဏီအခါက ကမ္ဘာ့အရပ်ရပ်တွင် ယခုခေတ်ကဲ့သို့ပါလီမန်များ၊ တရားရုံးတော်များမရှိခဲ့ချေ။ ဘုရင်များမှာ သက်ဦးဆံပိုင်အရှင်သခင်များသာ ဖြစ်လေသည်။ ဘုရင်၏ မုခပါဌ်တော်သည်ဥပဒေပင် ဖြစ်တော့သည်။ လူတဦး တယောက်ကို အနည်းငယ် သံသယဖြစ်လျှင် ဘုရင်၏ အမိန့်ဖြင့် ဖမ်း ဆီး စေသည်။ ထိုနောက်ဘုရင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ်ဘုရင်အလိုကျဖြစ်စေ စီရင်ချက်ချမှတ်တော့သည်။ အယူခံရန်၊ အသနားခံရန် ရုံးတော်များလည်းမရှိပေ။

ထိုခေတ်အခါမျိုးတွင် လွတ်လပ်စွာဟောပြောခွင့်ဆိုသည်မှာ အိမ်မက်ပင်မမက်ဝံ့သောကိစ္စဖြစ်လေသည်။

ဆိုကရေးတီး

ဥပမာတခုကိုပြရလျှင် လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင့်သုံး

ဆိုကရေးတီးသည်အဆိပ်ရည်ကိုသောက်၍မိမိကိုယ်ကို အဆုံးစီရင်လိုက်ပုံ

ရာဇကျော်က ဂရိနိုင်ငံအက်သင်းမြို့တော်မှသုခမိန်ကြီးဆိုကရေးတီး အကြောင်းပင်ဖြစ်သည်။ ဆိုကရေးတီးသည် လူအများတို့အား "မိမိတို့ကြားသိသမျှကိုမယုံလွယ်ကြနှင့်။ အကျိုးအကြောင်းကို ဆင်ခြင်၍ယုံသင့်မှယုံကြည်ကြ" ဟူ၍ အမြဲမပြတ် ဟောပြောလေ့ ရှိ၏။ သူသည်အယူအဆလွဲမှားတိမ်းစောင်းနေသော ပုဂ္ဂိုလ်များ ကိုတွေ့ရှိလျှင် သည်းခံ၍ အချိန်ကြာမြင့်စွာ ရှင်းလင်းပြောပြပြီး နောက် အမှန်တရားကို ညွှန်ကြားပြသလေ့ရှိသည်။ ဤသို့ဖြင့် ဆိုကရေးတီးအားကြည်ညိုလေးစားသူ အများအပြား ပေါ်ထွက် လာခဲ့လေသည်။ အထူးသဖြင့်အမှန်တရားကို လိုလားတောင့်တ

သောလူငယ်ကလေးတို့သည် သူ၏နောက်မှ တကောက်ကောက် လိုက်ကာ သူ၏တရားကို နာကြားကြလေသည်။

ဆိုကရေးတီးအား မလိုမုန်းထား သူများနှင့် အချို့သော ကလေးမိဘတို့က ဆိုကရေးတီးသည် ကလေးသူငယ်များအား ပျက်စီးရာ ပျက်စီးကြောင်းကို ဟောပြောညွှန်ကြားသည့်အပြင် နိုင်ငံ အတွင်း၌ မှားယွင်းသောအယူဝါဒများကို ဖြန့်ဖြူးနေပါသည်ဟု တရားစွဲဆိုကြလေသည်။

ဆိုကရေးတီးသည် ခုံသမာဓိတရားသူကြီးများရှေ့မှောက်တွင် အလွန်ချက်ကျ ပိုင်နိုင်သော လျှောက်လဲချက်ကို ပေးခဲ့သည်။ သို့ရာတွင် သူ၏လျှောက်လဲချက်များသည် သူ့အား မကယ်ဆယ် နိုင်လေ။ တရားသူကြီးများက အပြစ်ထင်ရှားသည်ဟု ဆိုကာ မိမိကိုယ်ကိုမိမိသတ်သေရန် အမိန့်ချမှတ်လိုက်သည်။ သုခမိန်ကြီး သည် မိတ်ဆွေသင်္ဂဟများနှင့်ပြုံးပြုံးရွှင်ရွှင်စကားဆွေးနွေးနေပြီး နောက် အလွန်ပြင်းထန်သော အဆိပ်ရည်ကို ရဲရင့်စွာသောက်မျို လျက် မိမိကိုယ်ကို အဆုံးစီရင်လိုက်လေသည်။

ဆိုကရေးတီး အသက်စွန့်လွှတ်ခဲ့သော အချိန်၏ နောက်ပိုင်း တွင် လွတ်လပ်စွာဟောပြောခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ် လပ်စွာစည်းရုံးခွင့်အစရှိသော အခြေခံလူ့အခွင့်အရေးများကို ရရှိ အောင် ကမ္ဘာ့ရာဇဝင်တလျှောက်လုံးတွင် တိုက်ပွဲအမျိုးမျိုးများ ဆင်နွှဲ၍ အရယူခဲ့ကြလေသည်။

ပါလီမန်အတွင်း၌ပင်မလွတ်လပ်

ပါလီမန်နှင့် ဘုရင်တို့ အပြိုင်အဆိုင် အာဏာလုနေသော ခေတ်အခါက ပါလီမန်အပြင်ဖက်တွင်မဆိုထားဘိ၊ ပါလီမန်အတွင်း ၌ပင် ယခုခေတ်ကဲ့သို့လွတ်လွတ်လပ်လပ်ပြောဆိုခွင့်များမရရှိလေ။

အင်္ဂလိပ် ပါလီမန်တွင် ပဌမဆုံး လွှတ်တော်ဥက္ကဌအဖြစ် ခရစ်နှစ် ၁၅၂၃ ခုတွင် သောမတ်မိုးဆိုသူ ပုဂ္ဂိုလ်ကို ရွေးချယ်ခဲ့လေသည်။ သောမတ်မိုးသည် ပါလီမန်မစမီ ပါလီမန်တွင်း၌လွတ်လွတ်လပ်လပ် ပြောခွင့်ပြုပါရန်ဘုရင်မင်းမြတ်အားပန်ကြားရလေသည်၊ သို့ရာတွင် ထိုခေတ်အခါက ခိုင်ခိုင်မာမာ ခွင့်ပြုချက်များကားမရရှိခဲ့ကြလေ။

ဆာသောမတ်ယန်း၊ ဆာဂျွန်အလီယွတ်၊ ဒင်ဇီးဟိုလစ်၊ ဘင်ဂျာမင် ဗယ်လင်တိုင်း အစရှိသော ပါလီမန်အမတ်များသည် ပါလီမန်ထဲတွင် ဝေဖန်ပြောဟောမှုတို့ကြောင့် အစိုးရက ချုပ်နှောင်ခြင်း ဒဏ်ငွေ ရိုက်ခြင်းများကို ခံခဲ့ကြရလေသည်။ ထိုပုဂ္ဂိုလ်များကို အပြစ်မှကင်းလွတ်ရန် ပါလီမန်ကပင် ပြင်းပြင်းထန်ထန် အရေးဆိုကာ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြရလေသည်။

လိုင်စင်ရှိမှပုံနှိပ်နိုင်ပုံ

ပါလီမန် လွှတ်တော်အတွင်း၌ အမတ်များက ပြည်သူ့ အခွင့်အရေးများကို တိုက်ခိုက်ယူဆဲ အချိန်တွင် ပြည်သူအများကလည်း အပြင်မှ နေ၍ မိမိတို့ အခွင့်အရေးများကို တိုက်ခိုက်ယူကြရလေသည်။ လွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ အယူခံ ဝင်နိုင်ခွင့်များအတွက် တိုက်ခိုက်ကြသူများ အနက် ကွေကားအဖွဲ့ဝင်ဝီလျံပင်း၊ကင်တာဗာရီအရပ်မှဂိုဏ်းအုပ်ဘုန်းတော်ကြီးနှင့် အခြားဘုန်းတော်ကြီးခြောက်ဦး၊ သတင်းစာဆရာဝီခ်၊ အမတ် အက်မန်းဗတ်၊သောမတ်ပိန်းစသော ပုဂ္ဂိုလ်များသည် ရှေ့ဆောင်ပုဂ္ဂိုလ်များဖြစ်လေသည်။အင်္ဂလန်နိုင်ငံတွင်ပုံနှိပ်စက်များပေါ်စအချိန်က အကြောင်းအရာတခုခုကို ပုံနှိပ်ရိုက်ခေချန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။ ပုံနှိပ်တိုက်များကိုလည်း နေရာတိုင်းတွင် တည်ထောင်ခွင့်မပြုပေ။ ပုံနှိပ်ထုတ်ဝေမည် ဆိုလျှင်ရှေ့ဦးစွာလိုင်စင်ယူရလေသည်။လိုင်စင်မရှိဘဲထုတ်ဝေသူများကို ကြီးလေးသောဒဏ်ငွေများရိုက်လေသည်။

မဂ္ဂဇင်းဂျာနယ်နှင့် သာမန်စာအုပ်ကလေးများ ထုတ်ဝေရန်ကိုလည်း လိုင်စင်ယူရ၏။ ထိုမှတပါး ဆင်ဆာစံနစ်အရ စစ်ဆေးဖြတ်တောက်ခြင်းများကိုလည်း ခံရလေသည်။

မတရား တံဆိပ်တော်ခွန်

၁၆၉၃ ခုနှစ်တွင် ထိုဥပဒေများကို ပယ်ဖျက် လိုက်ပြန်သော်လည်း တံဆိပ်တော်ခွန်ဆိုသည့် ဥပဒေပေါ်လာပြန်သည်။ ဤဥပဒေအရ ထုတ်ဝေမည့်စာနယ်ဇင်းနှင့် သာမန်စာအုပ်ငယ်ကလေးများအပေါ်၌ကြီးလေးစွာ အခွန်ကောက်ခံပြန်သဖြင့် သွယ်ဝိုက်သောနည်းဖြင့် ရေးသားထုတ်ဝေသူတို့အား ဖိနှိပ်ရာ ရောက်လေသည်။

ပုံနှိပ်ထုတ်ဝေသူများနှင့်စာရေးသူများ ရင်ဆိုင်ရသောအခြားအခက်အခဲတခုရှိပြန်သေး၏။ ၎င်းအခက်အခဲမှာ အကြောင်းမှန်တခုကို အများပြည်သူအကျိုးအတွက် ရေးသား တင်ပြစေကာမူ အသရေဖျက်မှုဖြင့် တရားစွဲခံရခြင်း၊ အပြစ်ပေးခံရခြင်းတို့ဖြစ်၏။ ပြည်သူ့အကျိုးအတွက် ရေးသားဖော်ပြရာတွင် တစုံတယောက်အားမရည်ရွယ်ဘဲနှင့် ထိခိုက်နစ်နာစေသော်လည်း ရေးပိုင်ခွင့် ရှိသည်ဆိုသော အခွင့်အရေးမှာ နှစ်ပေါင်းများစွာ တိုက်ယူမှ ရရှိသောအခွင့်အရေးဖြစ်ပေသည်။

အမေရိကန်နိုင်ငံတွင် လွတ်လပ်စွာရေးသားခွင့်ရရှိရန်အတွက် တိုက်ခိုက်ယူရသော တိုက်ပွဲများအနက် အောက်ပါအဖြစ်အပျက်ကလေးမှာ မှတ်သားစရာကောင်းလှသည်။

ဘုရင်ခံဆိုး

၁၇၃၂ ခုနှစ်ခန့်ကနယူးယောက်ပြည်နယ်သို့ဝီလျံကော့စဘီဆိုသော အင်္ဂလိပ်ဘုရင်ခံတဦးရောက်ရှိလာသည်။ ၎င်းဘုရင်ခံသည် အလွန်ဆိုးသွမ်းသောပုဂ္ဂိုလ်ဖြစ်၏။ နယ်သူနယ်သားများထံမှအကြောင်းအမျိုးမျိုးပြ၍ငွေများကောက်ခံ၏။ ပုဂ္ဂိုလ်များကို အကြောင်းအမျိုးမျိုးရှာ၍ဖမ်းဆီး၏။ ထိုနောက် လာဘ်သပ်ပကာ ရရှိသောအခါမှလွှတ်၍ပစ်၏။ သူ့အလိုနှင့်ဆန့်ကျင်၍ တရားစီရင်သောတရားသူကြီးများကိုလည်းအလုပ်ဖြုတ်၍ပစ်၏။ ထိုအချိန်ကနယူးယောက်နယ်တွင် သတင်းစာတစောင်သာရှိလေသည်။ ၎င်းသတင်းစာသည် ဘုရင်ခံသဘောကျသောသတင်းများကိုသာရေးသားရလေသည်။

နောက်များမကြာမီ ပီတာဇင်းဂါးဆိုသူကြီးမှူးထုတ်ဝေသော နယူးယောက်သတင်းစဉ်ဆိုသော ဂျာနယ်တခု ပေါ်ပေါက်လာလေသည်။

ဖွင့်ချပြီ

တခါသော် ပီတာဇင်းဂါးသည် ဘုရင်ခံကော့စဘီ၏ အပြုအမူများကို ကာရန်စပ်ကလေးများဖြင့်ရေး၍ သူ့ဂျာနယ်တွင် ဖော်ပြလိုက်လေသည်။ ဘုရင်ခံကော့စဘီသည် ဆတ်ဆတ်ခါအောင် နာလှသဖြင့် နယူးယောက်ပြည်နယ်တွင် အစဉ်အလာ ဖွဲ့စည်းထားသော ဂျူရီလူကြီးအဖွဲ့အား ပီတာဇင်းဂါးကို တရားစွဲဆိုရန်တိုက်တွန်းလေသည်။ ဂျူရီလူကြီးများက သူတိုက်တွန်းသည့်အတိုင်းမစွဲသည့်အခါ ဇင်းဂါးကို သူ့အမိန့်ဖြင့်ဖမ်းပြီးနောက် ချုပ်နှောင် ထားလိုက်လေသည်။ ဇင်းဂါးအားလပေါင်းများစွာ ချုပ်နှောင်ထားပြီးမှ ရုံးတင်စစ်ဆေးလေသည်။

ဇင်းဂါးဖက်မှ နယူးယောက်ပြည်နယ်ရှိ အတော်ဆုံးရှေ့နေနှစ်ဦးကလိုက်ပါဆောင်ရွက်ကြသည်။ ထိုရှေ့နေများသည် တရားသူကြီးနှင့်အချေအတင်ပြောကြရာတွင် တရားသူကြီးကသူတို့အားမနှစ်မြို့သဖြင့် ရှေ့နေလိုက်ခွင့်လိုင်စင်ကိုပင် သိမ်းလိုက်လေသည်။ သို့အတွက် ဇင်းဂါးဖက်မှလိုက်ပါဆောင်ရွက်မည့်ရှေ့နေများ မရှိသလောက်ဖြစ်နေပေတော့သည်။

ရဲရင့်သောရှေ့နေနှင့်ရဲရင့်သောဂျူရီ

နောက်ဆုံးတွင် ဖိလဒယ်ဖီးယားနယ်မှ အသက်ရှစ်ဆယ်ခန့်ရှိ အင်ဒရူး ဟမ်မီလ်တန် ဆိုသူ ရှေ့နေကြီးက သူ့ဖက်မှ လိုက်ပါဆောင်ရွက်လေသည်။ ဟမ်မီလ်တန်က လွတ်လပ်စွာရေးသားခွင့်သည် လူတိုင်း လူတိုင်း၏ ရသင့်ရထိုက်သော အခွင့်အရေးဖြစ်နိုင်ကြောင်း၊ အမှန်ကိုရေးသားခြင်းသည် အသရေဖျက်မှု မဖြစ်နိုင်ကြောင်း၊ ဤကိစ္စသည် အချုပ်ခံနေရသော ဇင်းဂါးတဦးတည်းနှင့်သာဆိုင်သော ကိစ္စမဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံတွင်းရှိ လူတိုင်း လူတိုင်းနှင့် သက်ဆိုင်ကြောင်း။ ဂျူရီ လူကြီးများက အမှန်ကိုသာ ရဲရဲ ဝံ့ဝံ့ အဆုံး အဖြတ် ပေးကြပါ စသည်ဖြင့် လျှောက်လဲပြောဆိုလေသည်။

ဂျူရီလူကြီးများသည်မှန်ရာကို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက် ပေးရဲသူများဖြစ်သဖြင့် ဇင်းဂါးတွင် အပြစ်မရှိဟု တညီတညွတ်တည်းဆုံးဖြတ်ချက်ချမှတ်ကြလေသည်။ ဇင်းဂါးအား အပြစ်ပေးလိုသော တရားသူကြီးမှာလည်း မည်သို့မျှမတတ်နိုင်ဘဲ ရှိနေပေတော့သည်။

နိုင်ငံရေးပါရဂူကြီးများအမြင်

လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာဆွေးနွေးခွင့်၊ လွတ်

လပ်စွာဟောပြောခွင့်များနှင့် စပ်လျဉ်း၍ ထိုအခွင့်အရေးများကို တိုက်ယူရန် လှုံ့ဆော်သော စာအုပ်စာတမ်းများကို ဂျွန်လော့ခ်၊ ဗော့တဲယာ၊ ရူဆူး၊ သောမတ်ပိန်း၊ ဂျွန်စတူးဝပ် မီလ်စသောပုဂ္ဂိုလ်ကြီးများက ရေးသားခဲ့ကြပေသည်။

လောက၌ လူတိုင်းလူတိုင်းသည် အခြားသူ တစုံတယောက်အားမထိခိုက်စေသမျှကာလပတ်လုံး မိမိစိတ်ကြိုက်အတိုင်း ပြောနိုင်ခွင့်၊ ဆိုနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်များရှိသည်ဟု ထိုပုဂ္ဂိုလ်ကြီးများက တညီတညွတ်တည်းဆိုကြလေသည်။ မိမိစိတ်တွင်းမှ ဖြစ်ပေါ်ခံစားရသောအချက်ကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြသခွင့်ဆိုသည့်အခွင့်အရေးမှာ အမိဝမ်းမှ ကျွတ်စဉ်ကပင် ပါလာသော သဘာဝအခွင့်အရေးဖြစ်သည်ဟုလည်း ဆိုကြလေသည်။

လူ့ယဉ်ကျေးမှုအကျိုးပြုရန်

ယဉ်ကျေးသော လူ့အဆောက်အအုံ၊ လူ့အဖွဲ့အစည်းများတွင် လွတ်လပ်စွာပြောဆိုရေးသားခွင့်ရရှိရန် အထူးအရေးကြီးပေသည်။ ထိုအခွင့်အရေးမျိုးရှိမှသာ စာပေပညာများကို ပျော်ရွှင်စွာ လေ့လာနိုင်ခြင်း၊ ကြံဆနိုင်ခြင်း၊ တိုးတက် ဆန်းသစ်သော ပညာရပ်များကို ရှာဖွေစမ်းသပ်နိုင်ရန် လမ်းစဖွင့်ခြင်း စသော လူ့ယဉ်ကျေးမှုအကျိုးပြုလုပ်ငန်းများကိုလုပ်နိုင်ပေမည်။

ဒီမိုကရေစီ ဝါဒကို သက်ဝင် ယုံကြည်သော နိုင်ငံများတွင် လွတ်လပ်စွာရေးသားခြင်း ဟောပြောခြင်း အခွင့်အရေးများ ရရှိရန်အထူးအရေးကြီးပေသည်။ သို့မှသာလူထုကတင်မြှောက်ထားသောအစိုးရအဖွဲ့၏ လုပ်ငန်းများကိုဝေဖန်နိုင်ခြင်း၊ အုပ်ချုပ်ရေးဌာန၏ လုပ်ပုံကိုင်ပုံများကို ပါလီမန်နှင့်လူထုက မျက်ခြေမပြတ်

စောင့်ကြပ် ကြည့်ရှုနိုင်ခြင်း၊ အချိန်မီပြုပြင်လိုက ပြုပြင် နိုင်ခြင်းများကို ဆောင်ရွက်နိုင်ပေမည်။

ဒီမိုကရေစီဆိတ်သုဉ်းသောနိုင်ငံ

လွတ်လွတ်လပ်လပ်ပြောဆိုခွင့် မရှိ၊ ရေးသားခွင့် မရှိသောနိုင်ငံသည် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်း၏ အရိပ်လက္ခဏာကို ပြနေပေသည်။ ဂျာမနီနိုင်ငံတွင် ဟစ်တလား အစိုးရအာဏာရှိစဉ်ကငင်း၊ အီတလီ နိုင်ငံတွင် မူဆိုလိုနီအစိုးရအာဏာရှိနေစဉ်ကငင်း၊ ပြည်သူပြည်သားတို့မှာ လွတ်လပ်စွာပြောဆိုရေးသားခွင့်များမရရှိကြလဖြင့် မူလအခြေခံအခွင့်အရေးများ ဆုံးရှုံးခဲ့ရရှာလေသည်။ ထို့အတူမြန်မာနိုင်ငံတွင်ဂျပန်စစ်အစိုးရများအုပ်ချုပ်စဉ်ကလည်း လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်လုံးဝမရရှိခဲ့သည်ကိုလူတိုင်းအသိပင်ဖြစ်တော့သည်။

x x x x

၃။ လွတ်လပ်စွာစည်းဝေးခွင့်နှင့် စည်းရုံးခွင့်

လွတ်လပ်စွာဟောပြောခွင့် ရေးသားခွင့်များနှင့် အတူ လွတ်လပ်စွာအစည်းအဝေးကျင်းပခွင့် စည်းရုံးခွင့်များကို ရရှိရန်လည်း လိုပေသည်။ လွတ်လပ်စွာစည်းဝေးခွင့် ဆွေးနွေးခွင့်များရရှိခြင်းအားဖြင့် ပြည်သူလူထုသည်နိုင်ငံတွင်း၌ဖြစ်ပေါ်နေသောပြဿနာအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အမှားအမှန်ကိုဝေဖန် ဆုံးဖြတ်နိုင်လေသည်။ နိုင်ငံအစိုးရကလည်း ပြည်သူတို့၏ဆန္ဒကိုသိနိုင်ပေလိမ့်မည်။

ပါလီမန်နှင့် အုပ်ချုပ်သောနိုင်ငံများတွင် လူအများ စုပေါင်းဆွေးနွေးခြင်း၊ စည်းဝေးခြင်း စသော အခွင့်အရေးမျိုးရှိမှသာလျှင် ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီပေမည်။ မဲဆန္ဒ

ဒီမိုကရေစီ နိုင်ငံ၌ မဲဆန္ဒပေးခြင်းဖြင့်သာ အစိုးရကို လူထုက တင်မြှောက်ကြ၏။

ရှင်များသည် မိမိနယ်မှစေလွှတ်မည့်ကိုယ်စားလှယ်အား စုဝေါင်း အကြံဉာဏ်ပေးခြင်း၊ အများဆန္ဒအရ စေခိုင်းခြင်းများကို ပြု လုပ်နိုင်ပေသည်။ထို့အတူမိမိမဲဆန္ဒနယ်မှစေလွှတ်ထားသောကိုယ် စားလှယ်၏ဆောင်ရွက်ချက်များကိုဝေဖန်ဆွေးနွေးနိုင်ပေသည်။

အဖွဲ့အစည်းနှင့်နေတတ်သောသတ္တဝါ

လူသည်အဖွဲ့အစည်းနှင့် နေတတ်သောသတ္တဝါများ ဖြစ်သဖြင့်

ပင်ကိုယ်ဇာတိအားဖြင့် အသင်းအပင်းနှင့် နေထိုင်လိုသော ဆန္ဒ ရှိပေသည်။ထို့ကြောင့်အသင်းအပင်းဖွဲ့စည်းခြင်း- ပူးပေါင်းဆောင် ရွက်ခြင်းများကိုလူ့သမိုင်းတလျှောက်လုံးတွင် တွေ့နိုင်ပေသည်။

ထိုအစဉ်အလာကို လိုက်လျှောသောအားဖြင့် ယဉ်ကျေးသော နိုင်ငံတိုင်းတွင် အသင်းအပင်းများဖွဲ့စည်းခြင်း၊ လွတ်လပ်စွာ ဆွေး နွေးစည်းဝေးခြင်းများကိုခွင့်ပြုထားကြလေသည်၊ သိပ္ပံပညာများ တွန်းကားလာပြီးသည့်နောက် ကုန်ပစ္စည်းများကို စက်ရုံအလုပ်ရုံ များက ထုတ်လုပ် လာခဲ့သည့် အချိန်မှစ၍ အလုပ်သမား သမဂ္ဂ များ၊ စီးပွါးကုန်သွယ်ရေး အဖွဲ့အစည်းများသည် တင်ရှား လာ လေသည်။ ၁၈၂၅ ခုနှစ်၏ရှေ့ပိုင်းကမူ အလုပ်သမားသမဂ္ဂများကို တရားဝင်သော အသင်းများ အနေဖြင့် အသိအမှတ် မပြုခဲ့ကြ ချေ။

အခွင့်အရေးအပြည့်အဝပေးသောနိုင်ငံ

နိုင်ငံများစွာတို့သည် လွတ်လပ်စွာ ရေးသားခွင့် ဆွေးနွေးခွင့် လွတ်လပ်စွာ တွေးတော ကြံဆခွင့်စသော မူလအခွင့်အရေးများ ကို အရေးဆိုတိုက်ခိုက် ကြရာတွင် အင်္ဂလန် နိုင်ငံကို အတုယူ၍ ဆောင်ရွက်ကြလေသည်။ သို့သော်ငြားလည်း အင်္ဂလန်နိုင်ငံ အုပ် ချုပ်ရေး ဥပဒေများတွင် ထိုအခွင့်အရေးများကို ပေးပါမည်ဟု တလုံး တပါဒမျှ ထည့်သွင်းထားခြင်းမရှိပေ။ ဤသို့ ထည့်သွင်း ရေးသား ထားခြင်းမရှိသောကြောင့် ထိုနိုင်ငံသားတို့သည် အဆို ပါအခွင့်အရေးများဆုံးရှုံးနေပြီဟု မမှတ်ယူသင့်ပေ။အင်္ဂလန်နိုင်ငံ ၌ အုပ်ချုပ်ရေးဥပဒေများတွင် ထည့်သွင်း ရေးသားထားခြင်း မရှိ သော်လည်း ထုံးတမ်းအစဉ်အလာအားဖြင့်ရင်း၊ တရားရုံးတော် များ၏စီရင်ထုံးများကို အစဉ်တစိုက် လေးစား လိုက်နာခြင်းဖြင့်

ရင်း၊ နိုင်ငံသားတို့သည် လွတ်လပ်မှု မူလအခွင့်အရေးများကို ပြည့်ဝစွာ ခံစား ရရှိနိုင်ကြလေသည်။

သူတပါးကို မထိခိုက်စေရ

ထို့ကြောင့် ဒိုက်ဆီဆိုသူနိုင်ငံရေးပါရဂူကြီးက အင်္ဂလန် နိုင်ငံတွင်လူတစုံတယောက်သည် အခြားသူတဦး၏လုံခြုံမှုကိုရင်း၊လွတ်လပ်မှုကိုရင်း၊ ဂုဏ်ဒြပ်ကိုရင်း၊ မထိခိုက်သမျှ ကာလပတ်လုံး မိမိသဘောအတိုင်း ပြောနိုင် ရေးနိုင်သည်ဟု ဆိုခဲ့လေသည်။

အင်္ဂလန်နိုင်ငံတွင် အစိုးရကိုအကြည်ညိုပျက်စေရန် ရေးသားဟောပြောသောအမှုနှင့် အသရေဖျက်မှု၊ ရုန်းရင်းကြမ်းတမ်းစွာ ဟောပြောမှု စသည်များကို ဂျူရီလူကြီး ဆယ့်နှစ်ဦးနှင့်တိုင်ပင်၍ စစ်ဆေးလေ့ရှိသည်။ ဂျူရီလူကြီးများက အပြစ်ရှိသည်ဟု ဆိုမှ အပြစ်ပေးလေ့ရှိသည်။

ထို့ကြောင့် အင်္ဂလန်နိုင်ငံတွင် ပြောဆိုရေးသားမှု လွတ်လပ်ခွင့်နှင့်စပ်လျဉ်း၍ "လူတယောက်သည် အရပ်သား ၁၂-ဦးကအပြစ်ရှိသည်ဟု မယူဆလျှင် သူထင်သလို ပြောနိုင်ရေးနိုင်သည်" ဟူ၍ ပြောဆိုလေ့ရှိသည်။

ဘေးမဲ့ဥယျာဉ်တရားပွဲ

လူထုအစည်းအဝေးကျင်းပခွင့်ကိုလည်း အင်္ဂလန် နိုင်ငံ အုပ်ချုပ်ရေးဥပဒေများတွင် ရေးသားဖေါ်ပြထားခြင်း မရှိပေ။ သို့ရာတွင် အထက်ဖေါ်ပြခဲ့သည့်အတိုင်း တစုံတယောက်သည် လူတဦးတည်းအားရင်း၊ လူအများအားရင်း၊ မိမိ၏အခွင့်အရေးနှင့် အညီ ဟောပြောနိုင်လေသည်။

လန်ဒန်မြို့ ဟိုက်ပတ်ဥယျာဉ်မှဘေးမဲ့တရားပွဲများအကြောင်း

လန်ဒန်မြို့ဟိုက်ပတ်ဥယျာဉ်တွင်လွတ်လွတ်လပ်လပ် တရားဟောနေသောပုဂ္ဂိုလ်တဦး

ကို ကြားဘူးကြပေလိမ့်မည်။ ထိုဥယျာဉ်ထဲတွင် အားလပ်ရက်ရှိတိုင်း မိမိတို့ စိတ်တွင် ရှိသမျှကို ထုတ်ဖေါ်ဟောပြောနေသော တရားဟော ဆရာများကိုတွေ့ရပေမည်။ ထိုတရားပွဲများကိုအရွှန်းအသော တရားပွဲများဟုသာ သဘောထားသဖြင့် သာမန် နှုတ်လွန်မှုများကို တရားစွဲဆိုလေ့မရှိချေ။ မြန်မာနိုင်ငံတွင် သင်္ကြန်အတွင်း သံချပ်ထိုးပုံမျိုးနှင့်တူလှပေသည်။

ဟိုက်ပတ်ထဲတွင် ထိုမျှ လွတ်လွတ်လပ်လပ် တရားပွဲများကျင်းပခွင့် ရရှိနေသည်မှာလည်း ဥပဒေအရ သတ်မှတ်ပေးထားခြင်းမဟုတ်ပေ။ အစဉ်အလာတရပ် အနေဖြင့် ခွင့်လွှတ် ထားခြင်းဖြစ်သည်။ ထိုအစဉ်အလာ ပေါ်ပေါက်လာပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

လွန်ခဲ့သည့်နှစ်ပေါင်း ၉၀ ခန့် (၁၈၆၆-ခု) က အင်္ဂလန် နိုင်ငံ ပါလီမန်ကို ပြုပြင် ပြောင်းလဲလိုသော လူတစုရှိခဲ့၏။ ထိုသူတို့ကို ပြုပြင်ရေးသမားများဟု ခေါ်၍ သူတို့၏ အဖွဲ့အစည်းကို ပြုပြင်ရေးအဖွဲ့ဟုခေါ်၏။

ရဲနှင့် ပဋိပက္ခဖြစ်ခြင်း

တနေ့သ၌ ပြုပြင်ရေးအဖွဲ့ဝင်များသည် ဟိုက်ပတ်ဥယျာဉ်ကြီး အတွင်း၌ လူထုအစည်းအဝေးကြီး တခု ကျင်းပရန် ကြိုးစားလေသည်။ ထိုအခါရဲများက အစည်းအဝေး မကျင်းပနိုင်ရန် ဥယျာဉ် တံခါးများကို ပိတ်ထားလိုက်လေသည်။

အဖွဲ့ဝင်များသည် ဟိုက်ပတ်ဥယျာဉ်တွင် အစည်းအဝေးမလုပ်တော့ဘဲ ထရက်ဖလ်ဂါစကွဲယားခေါ် အခြားနေရာတခုသို့ သွားရောက်၍ အစည်းအဝေးကျင်းပကြလေသည်။ သို့ရာတွင် မကျေမနပ် ဖြစ်နေသောလူထုကြီးသည် ဟိုက်ပတ်ဥယျာဉ်၏တံခါးများ၊ ခြံစည်းရိုးများကို ချိုးဖဲ့ဖျက်ဆီးပစ်ကြလေသည်။

သို့ဖြင့် ရဲအဖွဲ့နှင့် လူထု ပဋိပက္ခ ဖြစ်ပွားကြရာ နှစ်ရက်မျှကြာလေသည်။ နောက်ဆုံး၌ ဆိုင်ရာ အာဏာပိုင်များက ဟိုက်ပတ်ဥယျာဉ်ထဲတွင်"ပြုပြင်ပြောင်းလဲရေးသမားတို့၏ သစ်ပင်" ဟု သစ်ပင်တပင်ကို သတ်မှတ်ပေးထားလေသည်။ ထိုသစ်ပင်၏ ဂိုက်လေးဆယ်ပတ်လည်တွင် လွတ်လွတ်လပ်လပ် ပြောဆိုခွင့်ကို ပေးထားလေသည်။

ဥယျာဉ် တရားပွဲများကို ထိုအပင်ရိပ်မှ တဖြည်းဖြည်းနေရာ တိုးချဲ့ပြောင်းရွှေ့လာခဲ့ကြရာယခုအခါ၌မူကားဟိုက်ပတ်ဥယျာဉ် တခုလုံးနေရာ အနှံ့အပြား ဥပင် ဟောပြောလျက် ရှိကြပေသည်။

စီတန်းလမ်းလျှောက်ခွင့်

စီတန်းလမ်းလျှောက်ခြင်းနှင့် ပတ်သက်၍လည်း မတရား အစည်းအဝေးမျိုးမဟုတ်လျှင် သာမန်အားဖြင့် မင်းလမ်းမများပေါ်တွင် စီတန်း လမ်းလျှောက်ခွင့် ရှိပေသည်။

တရားသော ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်သည့် စီတန်းလှည့်လည်ပွဲကို အာဏာပိုင်များက ပိတ်ပင်ခွင့်မရှိချေ။ ဤကိစ္စနှင့် ပတ်သက်၍ မှတ်သားဖွယ်ကောင်းသော ၁၈၈၂ခုနှစ်စီရင်ထုံးတခုကို တင်ပြလိုပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့် (မြန်မာနိုင်ငံတွင် သီဘောမင်း ပါလါနိုးနှစ်) တွင် အင်္ဂလန်ပြည်၌ ကယ်တင်ခြင်းတပ်ခေါ် သာသနာပြုတပ်ဖွဲ့တဖွဲ့သည် တရားဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိဘဲ စီတန်းလှည့်လည်ပွဲ တခုကို ကျင်းပလေသည်။ ထိုအဖွဲ့နှင့် ဆန့်ကျင်ဖက်ဖြစ်သော စကယ်လတန်စစ်တပ်(ဝါ)အရိုးစုစစ်တပ်ဟုနာမည်ယူထားသည့် အတိုက်အခံအဖွဲ့သည် ကယ်တင်ခြင်းတပ် လှည့်လည်တိုင်း လိုက်၍ လှည့်လည်ပြီးလျှင် အနှောင့်အယှက် ပေးလေ့ရှိ၏။

ယခုအကြိမ်တွင် အရိုးစု တပ်အဖွဲ့က မုချအမှန် အနှောင့်အယှက်ပြုမည်ဖြစ်သဖြင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေးကို ထိခိုက်လိမ့်မည်ဟု ရဲအရာရှိများနှင့် သူကောင်းပြု တရားသူကြီးများက ယူဆလေသည်၊ထို့ကြောင့် ကယ်တင်ခြင်းတပ်ဖွဲ့ကို စီတန်း လှည့်လည်ခြင်း မပြုရန် ဟန့်တားလေသည်။ ထိုအမိန့်ကို မနာခံသဖြင့် ကယ်တင်ခြင်းတပ်မှ ခေါင်းဆောင်တဦးဖြစ်သူ ဗီတီအား ဖမ်းဆီးချုပ်နှောင်လိုက်လေသည်။

ဗီတီက အထက်ရုံးတွင် အယူခံ ဝင်လေရာ အထက်ရုံးတော်က အမိန့်ချမှတ်သည်မှာ ကယ်တင်ခြင်းတပ်သည် တရားဥပဒေဘောင်

တွင်းမှနေ၍ ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် စုရုံးလှုပ်ရှားခွင့်ရှိသည်။ တရားသဖြင့် စုရုံး လှုပ်ရှားသော အဖွဲ့ကို မတရားသောရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်ဆီးမည့် အခြား အဖွဲ့ကို အကြောင်းပြု၍ ပိတ်ပင်ခြင်းငှါ မသင့်ဟု စီရင်ချက် ချမှတ်ခဲ့လေသည်။

ရန်ကုန်ပုလိပ်မင်းကြီးနှင့် ပုဒ်မ ၁၄၄

၁၉၃၉ ခုနှစ် တချိန်က ရန်ကုန် ပုလိပ်မင်းကြီးသည် မြို့တွင်း၌ ပုဒ်မ ၁၄၄ အရ စီတန်းလှည့်လည်ခြင်းများ မပြုရဟူသောအမိန့်ထုတ်လေသည်။ ငြိမ်ဝပ် ပိပြားရေးကို ဖျက်ဆီးမည့် အရိပ် နိမိတ် လက္ခဏာများ မရှိပါဘဲလျက် ထိုအမိန့်ကို ထုတ်ရပါမည်လောဟု သခင်အောင်ဗလ ဆိုသူက ရန်ကုန် ပုလိပ်မင်းကြီးကို တရားစွဲလေသည်။ ထိုအမှုတွင် ရန်ကုန် အရေးပိုင်က သခင် အောင်ဗလအား အနိုင်ပေးခဲ့ဘူး၏။

အမေရိကန်နိုင်ငံ အုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပြည်သူလူထု၏ မူလအခွင့်အရေးများကို အာမခံ ထားရှိမှုမှာ အမေရိကန် ကွန်ဂရက်(လွှတ်တော်)သည်နိုင်ငံတော်သူနိုင်ငံတော်သားများ၏ မူလ အခွင့်အရေး ဆုံးရှုံးစေသော ဥပဒေများ မပြုလုပ်ရဟု အတိအလင်း ထည့်သွင်း ရေးထားလေသည်။

x x x x

၄။ လွတ်လပ်စွာ တရားစီရင်ခွင့်

နိုင်ငံ တနိုင်ငံတွင် ပြည်သူလူထုတို့ မည်မျှ လွတ်လပ်ခွင့်ရှိသည်ကို ထိုနိုင်ငံရှိ တရား ရုံးတော်များ မည်မျှ လွတ်လပ်သည် မလွတ်လပ်သည်ကိုအကဲခတ်ခြင်းဖြင့် သိနိုင်ပေသည်။ ထို့ကြောင့်

နိုင်ငံသားများသည် ဒီမိုကရေစီအခွင့်အရေးများ ပြည့်ပြည့်ဝဝ ခံစားနိုင်ရန်နှင့် မူလအခွင့် အရေးများ ပြည့်ပြည့်ဝဝ ရရှိနိုင်ရန်မှာ လွတ်လပ်သောတရားရုံးတော်များ၊ လွတ်လပ်စွာတရားစီရင်မှုများရှိရန်လိုပေသည်။

လွတ်လပ်သော တရားရုံးတော်များ ပေါ်ပေါက်လာသည်မှာလည်း နေ့ချင်းညချင်း ပေါ်ပေါက်လာသော ကိစ္စ မဟုတ်ပေ။ နှစ်ပေါင်း များစွာ အသက်ပေါင်းများစွာ အဆုံးခံ၍ တိုက်ယူခဲ့ရသော ကိစ္စဖြစ်၏။ လွတ်လပ်သော တရားစီရင်မှုရရှိရန် တိုက်ယူရသော အဖြစ်အပျက်များသည် ပါလီမန် ဒီမိုကရေစီ နိုင်ငံဖြစ်အောင် တိုက်ယူရသောအဖြစ်အပျက်များနှင့် ဆက်စပ်လျက်ရှိပေသည်။ တနည်းအားဖြင့် ဆိုလျှင် သက်ဦးဆံပိုင် ဘုရင်စံနစ်မှ လူထုလက်တွင်းသို့ အာဏာ သက်ဆင်းလာသော စံနစ်သို့ရောက်အောင် တိုက်ယူရသော ရာဇဝင် အဖြစ်အပျက်ပင် ဖြစ်ပေသည်။

သက်ဦးဆံပိုင် မင်းများ၏ တချက်လွှတ် တန်ခိုး အာဏာကို ဟုတ်လျော့ပျောက်ကွယ်သွားအောင် ကြိုးစား ဆောင်ရွက်ခဲ့ကြသောနိုင်ငံများအနက်ပါလီမန်တို့၏မိခင်ကြီးဟုခေါ် ဆိုသမုတ်အပ်သော ဗြိတိသျှပါလီမန်ကြီး ဖြစ်ပေါ်ထွန်းကားလာပုံ အကြောင်းမှာ စိတ်ဝင်စားဘွယ်ရာဖြစ်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း တထောင်ခန့်က အင်္ဂလိပ်နိုင်ငံရှိ ဘုရင်များသည် သက်ဦးဆံပိုင် ဘုရင်များပင်ဖြစ်၏။ သို့သော်ထိုဘုရင်များသည် နိုင်ငံတော်ကာကွယ်ရေး၊အခွန်အတုတ် ကောက်ခံရေးကိစ္စများကိုမြို့စားနယ်စားကြီးများပါဝင်သောမဟာကောင်စီအဖွဲ့ကြီးနှင့် တိုင်ပင်မြဲဖြစ်လေသည်။

ဂျွန်ဘုရင်လက်ထက်သို့ ရောက်သောအခါ ဂျွန်သည်ထိုအစဉ်

အလာကို ဖျက်ခဲ့လေသည်။ ဂျွန်ဘုရင်သည် မဟာ ကောင်စီနှင့် မတိုင်ပင်ဘဲ အခွန်အတုတ် များကို ကောက်ချင်သလို ကောက်ယူသည်၊ တိုင်းသူ ပြည်သားများ အပေါ်တွင် ရက်စက်စွာပြုမူသည်။ အပြစ်မရှိသူများကိုဖမ်းဆီးချုပ်နှောင်သည်။ ကာလကြာလတ်သော် တိုင်းသူပြည်သားများနှင့်တကွ မြို့စား နယ်စားကြီးများပါ မခံမရပ်နိုင်ဖြစ်လာလေသည်။

မဟာစာချုပ်ကြီး

ထိုအချိန်က တောသူတောင်သားတို့မှာ ယခုခေတ် အခါကဲ့သို့ ဆူပူကန့်ကွက်ခြင်း၊ အင်အားပြခြင်း၊ ခေါင်းဆောင် ခြင်းများ ပြုလုပ်ရသော အချိန်မဟုတ်ပေ။ ဘုရင်နှင့်အတိုက်အခံ ပြုရဲသူတို့မှာ မြို့စားနယ်စားကြီးများသာဖြစ်၏။ တခါသော်နယ်စားကြီးများသည် ရှေးတိုင်ပင်ကြပြီးနောက် မိမိတို့အကျိုးစီးပွားတိုင်းသူပြည်သားတို့၏ အကျိုးစီးပွားတို့ကို ကာကွယ်ပေးနိုင်သည့်အချက်အလက်များပါဝင်သော တောင်းခံလွှာကြီးတစောင်ကို ရေးသား၍ ဂျွန်ဘုရင်ထံသို့ တင်ပြလေသည်။

ဂျွန်ဘုရင်သည် ထိုစာလွှာကို ဖတ်ရှုပြီးနောက် "ငါ့သရဖူကိုပါ တောင်းကြပါလား" ဟု ပြက်ရယ်ပင်ပြုလိုက်သေးသည်။ ထိုနောက် နယ်စားတို့၏တောင်းခံလွှာကိုဂရုမစိုက်ဘဲ ရာနီမိတ်အရပ်သို့တွက်ခွါသွားလေသည်။ နယ်စားကြီးများလည်း လက်နက် လူသူ စုရုံးပြီးလျှင်ဂျွန်ဘုရင်နောက်သို့လိုက်ကြလေသည်။ ဂျွန်ဘုရင်နှင့်တွေ့ဆုံသောအခါ ရွာစားကြီးများက မိမိတို့တောင်းဆိုချက် များကို မပေးလျှင် လက်ရုံးအားကိုး ပြုရပါလိမ့်မည်ဟု ခြိမ်းခြောက်လေသည်။ ဂျွန်သည်ဒေါသလည်းဖြစ်၏။ နယ်စားကြီးများ၏လက်ရုံးအားကိုလည်းရှုံ၏။ ထို့ကြောင့် နယ်စားကြီးများ၏ တောင်းခံ

မဂ္ဂနာကာတာခေါ် မဟာစာချုပ်ကြီးပေါ်တွင်
ဂျွန်ဘုရင်လက်မှတ်ရေးထိုးနေပုံ

လွှာအပေါ်တွင် တောင်းဆိုချက်များကို ပေးပါမည်ဝန်ခံ၍ လက်မှတ်ရေးထိုးထားဆိပ်ခတ်နှိပ်ရလေသည်။

နယ်စားကြီးများ၏ တောင်းခံလွှာကို "မဂ္ဂနာကာတာ"ဟု ခေါ်သည်။ မဟာစာချုပ်ကြီးဟု အမည်ပွါယ် ရလေသည်။ မဟာစာချုပ်ကြီးတွင်ပါဝင်သော အချို့အချက်အလက်များမှာ....

(၁) နယ်စား ကောင်စီအဖွဲ့၏ သဘော တူညီချက် မရဘဲ အခွန်မကောက်ရန်။

(၂) လူတစ်စုံတယောက်အား နိုင်ငံအတွင်း တည်ဆဲဥပဒေများအရမဟုတ်ဘဲ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ မြေပေါ်မှ နှင်ထုတ်ခြင်း၊ နယ်နှင်ခြင်း၊ ညှဉ်းပန်းခြင်းစသော အပြုအမူမျိုးမပြုလုပ်ရန်။

(၃) မြို့ဝန်များ၊ ရဲအရာရှိများနှင့် အခြားအရာရှိများသည် ဘုရင်၏ အမိန့်အာဏာကို အလွဲသုံးစား မပြုလုပ်ရန်။

(၄) တရား ဆုံးဖြတ်ရာတွင် မှန်ကန်မှုကိုရရှိစေရန် လာဘ်ပေး လာဘ်ယူကိစ္စ၊ အဂတိ လိုက်စားခြင်း ကိစ္စ၊ နှေးကန့်ခြင်း စသောကိစ္စများကို ပယ်ရှားပစ်ရန် စသည်တို့ဖြစ်၏။

မဂ္ဂနာကာတာပါ အချက်အလက်များသည် ဗြိတိသျှနိုင်ငံအား တမုဟုတ်ခြင်း ဒီမိုကရေစီနိုင်ငံအဖြစ်သို့ မပြောင်းလဲစေနိုင်ခဲ့သော်လည်း လူထုလက်ဝယ်သို့ အာဏာ အသင့်အတင့်ရောက်ရှိလာပြီးလျှင် ဘုရင်၏အခွင့်အာဏာများကို ကျဉ်းမြောင်းအောင် လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

မဟာစာချုပ်ကြီးတွင် ပါရှိသော နယ်စား ကောင်စီ အဖွဲ့၏ သဘောတူညီချက်ကိုမရဘဲ အခွန် မကောက်ရ ဆိုသော အချက်သည် နောင်အခါ၌ ပြည်သူတို့၏ဆန္ဒမရဘဲ အခွန် မကောက်နိုင် ဆိုသော အချက်ဖြစ်လာသည်။ တရားဥပဒေများအရမဟုတ်ဘဲ

ဖမ်းဆီးခြင်း၊ ထောင်ချခြင်း မပြုလုပ်ရ ဆိုသော အချက်သည် နောင်အခါ၌ လူတိုင်း လူတိုင်း ဥပဒေအရာတွင် အခွင့် အရေး အညီအမျှ ရရမည်ဆိုသော အချက်ဖြစ်လာသည်။ အဖြစ်အထိုက် အလျောက်သာ စီရင်ရန် ဆိုသောအချက်သည် နောင်အခါ၌ ပေါ်သွင်း စာချွန်နှင့် ဂျူရီလူကြီးများကို တိုင်ပင်၍ ဆုံးဖြတ်သော စံနစ်များ၏ လမ်းစ ဖြစ်လာလေသည်။ အင်္ဂလန်ပြည်သူ လူထုသည် ဘုရင် အဆက်ဆက်အား မဟာ စာချုပ်ကြီးကို အသိအမှတ် ပြုခိုင်းလာခဲ့သည်မှာ ၃၇ ကြိမ်တိုင်တိုင်ရှိခဲ့ချေပြီ။

လျစ်လျူရှုမြန်ပြီ

ဂျွန်ဘုရင် နတ်ရွာစံပြီးနောက် အင်္ဂလန်ပြည်တွင် သားတော် တတိယမြောက် ဟင်နရီဘုရင် နန်းတက် လာသောအခါ မဟာစာချုပ်ကြီးပါ အချက်အလက်များကို လျစ်လျူရှုထားမြန်သဖြင့် ဘုရင်နှင့်နယ်စားများလက်နက်ချင်းပြိုင်၍တိုက်ခိုက်ခဲ့ရပြန်သည်။ နောက်ဆုံးတွင် ဘုရင်က အလျော့ပေးပြီးလျှင် ကောင်စီ အစည်း အဝေးကြီးကို ခေါ်ခွင့်ပြုလေသည်။ ထိုကောင်စီသို့ မြို့စား၊ နယ်စားဂိုဏ်းအုပ် ဘုန်းကြီးများသာမက သာမန်အရပ်သားကိုယ်စားလှယ်များလည်းတက်ရောက်ခွင့်ရလေသည်၊ ထိုကောင်စီအစည်းအဝေးကြီးကို ဝက်စမင်စတာခန်းမဆောင်ကြီး၌ ကျင်းပလေသည်။ ထိုအချိန်မှစ၍ မဟာကောင်စီကို ပါလီမန်ဟု ခေါ်မှတ်ပြုလာလေသည်။

ပါလီမန်ကြီး ပေါ်ပေါက်လာခြေား သော်လည်း ဘုရင်တိုင်းသည် ပါလီမန်နှင့်တိုင်ပင်၍ ပါလီမန်၏ ဆုံးဖြတ်ချက်ကို လိုက်နာခဲ့ကြသည်မဟုတ်ချေ။ အချို့ဘုရင်များသည် အခွင့်သာလျှင်သာ

သည့်အတိုင်း ပါလီမန်ကိုလျစ်လျူပြုကာ မိမိသဘောအတိုင်းအာဏာကို သုံးလေ့ရှိသည်။ ထိုသို့ အာဏာကို အလွဲသုံးစားပြုသော မင်းများအနက် ပဋ္ဌမမြောက် ချားဘုရင်လည်း တပါး အပါအဝင်ဖြစ်၏။

ချားဘုရင် လက်ထက်၌ အင်္ဂလန် နိုင်ငံသည် စပိန်နိုင်ငံနှင့် စစ်ဖြစ်သဖြင့် ငွေလိုလာ၏။ ငွေလိုသဖြင့် အခွန်တော်သစ် ထပ်၍ ကောက်ခံနိုင်ရန် ပါလီမန်ကို ဆင့်ခေါ် ရလေသည်။ ပါလီမန်က အခွန်အသစ်ကောက်ရန် ကိစ္စကို မစဉ်းစားဘဲ ထားလိုက်သဖြင့် ချားဘုရင်သည် မခံမရပ်နိုင်ဖြစ်သွားလေသည်။ ထိုနောက်ပြည်သူများထံမှ အတင်းအကြပ် ငွေချေးယူရန် ကြံစည်ပြန်လေသည်။

ချားဘုရင်သည် မိမိ၏ သဘောအတိုင်း အရာရှိများကိုခန့်အပ်၍ ငွေချေးရန် လွှတ်လေသည်။ ငွေချေးရန် ငြင်းဆန်သူများကို ထောင်သို့ သွင်း၍ ထားလိုက်လေသည်။ ထောင်သွင်း အကျဉ်းထားခံရသူများ အနက် ဆာသောမတ်ဒါးနယ်ဆိုသူနှင့် အခြားသူရဲကောင်းတွဲ့ရ ပုဂ္ဂိုလ်ခလေးဦးလည်းပါရှိလေသည်။

ဆာဒါးနယ်က မိမိ၏ရှေ့နေမှတဆင့် ရှေ့တော်သွင်းစာချွန်ကို လျှောက်ထားလိုက်သည်။ တရားရုံးတော်တွင် အမှုဆိုင်သည့်အခါ အစိုးရရှေ့နေချုပ်ကြီးက ဆာဒါးနယ်ကို ဘုရင်မင်းမြတ်၏ အထူးအမိန့်တော်ဖြင့် ချုပ်နှောင်ထားသဖြင့် အဘယ်အကြောင်းကြောင့် ချုပ်နှောင်ထားသည်ဟု ပြောရန် မလိုပါဟု လျှောက်လဲလေသည်။ ဆာဒါးနယ် ၏ ရှေ့နေက ထိုလျှောက်လဲချက်မှာ အဓိပ္ပါယ် မရှိကြောင်း၊ ဘုရင်အဆက်ဆက် လိုက်နာကျင့်သုံးရမည့် မဟာ စာချုပ်ကြီးနှင့် ဆင့်ကျင် နေကြောင်း ချေပလေသည်။

သို့ရာတွင် အဆုံးအဖြတ်ပေးမည့် တရားသူကြီးက ဘုရင်အလိုတော်အတိုင်း ဆာဒါးနယ်နှင့် အခြား ပုဂ္ဂိုလ်လေးဦးတို့ကိုချုပ်မြဲချုပ်နှောင်ထားရန်အမိန့်ချမှတ်လေသည်။

ပါလီမန်အစည်းအဝေးကျင်းပသောအခါ ထိုကိစ္စကိုပြင်းပြင်းထန်ထန် အရေးယူကြလေသည်။ မတရား ချုပ်နှောင်မှုကိုငင်း၊ ရုံးတော်မှစီရင်ခံချက်ကိုငင်း၊ရှုတ်ချသောဆုံးဖြတ်ချက်များချမှတ်ကြလေသည်။ ထိုမျှမကသေး၊ ၎င်းကိစ္စကိုအောက်လွှတ်တော်နှင့် အထက်လွှတ်တော် ပူးပေါင်း၍ ဆွေးနွေးကြပြန်လေသည်။ ထိုလွှတ်တော်နှစ်ရပ်ပူးပေါင်း ဆွေးနွေးသော အစည်းအဝေးကြီးက "အခွင့်အရေးတောင်းခံလွှာ" ဆိုသော လျှောက်လွှာ တစောင်ကို ရေးသား၍ ဘုရင့်ထံသို့ တင်ပြကြလေသည်။

အခွင့်အရေးတောင်းခံလွှာ

ခရစ်နှစ် ၁၆၂၈-ခုနှစ်တွင် ရေးဆွဲတင်ပြသည့် အင်္ဂလိပ်သမိုင်းတွင် "၁၆၂၈ ခုနှစ် အခွင့်အရေး တောင်းခံလွှာ" ဟု ထင်ရှားလေသည်။ အဆိုပါအခွင့်အရေးတောင်းခံလွှာတွင်ပါသည့် အရေးကြီးသော အချက်များမှာ....

(၁) ပါလီမန်မှ ဆုံးဖြတ်အတည်ပြုထားသော ဥပဒေ အရမဟုတ်ဘဲ၊မည်သူတစုံတယောက်ထံမှ တံစိုးလက်ဆောင် တောင်းခြင်း၊ ငွေကြေးချေးငှါးခြင်း၊ အခွန်တော် တောင်းခံခြင်း များကို အတင်းအကြပ်မပြုရ။

(၂) မည်သူ တစုံတယောက်ကိုမျှ မဟာ စာချုပ်ကြီးနှင့် ဆန့်ကျင်၍၎င်း၊ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်၍ ဖမ်းဆီး၍၎င်း၊ တရားစစ်ဆေးခြင်းမပြုဘဲနှင့်၎င်း၊ သေဒဏ် ပေးခြင်း၊ ညှဉ်းပန်းခြင်း၊ ချုပ်နှောင်ခြင်း၊ ထောင်ချခြင်းများမပြုလုပ်ရ။

(၃) ဘုရင်က ခန့်ထားစေလွှတ်သောအရာရှိများသည် စစ်

ပါလီမန်သဘောတူညီမှုမပါသော အခွန်တော်ကိုမပေးဟု ငြင်းဆန်ခဲ့သူဂျွန်ဟမ်ဒင်

အတွင်း၌ စစ်တပ်များကသုံးသော အားကာမျိုးကို အသုံးမပြုရစသည်တို့ဖြစ်လေသည်။

ချားဘုရင်သည် နောက်ဆုံး၌ ပါလီမန် နှစ်ရပ်မှ တင်ပြသော အခွင့်အရေးတောင်းခံလွှာကို လက်ခံရလေသည်။

သို့သော် နောက်တကြိမ်တွင်ပါလီမန်၏ သဘောတူညီချက်ကို မရဘဲနှင့် အခွန်တော်ကောက်ခံပြန်လေသည်။ ယခု အကြိမ်တွင် ဟမ်ဒင်ဆိုသူက ပါလီမန်ဆုံးဖြတ်ချက်မရှိသော အခွန်ငွေခြောက်သျှီလင် (မြန်မာငွေလေးကျပ်ခန့်)ကိုမပေးဟု ငြင်းဆိုပြန်သဖြင့် ထောင်သွင်းအကျဉ်းချထားပြန်သည်။ ဤကိစ္စကိုလည်း ပါလီမန်က ပြင်းပြင်းထန်ထန်အရေးယူသဖြင့် ဟမ်ဒင်ကို လွှတ်ပစ်ရလေသည်။

ဘုရင်တဖက် ပါလီမန်တဖက်

ချားဘုရင်သည် ပါလီမန်နှင့်အကြိမ်ကြိမ် ပဋိပက္ခဖြစ်ခဲ့လေရာ တခါသော် ပါလီမန်ခေါင်းဆောင်များကိုလက်နက်နှင့်နှိမ်နင်းရန် ရည်ရွယ်ချက်ဖြင့် ပါလီမန်ထဲသို့ မိမိကိုယ်တိုင်စစ်တပ်ငယ်တခုကို ခေါင်းဆောင်၍ဝင်လေသည်။ ထိုအချိန်ကပါလီမန်ခေါင်းဆောင်များလည်း တိမ်းရှောင်၍နေသဖြင့် မတွေ့လေ။

ဘုရင်၏အပြုအမူကို လွှတ်တော်အမတ်များနှင့်တကွ တိုင်းသူပြည်သားများကပါ ပြစ်တင်ရှုတ်ချကြလေသည်။

ထိုအချိန်မှစ၍ ဘုရင်က တဖက်၊ ပါလီမန်ကတဖက် လူသူစုဆောင်းကာ လက်နက်ကိုင်တိုက်ပွဲကြီးများ ဆင်နွှဲကြလေသည်။ နောက်ဆုံးတွင်ချားဘုရင်မှာပါလီမန်ဘက်တော်သားများ၏ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံရပြီးနောက် နိုင်ငံတော် သစ္စာ ဖောက်မှုဖြင့် အဆုံးစီရင်ခြင်းခံရလေသည်။

ဤသို့အားဖြင့် ရာဇဝင်တလျှောက်တွင်ဘုရင်နှင့်ပါလီမန်တို့ အကြိမ်ကြိမ် တိုက်ပွဲများဆင်နွှဲခဲ့ကြရလေသည်။

၁၆၈၈ ခုနှစ်သို့ရောက်ရှိလာသောအခါ ပါလီမန်သည်တန်ခိုးအာဏာကြီးမား၍ လာခဲ့လေသည်။ ထိုပါလီမန်သည် ဒုတိယ ဂျိမ်းဘုရင်ကို နန်းစွန့်ခိုင်းပြီးလျှင် သူ၏သမီးနှင့် သမက် မေရီနှင့်ဝီလျံတို့ကိုတွဲဖက်၍ နန်းတင်ပေးလိုက်လေသည်။

ဝီလျံမှာပါလီမန်ကတင်မြှောက်သော ဘုရင်ဖြစ်သဖြင့်ပါလီမန်အလိုကျဆောင်ရွက်ရလေသည်။ ထို့ကြောင့် ပါလီမန်သည် တိုင်းသူပြည်သားတို့၏ အခွင့်အရေးများကို ကာကွယ်ပေးသော ဥပဒေများကို ပြုလေသည်။ ၁၆၈၉ ခုနှစ်တွင် "ပြည်သူ့ အခွင့်အရေးဥပဒေ" ကို အတည်ပြုခဲ့လေသည်။

ထိုဥပဒေတွင် ပြဋ္ဌာန်းထားသော အရေးကြီးသော အချက်များမှာ....

(၁) ဘုရင် မင်းမြတ်သည် ပါလီမန်၏ခွင့်ပြုချက်မရဘဲတည်ဆဲဥပဒေများကိုမဖျက်သိမ်းရန်။

(၂) ပါလီမန် သဘောတူချက် မရဘဲ အခွန်တော် မစည်းကြပ်ရန်။

(၃) ပါလီမန်၏သဘောတူညီချက်ကို မရရှိဘဲ စစ်အတွင်းမဟုတ်လျှင် အမြဲတန်းစစ်တပ်မထားရန်။

(၄) ပါလီမန်အမတ်များကိုလွတ်လွတ်လပ်လပ်ရွေးကောက်တင်မြှောက်ခွင့်ရရန်နှင့် အမတ်များ လွှတ်တော်ထဲတွင် ပြောဆိုဆွေးနွေးချက်များကို အကြောင်းပြု၍ တရား စွဲဆိုခြင်းမှ ကင်းလွတ်ရန်။

(၅) တိုင်းသူပြည်သားများသည် မိမိတို့ မကျေမနပ်သည့်ကိစ္စများနှင့် စပ်လျဉ်း၍ဘုရင့်ထံသို့ အခါမရွေး လျှောက်လွှာတင်ခွင့်ပြုရန်။

(၆) တစုံ တယောက်အား ရုံးတော်မှ စစ်ဆေး အပြစ်ပေးခြင်း မခံရမီ ထိုသူအား ဒဏ်ငွေ ရိုက်စေခြင်း၊ သူ၏ပစ္စည်းကို သိမ်းယူခြင်းများ မပြုလုပ်ရန် စသည်တို့ဖြစ်ပေသည်။

ပါလီမန်စံနစ် အမြစ်တွယ်လာပုံ

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ပြည်သူလူထု လက်ထဲသို့ အာဏာများတဖြည်းဖြည်းရောက်ရှိလာပြီးလျှင် ပါလီမန်စံနစ်ကြီး ခိုင်မြဲလာခဲ့လေသည်၊ပါလီမန်စံနစ်ကြီးခိုင်မြဲလာသောအခါမှလွတ်လပ်သောတရားရုံးတော်များလည်းပေါ်ပေါက်လာခဲ့လေသည်။

ပါလီမန်ဒီမိုကရေစီနိုင်ငံများတွင် ဥပဒေပြုလွှတ်တော်၊ (ပါလီမန်)အုပ်ချုပ်ရေးဌာန၊ တရားဌာနဟူ၍မဏ္ဍိုင်ကြီးသုံးခုရှိပေရာ၊ ဌာနတခုက အခြားဌာနတခုကို အာဏာလွှမ်းမိုးခြင်းမရှိစေရပေ။ အထူးသဖြင့် တရားဌာနသည် ဥပဒေပြုဌာန၊အုပ်ချုပ်ရေးဌာနတို့၏ ဩဇာလွှမ်းမိုးခြင်းမှ ကင်းလွတ်ရန် လိုပေသည်။

ထို့ကြောင့် တရားလွှတ်တော် တရားဝန်ကြီးများကိုခန့်အပ်ရာတွင်အုပ်ချုပ်ရေးဌာန၏ ဩဇာလွှမ်းမိုးခြင်းမှ ကင်းနိုင်သမျှကင်းဝေးစေရန် ဥပဒေများတွင် ပြဋ္ဌာန်းထားလေသည်။

လွတ်လပ်သော တရားဝန်ကြီး

ဥပမာအားဖြင့်တရားဝန်ကြီး၏လစာကိုသူ့ဆန္ဒအတိုင်းမဟုတ်လျှင် မပြင်ဆင်နိုင်ခြင်း၊ အကြောင်းမဲ့သက်သက် မထုတ်ပယ်နိုင်ခြင်း၊ တရားစွဲဆိုခွင့် မရှိခြင်းစသောအခွင့်အရေးများ အပ်နှင်း၍ ခန့်လေ့ရှိပေသည်။

တရားဝန်ကြီးများသည် တရားစီရင်ပေးရုံမျှမက နိုင်ငံတော် အခြေခံဥပဒေနှင့် စပ်လျဉ်း၍ ဝိဝါဒကွဲပြားလာခဲ့သော် ဆိုလိုရင်းကို အဓိပ္ပါယ် ဖွင့်ပေးရလေသည်။ နိုင်ငံတနိုင်ငံ၏ အထွတ်အထိပ် ဖြစ်သော ဘုရင် သို့မဟုတ် သမတများ၏ ကြေညာစာတမ်းများ၊ အမိန့်ပြန်တမ်းများသည် တရားဥပဒေနှင့် ဆန့်ကျင်နေလျှင် ထိုနိုင်ငံရှိ တရားလွှတ်တော်ချုပ်က ပယ်ဖျက်ပေးရလေသည်၊ ထို့ကြောင့် တရားဝန်ကြီးများသည် အခြေခံ အုပ်ချုပ်ရေး ဥပဒေကို မတိမ်းမစောင်း ရအောင် ထိန်းသိမ်းပေးသူများလည်း ဖြစ်ပေသည်။

တခါတရံ အုပ်ချုပ်ရေးဌာနများက ပြည်သူတို့၏ အခွင့်အရေးများကို ဆုံးပါးထိခိုက်အောင် ပြုမူခဲ့သော် ပြည်သူလူထုမှာ တရားရုံးတော်မှတပါး ကိုးကွယ်ရာမရှိတော့ပေ။

နိုင်ငံတခု၏ အခြေခံဥပဒေတွင် ပြည်သူတို့၏မူလအခွင့်အရေးများကို မည်မျှပင်အာမခံချက်ပေးထားစေကာမူ ထိုနိုင်ငံ၌တရားဌာန လွတ်လပ်မှုမရှိလျှင် ၎င်းအာမခံချက်တို့မှာ စက္ကူစုတ်သာ ဖြစ်သွားပေလိမ့်မည်။

အင်္ဂလန်ထုံးနှင့် ဥပဒေတရားမင်း

အင်္ဂလန်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀ ခန့်က လက်ခံအတည်ပြုခဲ့သော မဟာစာချုပ်ကြီး၊ ပြည်သူ့အခွင့်အရေးကြေညာချက်၊ ၁၆၇၉-ခုနှစ်တွင် အတည်ဖြစ်သော ရှေ့တော်သွင်းစာချွန်တော်အမိန့်ဥပဒေ စသည်တို့သည် တရားဌာနအတွက် ခွင့်ပြုထားသော အခွင့်အာဏာများဖြစ်သည့်အပြင် ပြည်သူ ပြည်သားများ၏ အခွင့်အရေးကို များစွာကာကွယ်ပေးလေသည်။

ထို့ကြောင့် ဒီမိုကရေစီဝါဒကိုမြတ်နိုးသောနိုင်ငံများတွင် "ဥပဒေသာလျှင် တရားမင်းအဖြစ် အုပ်စိုးသည်" ဟု ဆိုစမှတ်ပြုကြလေသည်။

ဥပဒေတရားမင်း ဆိုရာတွင်

(၁) မည်သူ တစုံတယောက်ကိုမဆို တည်ဆဲဥပဒေများအရ တည်ဆဲရုံးတွင် တရားစစ်ရုံး စစ်စဉ်အတိုင်း စစ်ဆေးခြင်း(ဝါ) ဥပဒေတမျိုးတည်းသာရှိခြင်း။

(၂) နိုင်ငံတော်ဝန်ကြီးချုပ်မှစ၍ ရုံးစေလုလင်အထိ မည်သူမဆို တရားဥပဒေရှေ့မှောက်တွင် တူညီသော အခွင့်အရေးကိုသာ ရရှိခြင်း (ဝါ)မည်သူ့ကိုမျှ ခွဲခြား စာစီရင်ခြင်းမရှိစေရ။

(၃) တရားရုံးတော်များသည် အုပ်ချုပ်ရေး အဖွဲ့ဝင်များ၏ အာဏာစက်မှ လုံးဝကင်းလွတ်စေခြင်းစသော အခြေခံတရားများ ပါဝင်လေသည်၊

x x x x

၅။ လွတ်လပ်စွာသက်မွေးဝမ်းကျောင်းနိုင်ခွင့်

ယခုခေတ်အခါတွင် လူတိုင်း လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းမှုများ ပြုလုပ်နိုင်ပေသည်။ သို့ရာတွင် လွန်ခဲ့သည့် နှစ်ပေါင်းတရာကျော်က ဆိုလျှင် ထိုအခွင့်အရေးမျိုးမှာ နိုင်ငံတိုင်းတွင် ရရှိခဲ့သည်မဟုတ်ပေ။ အကြောင်းမူကား ကျေးကျွန် စံနစ်ကြီးရှိနေသောကြောင့်ဖြစ်၏။

ကမ္ဘာပေါ်တွင် ကျေးပိုင်ကျွန်ပိုင်စံနစ်ကြီး ထွန်းကားခဲ့သည်မှာနှစ်ပေါင်းသုံးထောင်လေးထောင်အချိန်ကပင်ဖြစ်သည်။အီဂျစ်ခေတ်၊ဘေဘီလုံခေတ်၊ရောမခေတ်တို့သည် ယဉ်ကျေးလှပါသည်၊ တိုးတက်ထွန်းကား လှပါသည်ဟု ဆိုကြသော်လည်း ကျေးပိုင်

ကျွန်ပိုင် စံနစ်ကြီးရှိနေခဲ့လေသည်။ ထို့အတူ အိန္ဒိယပြည်၊တရုပ်ပြည်တို့တွင်လည်း ကျေးကျွန်စံနစ်များထွန်းကားခဲ့ဘူးလေသည်။

ပေါ်တူဂီလူမျိုးတို့သည် အာဖရိကမှ လူမဲများကို ဖမ်းဆီး၍ ဥရောပတိုက်သို့ကျွန်အဖြစ်တင်ပို့ရောင်းချခဲ့လေသည်၊စပိန်လူမျိုးများကလည်း လူမဲများကို အမေရိကတိုက်ရှိ မိမိတို့ပိုင် ဒေသများသို့ ကျွန်အဖြစ် တင်ပို့ရောင်းချခဲ့လေသည်။

ကျွန်စံနစ်ကို ဘိုက်ပျက်ပြီ

ခရစ်နှစ် ၁၇၀၀ ခန့်မှအစပြု၍ ကျေးကျွန်စံနစ် ဆန့်ကျင်ရေးအသင်းများ၊ ကွေကားခေါ် ဘာသာရေးအသင်းများ၊ တရားမျှတမှုကို လိုလားသော နိုင်ငံရေးခေါင်းဆောင်များက ပြင်းပြင်းထန်ထန် ဝိုင်းဝန်းဆူပူကြသဖြင့် ကျေးကျွန်စံနစ်ကို တဖြည်းဖြည်း ပယ်ဖျက်လာကြသည်။

ဥရောပတိုက်တွင် ကျေးကျွန်စံနစ်ကို ပဌမဆုံးဒိန်းမတ်နိုင်ငံက ၁၇၉၂-ခုနှစ်တွင် စွန့်လွှတ်လိုက်လေသည်။ ၁၈၀၇-ခုနှစ်တွင် အင်္ဂလန် နိုင်ငံက စွန့်လွှတ်လိုက်သည်။ ၁၈၃၃ ခုနှစ်တွင် ဗြိတိသျှ အင်ပါယာတခုလုံးတွင် ကျေးကျွန်စံနစ်ကို ပယ်ဖျက်လိုက်လေသည်။ အမေရိကန် နိုင်ငံတွင်လည်း အဗရာဟမ် လင်းကွန်းက ၁၈၆၃-ခုနှစ်တွင် ကျေးကျွန်များကို လွှတ်လပ်ခွင့်ပေးသော ပြန်တမ်းကြီးကို ထုတ်ပြန်လိုက်လေသည်။

အသားရောင် ခွဲခြားမှု

ကျေးကျွန်စံနစ် ဆိတ်သုဉ်းသွားရုံနှင့် လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုနိုင်ကြပြီဟု မဆိုနိုင်သေးချေ။နိုင်ငံတနိုင်ငံတွင် လူအချို့ကဖြစ်စေ၊ နိုင်ငံရေးအဖွဲ့အစည်းတခုခုကဖြစ်စေ၊အထူးအခွင့်အရေး အာဏာများ ရရှိထားပြန်လျှင် လူတိုင်း လူတိုင်းသည် အဘယ်မှာ လွတ်လပ်စွာ တရားမျှတစွာ သက်မွေးဝမ်းကျောင်းမှုရှိနိုင်ပါအံ့နည်း။ထို့အတူအစိုးရအမှုထမ်းအဖြစ် လုပ်ကိုင်ရာ၌ ၎င်း၊ကုန်စည်ကူးသန်းရောင်းဝယ်ရာ၌၎င်း၊ ဘာသာရေး သို့မဟုတ် အသားရောင်ကွဲပြားမှုကြောင့် အခွင့်အရေး ဆုံးရှုံးနစ်နာမှုများ ရှိခဲ့လျှင် ထိုနိုင်ငံတွင် လွတ်လပ်စွာ သက်မွေးဝမ်းကျောင်းမှု ပြုနိုင်သည်ဟု မဆိုနိုင်ချေ။

အချို့နိုင်ငံများတွင် ဥပမာအားဖြင့် မျက်နှာဖြူ မဟုတ်သူများသည် မည်သည့်အလုပ်အကိုင်မျိုးကို မလုပ်ကိုင်ရ၊ မည်သည့်အလုပ်မျိုးကိုမှ လုပ်ရမည် စသည်ဖြင့် ပညတ်ချက်များ ယခုတိုင် ထားရှိနေသေးသည်။

အမေရိကန်နိုင်ငံ၌ဆိုလျှင် လွတ်လပ်ရေး ကြေညာချက်တွင် "လူမှန်သမျှ ဇာတိအားဖြင့် လွတ်လပ်ကြသည်"ဟု ဆိုထားသော်လည်း ကပ္ပလီများသည် ထိုကြေညာချက်ဖြင့် လုံးဝမသက်ဆိုင်ဟု ကပ္ပလီငွေဝယ်ကျွန်ပိုင်သူများကယူဆကြလေသည်။သို့ကြောင့်လည်း ငွေဝယ်ကျွန်စံနစ်ကို ဖျက်သိမ်းလိုသော အဗရာဟမ်လင်းကွန်းသည် သမတအဖြစ်ဖြင့် အရွေးခံသောအခါ တောင်ပိုင်းရှိ ပြည်နယ် ခုနစ်နယ်တို့က ခွဲထွက်ကြလျက် မျှားမကြာမီပြည်တွင်းစစ်ပွဲကြီး လေးနှစ်ကြာမျှ ဖြစ်ပွါးလေတော့သည်။ ငွေဝယ်ကျွန်စံနစ်ကိုလည်း ပြည်တွင်းစစ် ဖြစ်ပွါးဆဲအတွင်းမှာပင် ဖျက်သိမ်းကြောင်းကြေညာလိုက်လေသည်။

သို့သော်ယခုထက်တိုင် အမေရိကန်ပြည်ပေါက် ကပ္ပလီများကို နေရာမပေးခြင်း၊ ဆေးပေါ်ကြောဖက် မလုပ်ခြင်းများကို အထူးသဖြင့်အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနယ်များတွင် တွေ့နိုင်သေး၏။

ဤကဲ့သို့ပင် လူဖြူလူမဲ ခွဲခြားသည့်နိုင်ငံမှာ တောင်အာဖရိက ဖြစ်၏။ ထိုနိုင်ငံရှိဆေးရုံများ၌ လူမမာများအတွက်စုဆောင်းထားသောသွေးများကိုပင် လူဖြူသွေး လူမဲသွေးဟူ၍ ခွဲခြားထားသည် ဆို၏။

ထိုနိုင်ငံ၌ တိုင်းရင်းသားလူမဲများသည် သူတို့အတွက်သီးခြားထားသည့်ဒေသမှတပါး အခြားနေရာများသို့ အခွင့်မရဘဲမသွားရ၊ လူဖြူကလေးများ၏ ကျောင်း၌ လူမဲကလေးများ မတက်ရ၊ ဥယျာဉ်များတွင် "လူဖြူများအတွက်သာ" ဟု သတ်မှတ်ထားသောခုံများပေါ်၌ပင်မထိုင်ရ၊ သမဂ္ဂများ အလုပ်သမားအစည်းအရုံးများသို့မဝင်ရ၊ သပိတ်မှောက်ခြင်းမပြုရ စသည့်ပညတ်ချက်များအပြင် အခြားတားမြစ်ချက်လည်း အများအပြား ရှိသေးပေ၏။

ဤသို့ လူမဲများအပေါ်၌ ချုတ်ချယ်ချက် များပြားလွန်းလှသဖြင့်လည်း အိန္ဒိယခေါင်းဆောင်ကြီးမဟတ္တမဂန္ဓီသည် တောင်အာဖရိကနိုင်ငံ၌ရှိစဉ်က လူ့နင်းပြားများဖက်မှနေ၍ အင်တိုက်အားတိုက် ပြန်လည်၍ အနုနည်းနှင့် တိုက်ပွဲဆင်ခဲ့ခြင်း ဖြစ်ပေသည်။

လူ့အခွင့်အရေးကျေညာစာတမ်းကြီး

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပင်လျှင် ဤကဲ့သို့ လူဖြူလူမဲအသွေးအရောင်ခွဲသည့်စံနစ်မှာအချို့နိုင်ငံကြီးများ၌ပင်တည်ဆဲဖြစ်နေသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂက "လူ့အခွင့်အရေးကျေညာစာတမ်းကြီး" ဟူ၍ သီးခြားသတ်မှတ်ပြီးလျှင် ကုလသမဂ္ဂဝင်နိုင်ငံများ၏ သဘောတူညီချက်ကို ရယူကာ ထုတ်ပြန်ခဲ့ပေသည်။

ထိုကျေညာချက်ကြီးတွင် ဒီမိုကရေစီဝါဒအရလူတိုင်း၏လွတ်လပ်မှုတို့ကို မှတည်ထားသော အချက် ၃၀ မျှပါရှိပေသည်။

x x x x

၆။ လွတ်လပ်ခွင့်မှ လွတ်လပ်ရေးသို့

အသက်ပါတိုက်ပွဲများမှာ ကိုယ့်မင်း ကိုယ့်ချင်း နိုင်ငံတွင်း၌ ဒီမိုကရေစီဝါဒ၏ အဓိကအစိတ်အပိုင်းများအဖြစ် လွတ်လပ်ခွင့်များကိုရရှိအောင် ကြံဆောင် ကြိုးပမ်းချက်များ ဖြစ်ပေသည်။ သို့ဖြာလည်း လွတ်လပ်မှုကိုသာ မဟုတ်သေး။ တိုင်းတပါးလက်အောက် ကျွန်သဘောက်ဘဝ ရောက်ရှိနေ၍သော်၎င်း၊ ရက်စက်ကြမ်းကြုတ်သော သက်ဦးဆံပိုင် ဘုရင် အာဏာရှင်များ၏ သံဖနောင့်အောက်တွင် ရောက်ရှိနေ၍သော်၎င်း၊ တတိုင်း ပြည်လုံးအရေးအတွက်အသက်ပေးတိုက်ပွဲဝင်ခဲ့ရသောသာဓကများလည်းများလှစွာရှိပေသေးသည်။

ယင်းတို့ အနက်မှ ကမ္ဘာတွင် ခေတ်သစ် ဖက်သို့ ရောက်လာလုလုအချိန်၌ လွတ်လပ်ရေး ကြိုးပမ်းမှု ပြုကြသော နိုင်ငံ တို့မှာ ကမ္ဘာနှင့်အဝှန်း အတော်ပင်များပြားလှပေသည်။

ဟော်လန်ပြည်တွင်

ယခုဟော်လန်ပြည်ဟူ၍၎င်း၊ နယ်သာလင်ဟူ၍၎င်း ခေါ်နေကြသောနိုင်ငံသည် တခါက စပိန်လက်အောက်ခံ တိုင်းပြည်ဖြစ်၏။ ထိုစဉ်က ထိုနိုင်ငံမှာ ဟော်လန်နှင့်ဘယ်လဂျီယံတိုင်းပြည်နှစ်ပြည်ပေါင်းထားခြင်းဖြစ်သည်။

စပိန်လူမျိုးတို့ လက်အောက်တွင် ကျရောက်လျက် ရှိသော နယ်သာလင် ပြည်သား ဒတ်ချ အမျိုးသားတို့မှာ ဘာသာ ရေး

တွင်၄င်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင်၄င်း၊တစထက်တစ ကပျက်ယပျက်နှင့် စပိန်အစိုးရ၏ချုပ်ဖက်ခြင်းကို ခံလာကြရ၏။ ထိုအထဲတွင် ခရစ်နှစ် ၁၅၀၀ပြည့် အလွန်၌ ဒုတိယ ဖိလစ်ဘုရင် ကောရောင် ထီးနန်းဆက်ခံ၏။ ထိုဘုရင်၏ လက်စွဲတော် စစ်ဗိုလ်မှာ အယ်လဗာနယ်စားကြီးဆိုသူဖြစ်၏။ ထိုသူသည် အလွန်ရက်စက် ကြမ်းကြုတ်ကြောင်း သတင်းကြီး၏။

အယ်လဗာမြို့စားကြီး၏ ဖိနှိပ်မှုများကို မခံနိုင်ကြသော ဒတ်ချ အမျိုးသားတို့သည်း အုံကြွပုန်ကန်ကြလေသည်။ အယ်လဗာ မြို့စားကြီးကလည်းခေါင်းဆောင်များကိုဖမ်းမိလျှင်ခေါင်းဖြတ်၏၊ ထို့ကြောင့်အချို့မှာ မိမိတိုင်းပြည်မှပင် ထွက်ပြေးရ၏။ အချို့ ကားတိုင်းတပါးတွင်မှီခိုစရာရှားသောကြောင့် ပင်လယ်ဓမြအဖြစ် အသက်မွေးကြရသည်။

ဤသို့ ဖိနှိပ်သည့် ကြားမှပင် ဒတ်ချတို့သည် လွတ်လပ်ရေး အာရုံကို မျက်ခြေပြတ်မခံကြပေ၊ ယင်းတို့၏ငွဲသတ္တိဖြင့် ကြံ့ကြံ့ ခိုင်ခိုင် ပုန်ကန်နိုင်သောကြောင့်လည်း အင်္ဂလိပ်နှင့် ပြင်သစ်တို့က စပိန်ကိုတိုက်ရာတွင် အကူအညီပေးကြ၏။

သီလဝ ဝီလျံ

ထိုအခေတာအတွင်း အောရိန်းနယ်မှ ဝီလျံဆိုသူသည် ခေါင်း ဆောင်ဖြစ်လာ၏။ ထိုခေါင်းဆောင်ဝီလျံသည် နှုတ်ဆိတ်သူတဦး ဖြစ်၍စကားနည်းသူဝီလျံဟုအမည်တွင်၏။ ဗမာပီပီခေါ်ရလျှင် သီလဝ ဝီလျံဟုခေါ်ရပေမည်။ အယ်လဗာနယ်စားကြီးသည်ဒတ် ချမြို့များကိုသိမ်းပြီးသော် မြို့သူမြို့သားအားလုံးကို သတ်ဖြတ်ပစ် ၏။ ဝီလျံသည် ဒတ်ချလူမျိုးတို့၏အမျိုးသားခေါင်းဆောင်ကြီး အဖြစ်ဖြင့်စပိန်လူမျိုးတို့၏ကြီးစိုးခြင်းကို တွန်းလှန်ခဲ့သည်။ ဒတ်ချ

ပြည်သူ တို့ကလည်း စပိန်တပ်သားများက မိမိတို့မြို့များကို ဝန်းရံ တိုက်ခိုက်လာသော အခါ၊ ရေကာတာများကို ဖွင့်၍ ရေလျှံစေ ပြီး ရန်သူ့ဘေးမှ လွတ်မြောက်ရန် ကြိုးစားကြ၏။

ဤသို့ အသတ်အဖြတ်၊ အညှင်းအဆဲ၊ အဖမ်းအဆီးတို့ကြားမှ ပင် ဒတ်ချတို့သည်လွတ်လပ်ရေးအတွက် အနှစ် ၄၀တိုင်တိုင်တိုက်ပွဲ ဆင်ခဲ့ကြရာ၊ နောက်ဆုံးတွင် စပိန်တို့နှင့် ခေတ္တရပ်စဲရေး စာချုပ် ချုပ်ဆိုရသော အဆင့်သို့ပင် ရောက်လာခဲ့သည်။

ထိုအချိန်မှ စ၍ နယ်သာလင် ဟူသော အမည်ဖြင့် စုရုံးပေါင်း စည်းသားသောနိုင်ငံ ပေါ်ပေါက်လာ၏။ ဥရောပ တိုက်တွင်လည်း လွတ်လပ်ရေး စိတ်ဓါတ်ကို သရုပ်ဖေါ်ရာ နိုင်ငံ တနိုင်ငံ အဖြစ် ထင်ရှားလာသည်။ တိုင်းတပါးမှ နိုင်ငံရေး၊ လူမှုရေး၊စီးပွါးရေးတို့ တွင် အချုတ်အချယ်ခံရသော လူသားတို့၏ ခိုလှုံ ဝင်ရောက်ရာ နိုင်ငံကြီးလည်း ဖြစ်လာသည်။ ထိုမျှသာမဟုတ်သေး၊ လွတ်လပ် ၍ ကိုယ့်မင်း ကိုယ့်ချင်းအဖြစ် ထူထောင်ခဲ့သော ဒတ်ချ လူမျိုးတို့ ၏အုပ်ချုပ်ပုံစံနစ်မှာ နောင်အခါတွင် အမေရိကန် လွတ်လပ်လာ သောအခါတွင်၄င်း၊ ဩစတြေးလျနှင့် ကနေဒါ နိုင်ငံကြီးတို့၏ အုပ်ချုပ်ပုံ စည်းမျဉ်းတွင်၄င်း၊ ကူးယူ သုံးစွဲရသည့် စံနမူနာပြ အုပ်ချုပ်ရေး စံနစ် ဖြစ်ခဲ့ပေသည်။

ဒတ်ချ အမျိုးသားတို့ လွတ်လပ်ရေး ကြိုးပမ်းနေကြစဉ်နှင့် မရှေးမနှောင်း၌ မြန်မာ နိုင်ငံတွင်အင်းဝ၊ တောင်ငူ၊ပြည်၊ဟံသာ ဝတီစသည်ဖြင့် အစိတ်စိတ် အမြွာမြွာ ကွဲပြားလျက်ရှိ၏။ အင်းဝ၌ စိုးစံသော ရှမ်းမင်း သိုဟန့်ဘွားသည် ရဟန်းပြည်သူတို့အား နှိပ် စက်ညှဉ်းပန်းလှန်းသဖြင့် မင်းကြီး ရန်နောင်က လုပ်ကြံ တော် လှန်သောအချိန်ဖြစ်ပေသည်။

x x x x

၇။ အိုင်ယာလန်လွတ်လပ်ရေး

မြန်မာပြည်ကို "အရှေ့ဖျားမှ အိုင်ယာလန်ပြည်" ဟု တင်စားခေါ်ဝေါ်ကြသည်ကို ကြားဘူး ကြပေလိမ့်မည်။ အကြောင်းမှာ အနောက် နိုင်ငံတွင် အိုင်ယာလန်ပြည်သူတို့သည် အင်္ဂလိပ် လက်အောက်မှ တော်လှန်ကြသကဲ့သို့ မြန်မာတို့သည်လည်း အင်္ဂလိပ် အောက်မှ တော်လှန် ခြားနားရန် ကြိုးပမ်းကြရုံ မက စိတ်မြန် လက်မြန် ရှိပုံချင်း၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးတို့ကို မြတ်နိုး ခင်မင်ကြပုံချင်းမှာ ညီရင်းအစ်ကိုကဲ့သို့တူ ညီကြသောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့သည် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး ရရှိရန် ကြိုးပမ်းရစဉ်က မြန်မာ့ လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်တခုဟု ဆိုအပ်သော နဂါးနီစာအုပ် အသင်းကြီးသည် အိုင်းရစ်တို့၏ လွတ်လပ်ရေး တိုက်ပွဲများ အကြောင်းကို စာအုပ်စာတမ်းများ ရေးသား ထုတ်ဝေခြင်းဖြင့် မျိုးချစ်စိတ်ကို ဆူဝေစေခဲ့ပေသည်။

အင်္ဂလန်ကျွန်းနှင့် ရေလက်ကြား တခု ခြားလျက် ရှိသော အိုင်ယာလန် ကျွန်းပေါ်ရှိ ပြည်သူတို့သည် နိုင်ငံရေးတွင်ရင်း၊ ဘာသာရေးတွင်ရင်း၊ အင်္ဂလိပ်တို့၏ လောင်းရိပ်တွင် နှစ်ပေါင်း ကြာမြင့်စွာ နေထိုင်ခဲ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေး တိုက်ပွဲအဆင့်ဆင့်တွင် အိုင်းရစ် လူမျိုးတို့သည် "ဟုမ်ရူး" ခေါ် ကိုယ်ပိုင် အုပ်ချုပ်ရေးကို အကြိမ်ကြိမ် တောင်းဆိုခဲ့လေသည်။

အင်္ဂလန် နိုင်ငံသည် အိုင်းရစ် တို့အား ကက်သလစ်ခေါ် ဗရင်ဂျီ ဘာသာဝင်ဖြစ်လျှင် ပါလီမန် အမတ် အရွေးခံခွင့် မရှိဟူ၍ တားမြစ်ချက် ပြုထား၏။ စီးပွားရေးတွင် အိုင်းရစ် လယ်သမားတို့သည် အင်္ဂလန်မှ မြေရှင်ကြီးများ ပိုင်ဆိုင်သော လယ်မြေ

များတွင်ချို့တဲ့စွာ မြေကြီးလက်ဆုပ် လက်ကိုင် စားသောက်ကြရသည်။

မူလက အင်္ဂလန်၏ လောင်းရိပ်အောက်တွင်နေခဲ့ရရာမှ ခရစ်နှစ် ၁၈၀၁ပြည့်တွင် အိုင်ယာလန်သည် အင်္ဂလိပ်သက်အောက်သို့ လုံးဝရောက်လာ၏။ အိုင်းရစ်တို့သည်လည်းလွတ်လပ်ရေးကိုမလျှော့သောလုံ့လဖြင့်ကြိုးစားကြရကုန်၏။

ဤသို့ဖြစ်သဖြင့် အင်္ဂလိပ်တို့သည် ချုပ်ချယ်ထားသော ဘာသာရေးနှင့်နိုင်ငံရေးဥပဒေများကို တပတ်စီ တပတ်စီ လျှော့ပေးရလေသည်။ သို့တိုင်အောင်အိုင်းရစ်မျိုးချစ်တို့အတွက်ကား "ဟယ်-လွတ်လပ်ရေး၊ သင်ဘယ်ကို ပြေးမလဲ" ဟူသော စိတ်ဓာတ်ဖြင့် အညံ့မခံဘဲ တိုက်ခဲ့ကြသည်။

အိုင်းရစ်ခေါင်းဆောင်တို့သည် ဗြိတိသျှပါလီမန်တွင် အိုင်ယာလန်ပြည် ကိုယ်ပိုင်အုပ်ချုပ်ရေး ဥပဒေကြမ်းများကိုတင်ရာ အကြိမ်ကြိမ်ပယ်ချခံရလေသည်။

နောက်ဆုံးတွင် ၁၉၁၄ ခုနှစ်၌ ကိုယ်ပိုင် အုပ်ချုပ်ရေး ဥပဒေကြမ်းကို အင်္ဂလိပ် ပါလီမန်က လက်ခံ လိုက်၏။ သို့သော် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာပြန်သဖြင့် ဥပဒေကို အကောင်အထည်ဖေါ်ရန် အင်္ဂလိပ်အစိုးရက ဆိုင်းငံ့ခဲ့လေသည်။

အိုင်းရစ် မျိုးချစ်အဖွဲ့

စစ်အတွင်း၌ ဆင်ဖိန်းခေါ် အိုင်းရစ် မျိုးချစ်အဖွဲ့သည် လွတ်လပ်ရေးကိုပင် မျက်ခြေပြတ်မခံဘဲ လူထုအားလှုံ့ဆော်ပေးခဲ့၏။

၁၉၁၆ ခုနှစ်အီစတာပွဲတော်တွင်ကား အိုင်းရစ်ခေါင်းဆောင်တို့သည် လက်နက်စွဲကိုင်၍ ပုန်ကန်ကြလေသည်။ အိုင်ယာလန်ပြည် ဒပ်ဗလင်မြို့တော်တွင်းရှိ လမ်းကြီးလမ်းမြောင်များအကြား

အိုင်ယာလန်ပြည်လွတ်လပ်ရေးအတွက် ရှေ့တန်းမှတိုက်ခဲ့သော ရဲရဲတောက်ခေါင်းဆောင်ကြီးဒီဗလဲရား

တွင် တိုက်ပွဲများ ဖြစ်ပွါး၏။ အင်္ဂလိပ် အစိုးရကလည်း ရက်စက်ခြင်းပင် ထိထိရောက်ရောက်နှိမ်လိုက်၏။ ဆင်ဖိန်း အဖွဲ့ခေါင်းဆောင်များမှာ ဖမ်းဆီး၍သတ်ဖြတ်ခြင်းခံကြရ၏။

လွတ်လပ်ရေးကျေညာပြီ

ခေါင်းဆောင်တို့အား မြေသို့ကျခဲ့သော်လည်း အိုင်းရစ်လွတ်လပ်ရေးစိတ်ဓါတ်ကား မကျဆင်းခဲ့။ ဖိုးလ ကြလေ၊ မန်းလေ ထလေဖြစ်တော့သည်။ အီစတာသူပုန်ပွဲတွင် ထင်ရှားသောခေါင်းဆောင်တို့ကား မိုက်ကယ်ကောလင်းနှင့် ဒီဗလဲရားတို့ ဖြစ်၏။ သူပုန်ထပြီး၍ ၂နှစ်အကြာတွင် အိုင်ယာလန်ပြည်၌ရွေးကောက်ပွဲ

ကြီးကျင်းပ၏။ ထိုအချိန်တွင် ဆင်ဖိန်းခေါင်းဆောင်တို့သည်ဝင်ရောက်အရွေးခံကြရာ နေရာပေါင်းများစွာတွင် လူထုကရင်းတို့ကိုပင် တင်မြှောက်ကြ၏။ အရွေးခံရသောခေါင်းဆောင် ၇၃ ဦးတို့သည် ဗြိတိသျှပါလီမန်သို့မတက်ဘဲ အိုင်ယာလန်ပြည် ဒပ်ဗလင်မြို့တော်တွင်စုဝေး၍ အိုင်းရစ်ပါလီမန်ဟူ၍ ဖွဲ့စည်းလိုက်ပြီးလျှင် အိုင်ယာလန်ပြည် လွတ်လပ်ရေးကို မိမိတို့ဘာသာ ကျေညာလိုက်လေသည်။

ထိုသို့ကျေညာလိုက်သဖြင့် အင်္ဂလိပ်အစိုးရနှင့် ၂ နှစ် ကြာမျှ စစ်မက်ဖြစ်ပွားရပြန်သည်။ အိုင်းရစ်တို့နှင့် ၂နှစ်ကျော်စစ်ဖြစ်ပြီးသော် အင်္ဂလန်သည် ဥရောပစစ်အတွက် ကမ္ဘာ့ အလယ်တွင် အရှုံပြင်ခံရသဖြင့် စေ့စပ်ဆွေးနွေးပွဲလုပ်၏။ အင်္ဂလိပ်တို့က အိုင်ယာလန်ပြည်အား လက်အောက်ခံကနေဒါနိုင်ငံကဲ့သို့ ဒိုမီနီယံ အခွင့်အရေးအဆင့်အတန်းမျိုးပေးမည်ဟူသောကတိဖြင့် စာချုပ် ချုပ်ကြ၏။ ဤတွင် အိုင်ယာလန်မှာ နှစ်ပိုင်းကွဲထွက်သွား၏။ စာချုပ်ကို လက်ခံသူနှင့် လက်မခံသူများ ပေါ်ပေါက်၍ အချင်းချင်းပြည်တွင်းစစ်ဖြစ်ပွားကြသည်။ အင်္ဂလန်နှင့်နီးစပ်သော အင်္ဂလိပ်အလိုတော်ရိ မြောက်ပိုင်းသားတို့သည် မြောက်ပိုင်းအိုင်ယာလန် ဟူ၍ သီးခြားအစိုးရဖွဲ့၏။ တောင်ပိုင်းတွင်လည်း အင်္ဂလိပ်နှင့် ချုပ်ဆိုသော စာချုပ်ကိုလက်ခံသောမျိုးချစ်တို့က "လွတ်လပ်သောအိုင်ယာလန်ပြည်နယ်"ဟူ၍ ထူထောင်ကြ၏။ သို့သော်ခေါင်းဆောင် ဒီဗလဲရား အပါအဝင် ပြင်းထန်သော သမတဂိုဏ်းဝင် မျိုးချစ်တို့ကား အင်္ဂလိပ်နှင့် ချုပ်ဆိုသော စာချုပ်ကို အသိ အမှတ် မပြုကြပေ။

၁၉၃၃ခုနှစ် ရွေးကောက်ပွဲ ပြုလုပ်သောအခါ ဒီဗလဲရားတို့ပါတီသည် အမတ်ဦးရေအများဆုံးရ၏၊ ထိုအခါ ဒီဗလဲရားသည်

လူထုထောက်ခံမှုဖြင့် နန်းရင်းဝန် ဖြစ်လာ၏။ ဒီဗလဲရား အစိုးရ လက်ထက်တွင် အိုင်ယာလန်ပြည်ကို သမတ နိုင်ငံအဖြစ် ဖွဲ့စည်း အုပ်ချုပ်ရန် ၄နှစ်အတွင်း အခြေခံဥပဒေရေးဆွဲပြီး၏။

ထိုအချိန်မှစ၍ အိုင်ယာလန်ပြည်သည် လွတ်လပ်သောသမတ နိုင်ငံအဖြစ် ဒီမိုကရေစီ အခွင့်အရေးများကို ပြည်သူတို့အတွက် ပြည့်ဝစွာပေးပိုင်သော နိုင်ငံအဖြစ် တဆင့်ပြီး တဆင့် တက်လှမ်း ခဲ့ပေသည်။

အိုင်းရစ်တို့၏ လွတ်လပ်ရေးမြတ်နိုးပုံကို ထင်ထင် ရှားရှား သိစေနိုင်သည့် အချက်မှာ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးနှင့်ဩဇာ အာဏာစက်အောက်မှ လွတ်ထွက်ရန်အလို့ငှါ အိုင်းရစ် တို့သည် အနှစ် ၇၀၀ မျှအင်္ဂလန်နှင့် ပဋိပက္ခဖြစ်ခဲ့ရခြင်းပင်တည်း။

၈။ အမေရိကန်တော်လှန်ရေး

ယခု ထိပ်တန်းနိုင်ငံကြီးတနိုင်ငံဖြစ်သော အမေရိကန် နိုင်ငံ သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ခန့်အချိန်ကမှ အင်္ဂလိပ် လက် အောက်ခံကိုလိုနီဘဝမှလွတ်သပ်ခရေးအတွက် တိုက်ခိုက်ခဲ့ရသည်။ အမေရိကန်လွတ်လပ်ရေးတိုက်ပွဲများစတင်ချိန်တွင် မြန်မာနိုင်ငံ၌ မုဆိုးဘိုရွာသား ဦးအောင်ဇေယျသည် အလောင်းဘုရားဟူသော အမည်ဖြင့် ရွှေဘိုမြို့တွင် နန်းတည်၍ နိုင်ငံ အလုံးကို စုရုံးပေါင်း စည်းရန် အားပြုနေသောအချိန်ပင်ဖြစ်လေသည်။

အကြောင်းရင်း

အမေရိကန် လွတ်လပ်ရေးကြိုးပမ်းမှု ပေါ်ပေါက်လာရသော အကြောင်းရင်းကား အင်္ဂလိပ်တို့သည် မိမိတို့၏ လက်အောက်ခံ ကိုလိုနီနယ်သားများဖြစ်ကြသော အမေရိကန်တို့အား စစ်စရိတ်

အခကြေးများ ထမ်းရန်အလို့ငှါ အခွန်အတုတ်များ စည်းကြပ် ကောက်ယူခြင်းကြောင့်ဖြစ်လေသည်။

အမေရိကန်ပြည်သားတို့ကလည်းမိမိတို့သည် ဗြိတိသျှပါလီမန် တွင် မိမိတို့နယ်မှ ရွေးကောက်တင်မြှောက်ရသော ပြည်သူ့ကိုယ် စားလှယ်များ မပါဝင်ဘဲနှင့် ထိုပါလီမန်မှ စည်းကြပ်သောအခွန် အတုတ်များကို မထမ်းဆောင်နိုင်ဟု ငြင်းပယ် ကြသည်။ ထိုသို့ ငြင်းပယ်ရုံမက ဗြိတိသျှအုပ်ချုပ်ရေးလက်အောက်မှလွတ်မြောက် ရေး အတွက်လည်း "လွတ်လပ်ရေး သားကောင်း ရတနာများ အသင်း" ဟူသော အသင်းကို ဖွဲ့စည်းကြလေသည်။

ထိုမှတပါး အမေရိကန် ပြည်ထွက် ပစ္စည်းများ ဖြစ်သော သကြား၊ ဆေးရွက်၊ သိုးမွေး၊ သစ်သား၊ သားရေအစရှိသည်တို့ကို အင်္ဂလန်ပြည်၊ သို့မဟုတ် အင်္ဂလန်ပိုင် နယ်ပယ်များသို့သာလျှင် ပို့ရမည်၊ ထိုနေရာများမှတပါး အခြားနိုင်ငံများသို့ ဈေးပိုမို ရစေကာမူ မပို့ရဟု ဥပဒေပြုလုပ်၍ ဖိနှိပ်ချုပ်ချယ်ခဲ့လေသည်။

အခြားအကြောင်း တရပ်မှာလည်း အမေရိကန် ပြည်သို့ အင်္ဂလန်နိုင်ငံမှ သွားရောက်နေထိုင်သူများမှာ မိမိတို့တိုင်းပြည် တွင်ဖိနှိပ်ချုပ်ချယ်ခြင်းကို မခံလိုသဖြင့် လွတ်လပ်ရေးကို မက် မက်မောမောနှင့် စွန့်စွန့်စားစား လာရောက်ခဲ့ကြသူများ ဖြစ် ရကား လွတ်လပ်ရေးကို ခင်မင်မြတ်နိုးစွာ ရအောင် ယူကြမည့် စိတ်သည် ရှိ၍နေလေသည်။

ဥပဒေကန့်ကွက်ပွဲ

ပြည်နယ်သားတို့သည် တံဆိပ်ခေါင်း ဥပဒေကို ပယ်ဖျက်ရန် စိတန်းလှည့်လည်၍ဆန္ဒပြကြသည်။

တံဆိပ်ခေါင်း ဥပဒေအရ ရောင်းဝယ် ကူးသန်းရေးနှင့် ပတ်သက်သမျှ စာရွက်စာတမ်းဟူသရွေ့ကို တံဆိပ်ခေါင်း ကပ်ရလေသည်။ တနည်းအားဖြင့် အခွန်အကောက်များကို တဖက်လှည့်ဖြင့် ကောက်ခံခြင်း ဖြစ်ပေသည်။

ပြည်နယ်သားတို့လည်း ဗြိတိသျှတို့၏ကုန်ပစ္စည်းများကိုမဝယ်ယူဘဲ သပိတ်မှောက်ကြသည်။ ထို့ကြောင့် ဗြိတိသျှ အစိုးရသည် တံဆိပ်ခေါင်း ဥပဒေကို အမေရိကန်လူထု၏ ဆန္ဒနှင့် ဆန့်ကျင်၍ မထားရဲသဖြင့် တနှစ်မျှအကြာတွင် ပယ်ဖျက်လိုက်ရလေသည်။ ဗြိတိသျှ အစိုးရသည် ထိုဥပဒေကို ပယ်ဖျက်ပြီးနောက် စက္ကူ၊ လက်ဖက်ခြောက်စသော နေ့စဉ်သုံး ပစ္စည်းများပေါ်တွင် အခွန်များကောက်ပြန်သည်။ ထိုအခါပြည်သူအများက ကန့်ကွက်ကြပြန်သည်။

ဘော်စတွန်လူသတ်ပွဲ

တကြိမ်တွင် ဘော်စတွန်မြို့၌ မြို့သူမြို့သားများ စုရုံးနေကြစဉ် "ပစ်ပါတော့လား" ဟူသော အသံတသံသည် ထွက်ပေါ်လာ၏။ ထို့ကြောင့် အသင့်ရှိသောဗြိတိသျှစစ်တပ်ကလူအုပ်ထဲသို့သေနတ်ပစ်ဖေါက်ကြသည်။ မြို့သူမြို့သားများမှာလည်း အများအပြား ကျဆုံးလျက် ဒဏ်ရာရသူများလည်း မနည်းပေ။ ထိုလူသတ်ပွဲကို အကြောင်းပြု၍ လူထုအုံကြွမှု ဖြင်းထန်လာမည်ကို စိုးရိမ်ရကား ဗြိတိသျှပါလီမန်သည် လက်ဖက်ခြောက်ခွန်မှ တပါး အခြားအခွန်များကို ဖျက်သိမ်းလိုက်လေသည်။

အမေရိကန် ပြည်သားများမှာမူကား မိမိတို့ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များမရှိဘဲ အခွန်ကောက်ခြင်းသည် မတရားဟူသောမူကို လက်ကိုင်ထားသူများ ဖြစ်သဖြင့် လက်ဖက်

အမေရိကန်တော်လှန်ရေးသမိုင်းတွင် ထင်ရှားသော
"ဘော်စတွန်လက်ဖက်ရည်ပွဲ" ခေါ်တိုက်ပွဲတခု

ခြောက်ခွန်ကို ကောက်ယူခြင်းနှင့်ပတ်သတ်၍ အာဏာပိုင်များနှင့် အချင်းပွါးရပြန်သည်။ တကြိမ်တွင် အမေရိကန်နယ်သားတို့သည် အင်ဒီးယန်းလူနီများသဏ္ဌာန်ဝတ်ဆင်လျက် ဘော့စတွန်ဆိပ်ကမ်း၌ ဆိုက်ကပ် ထားသော ကုန်သင်္ဘောများပေါ်သို့ တက်ကာ လက်ဖက်ခြောက်သေတ္တာများကိုလုယူလျက် ရေထဲသို့ ညဉ့်အချိန်တွင် သွန်ပစ်ကြသည်။ ထိုအဖြစ်အပျက်ကို အမေရိကန်သမိုင်းတွင် "ဘော့စတွန်လက်ဖက်ရည်ပွဲ" ဟု ပြက်ရယ်ပြုလျက် ခေါ်ဝေါ်လာခဲ့ကြလေသည်။ ဗြိတိသျှတို့ကလည်း တန်ပြန်သည့်အနေဖြင့် ဆိပ်ကမ်းကို ပိတ်လိုက်ပြီးနောက် စစ်တပ်ချထားလိုက်၏။ ထိုနယ်တွင် ပေးထားသော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကိုလည်း ရုပ်သိမ်း လိုက်လေသည်။

ပြည်သူ့စည်းဝေးပွဲ

ထိုအခါတွင် အခြေအနေမှာပျားအုံကိုဒုတ်ဖြင့်ထိုးလိုက်သည့်နှယ် ပြည်သူလူထုအဖို့မခံမရပ်နိုင်ဆူပွက်၍လာလေသည်။ အမေရိကန်ပြည်ရှိ အုပ်စုနယ်ပေါင်း ၁၃ နယ်အနက်၊ ၁၂ နယ်တို့သည် အချင်းချင်း လှို့ဆော်ကြပြီးလျှင် မိမိတို့၏ ကိုယ်စားလှယ်များကို ဖီလဒယ်ဖီးယားမြို့တွင် စုရုံးစေ၍ အစည်းအဝေးကြီးတခုကို ကျင်းပစေ၏။

ခရစ်နှစ် ၁၇၇၅ ခုနှစ် တနှစ်တည်းမှာပင် ကွန်ဂရက်အစည်းအဝေးကို ဒုတိယအကြိမ်ကျင်းပ၍ ဂျော့ဝါရှင်တန်အားလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်လုပ်၍ တိုက်ခိုက်စေရန် တညီတညွတ်တည်း ဆုံးဖြတ်ထားကြသည်။ ထို့နောက် ဗြိတိသျှအစိုးရအား လက်နက်ဖြင့်တော်လှန်တိုက်ခိုက်တော့မည်ဟု စစ်ကြေညာလေသည်။

အမေရိကန်တော်လှန်ရေး ခေါင်းဆောင်များက မိမိတို့အလိုအလျောက် လွတ်လပ်ရေးကို ကြေညာပုံ

လွတ်လပ်ရေးကြေညာစာတမ်း

နိုင်ငံခေါင်းဆောင် တဦးဖြစ်သော ဂျက်ဖာဆင်သည် လွတ်လပ်ရေးကြေညာစာတမ်းကြီးကိုရေးသားလျက် ကမ္ဘာသိအောင် ကြေညာလေသည်။ ထိုကြေညာစာတမ်းကြီး၏ သဘောမှာ လူတိုင်းလူတိုင်း၌ ကိုယ်နှုတ်နှလုံး လွတ်လပ် အေးချမ်းစွာ ကျင့်သုံးနိုင်သည့်အခွင့်အရေးရှိကြောင်း၊ ထိုအခွင့်အရေးကို လူတိုင်း ရရှိစေရန် ပြည်သူ့ကိုယ်စားပြုသော ပြည်သူလူထု အစိုးရမျိုးက အုပ်ချုပ် စီမံသင့်ကြောင်း တို့ကို အကျယ်တဝင့် ရေးသားထားလေသည်။

အမေရိကန်ပြည်သားတို့သည် မိမိတို့လွတ်လပ်ရေးကို မိမိတို့ ကျေညာပြီးနောက် အောင်ရမည်ဟူသော စိတ်ဓါတ်ဖြင့် ၈ နှစ်ကြာမျှ အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ခဲ့ရာ ခရစ်နှစ် ၁၇၈၃ ခုနှစ်တွင်စစ်ပွဲပြီး၍ အင်္ဂလိပ်တို့မှာ အမေရိကန်လွတ်လပ်ရေးကို အသိအမှတ်ပြုရပေတော့သည်။ အမေရိကန်တို့သည် လွတ်လပ်ရေးတိုက်ပွဲ အပြီးတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုစုပေါင်း၍ရေးဆွဲကြပြန်သည်။ ထိုအခြေခံဥပဒေကို မိမိတို့ရေးသားခဲ့သော "လူမှန်သမျှ ဇာတိအားဖြင့် လွတ်လပ်ကြသည်" ဟူသည့် လွတ်လပ်ရေး ကျေညာစာတမ်းပါအခြေခံသဘောအတိုင်း ဒီမိုကရေစီဝါဒကိုပင် မူပြုကာ ရေးဆွဲခဲ့ကြသည်။

ဤသို့အမေရိကန်တို့ လူတလုံးသူတလုံး ဖြစ်လာရေးအတွက် အမေရိကန် လွတ်လပ်ရေး၏ဗိသုကာကြီးများမှာ ပဌမဦးဆုံးသမတဖြစ်လာသော ဂျော့ဝါရှင်တန်နှင့် တတိယမြောက်သမတ ဖြစ်လာသည့် သောမတ်ဂျက်ဖာဆင်တို့ဖြစ်ပေသည်။ ထို့မှတပါးလည်း အမေရိကန် ပြည်သူတို့အား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရဲအောင် စာအုပ်စာတမ်းရေးသားထုတ်ဝေသူမှာ တွမ်ပိန်းဆိုသူစာရေးဆရာကြီးဖြစ်၏။ သူသည်ကိုယ်တိုင်လည်း လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့လေသည်။

အချက်ပေးခရာသံ

အမေရိကန်တို့သည် ရှစ်နှစ်ကြာမျှ ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ပြီးနောက်အောင်မြင်သဖြင့် "လွတ်လပ်သောအမေရိကန်ပြည်ထောင်စုသမတနိုင်ငံ" ဟူ၍ ကမ္ဘာတွင် တခမ်းတနား စတင်ပေါ်ပေါက်ခဲ့ပေသည်။ ထိုနိုင်ငံ ပေါ်ပေါက်လာသဖြင့်လည်းတိုင်းတပါးသားလက်အောက်တွင် လူ့အခွင့်အရေးများချို့တဲ့ကာညှိုး

ငယ်စွာနေထိုင်ကြရသော ပြည်သူပြည်သားများအတွက်၄င်း၊ မိမိတို့နိုင်ငံတွင် ကိုယ့်မင်းကိုယ့်ချင်းနှင့်နေထိုင်ရစေကာမူ ပြည်သူအများကို ရင်ဝယ်သားကဲ့သို့သနားညှာတာစိတ်မထားဘဲ အုပ်ချုပ်တတ်ကြသော ရှင်ဘုရင်များ၊ အာဏာရှင်များလက်အောက်တွင် တုံးအောက်ကဖါးသဖွယ်နေကြရရှာသောပြည်သူတို့အတွက်၄င်း၊ တောက်ပသော မြော်လင့်ချက် ရောင်ခြည်တရပ်ဖြစ်ခဲ့ပေသည်။ ထို့မျှမကသေး အမေရိကန်လွတ်လပ်ရေးအရေးတော်ပုံကြီးသည် ဥရောပတိုက်သို့ လွတ်လပ်ရေး တိုက်ပွဲအတွက် အချက်ပေးလိုက်သောတံပိုးခရာသံနှင့်တူပေသည်။ အကြောင်းမူကား အမေရိကန် လွတ်လပ်ရေးရပြီး၍ ၁၀နှစ်မျှမကြာမီပင် ဥရောပတိုက် ပြင်သစ်ပြည်၌ အလားတူအရေးတော်ပုံကြီးတရပ် ပေါ်ပေါက်ခဲ့သောကြောင့်ဖြစ်ပေသည်။

၉။ ပြင်သစ်အရေးတော်ပုံ

အမေရိကန် ပြည်သားတို့သည် ဒီမိုကရေစီတိုက်ပွဲအောင်မြင်ကြောင်းကို၄င်း၊ အင်္ဂလန်ပြည်တွင် လူသူ၏ အခွင့်အာဏာများ တိုးတက်ရရှိလာကြောင်းကို၄င်း၊ တဆင့်ထက်တဆင့် ရေးသားပြောဆိုမှုများသည်ဥရောပတိုက်သို့ဂယက်ရိုက်ခတ်လာလေသည်။ ဥရောပတိုက် ပြင်သစ်နိုင်ငံမှာ ထိုသတင်းများကို အကြားရဆုံးနိုင်ငံဖြစ်လေသည်။ ထိုသတင်းများကို ကြားရသော ပြင်သစ်ပြည်သားတို့သည် လူတို့၏သဘာဝအလျောက် မိမိတို့၏လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်၍ကြည့်ကြလေသည်။

ထိုအချိန်က ကမ္ဘာ့ လှုပ်ရှားမှုများကို ဆက်စပ် ပြရမည်ဆိုသော် ခရစ်နှစ် ၁၇၇၄ ခုနှစ်၌ အမေရိကန်တို့သည် လွတ်လပ်ရေးတိုက်ပွဲအတွက် ကွန်ဂရက် အစည်းအဝေးကြီးကို ကျင်းပနေကြ

စဉ် မြင်သစ်ပြည်၌ ၁၆ ဆက်မြောက် လူဝီဘုရင်သည် နန်းတက်၏။

လူဝီသည် မိမိ၏ တိုင်းပြည်လူထုကို ရင်ဝယ်သားများကဲ့သို့ အုပ်ချုပ်လိုစိတ်ရှိ၏။ စိတ်ကောင်းလည်း အတော်ရှိ၏။ သို့သော် ၎င်းထက်ရှေးကျသော ၁၄ ဆက်မြောက်နှင့် ၁၅ ဆက်မြောက် လူဝီတို့သည်တိုင်းပြည်တွင်မတော်မတရားအုပ်ချုပ်ခဲ့ကြလေသည်။ ၁၄ ဆက်မြောက် လူဝီကဆိုလျှင် "နိုင်ငံတော်ဆိုသည်မှာ ငါပင်ဖြစ်သည်" ဟူ၍ ကြုံးဝါးခဲ့၏။ ကြုံးဝါးသည့် အတိုင်းလည်း တိုင်းပြည်တွင် မိမိ၏ တန်းခိုးအရှိန်အဝါ ကြီးမားလာအောင်သာ ဆောင်ရွက်၏။ ထို့ကြောင့်ငွေကုန်ကြေးကျများ၏။ ငွေကုန်များသောအခါထိုငွေများထေမိရန် အတွက် အခွန်တော်များကို တိုးတက်ကောက်ခံသောကြောင့် တိုင်းသူပြည်သားဆင်းရဲသားတို့မှာ အခွန်တော်ပိုမိုပိလျက် မချိတရိခံနေကြရပေသည်။

၁၄ ဆက်မြောက် လူဝီဘုရင်လက်ထက်မှ ၁၅ ဆက်မြောက် လူဝီဘုရင်လက်ထက်သို့ရောက်သော်လည်း တိုင်းပြည်အခြေအနေ ကားမတိုးတက်ခဲ့။ ဥရောပတိုက်တွင်၎င်း၊ အင်္ဂလန်နှင့်၎င်း၊ စစ်ဖြစ်ရသောကြောင့် စစ်ကြေးပင်ပို၍တင်လာ၏၊ နောက်ဆုံး ၁၆ဆက် မြောက် လူဝီဘုရင်နန်းတက်လာသောအခါ ပြင်သစ်ပြည်၌ အခွန် အတုတ်တို့နှင့်မပူလုံသည့်ပြင် မြန်မာငွေသိန်းပေါင်း ၂၆၀ ခန့်ပေး ဆပ်ရန် ကြွေးမြီတင်နေလေသည်။

ဤသို့ တိုင်းပြည်ဘဏ္ဍာရေး ကျပ်တည်းရသည့်အထဲ အုပ်ချုပ်ရေးတွင်လည်း မမျှဘမှုများပေါ်ပေါက်နေလေသည်။

လူတန်းစားသုံးမျိုး

အကြမ်းဖျင်း ခွဲခြားရလျှင် ထိုအချိန်က ပြင်သစ်နိုင်ငံ၌ လူ

တန်းစား သုံးရပ်ရှိ၏။ ပဌမတန်းစားသည် ဘာသာရေး ခေါင်းဆောင်များ၊ သာသနာ့ဝန်ထမ်းများဖြစ်၏။ ၎င်းတို့သည် အခွင့်အရေးများစွာ ရရှိ၏၊ လယ်ယာမြေများကို ပိုင်ဆိုင်ခွင့် ရှိ၏။ ကြေးနီပြား တပြားကိုမျှ အစိုးရသို့ အခွန်တော်ငွေအဖြစ် မပေးဆောင်ရပေ။

ဒုတိယ အမျိုးအစားကား နယ်စား၊ မြို့စား၊ မင်းမျိုး စိုးနွယ်များ ဖြစ်ကြ၏။ သူတို့သည် ဘုရင်ကိုမှီ၍ တန်းခိုးအာဏာများ၊ အခွင့်အရေးများ အတော်ပင်ရရှိကြ၏။ နိုင်ငံအုပ်ချုပ်ရေးတွင်လည်း ရာထူးရာခံများအဖြစ်ဖြင့် ပါဝင် ထမ်းဆောင်ခွင့် ရရှိကြ၏။ အချို့ဥပဒေများသည်လည်း ထိုသူတို့အပေါ်၌ တန်းခိုးမရှိချေ။ ထိုသူတို့သည် ရာထူးရာခံများနှင့် ငွေကြေးပြည့်စုံသူများ ဖြစ်သဖြင့်လည်း မိမိတို့ လက်အောက်ရှိ လူများကို မတူမတန် သဘောထားလျက် မောက်မာစွာဆက်ဆံကြလေသည်။

တတိယအမျိုးအစားကား ဆင်းရဲသားနင်းပြားလူထုဖြစ်၏။ လူထုထဲတွင် မြေကျွန်များ၊ လယ်သမားများ၊ လက်မှုပညာသည်များ၊ ရှေ့နေရှေ့ရပ်များစသည်တို့ပါဝင်ကြသည်။ ၎င်းတို့၏အခြေအနေမှာ ဖွတ်ကျောပြာစုံ၊ ခရုသံကျွတ်ဖြစ်နေကြ၏။ အများအားဖြင့် ဝတ်ရသော် အစုတ်အနုတ်၊ စားရသော် တလုပ်တဆုပ်၊ နေရသော် တဲကုပ် ဟူသော ဘဝမျိုးတွင် ကျင်လည် နေကြရသည်။

လူထုသည် ဆင်းရဲကြ၏။ ပင်ပန်းကြ၏။ မြေကြီးလက်ဆုပ် လုပ်ကိုင်စား၍ ရရှိသော သီးနှံအထွက်ကိုအစိုးရအခွန်အဖြစ်၎င်း၊ ဘာသာရေးအခွန်အဖြစ်၎င်း၊ သီးစားခ အဖြစ်၎င်း၊ အမြီးနုတ် ခေါင်းနုတ် နုတ်ယူကြသည်ကို မသက်မသာ ခံကြရလေသည်။ ဤသို့ အခွန်တော်ကို ကြီးလေးစွာ ထမ်းဆောင်နေရသော်လည်း

လွတ်လပ်မှုသည် ဝေလာဝေး။ အခွင့်အရေးဟူသည် ပြေး၍ ရှာသော်မှမရအောင် ရှိကြလေသည်။ ဥပမာအားဖြင့်လယ်သမား တဦးသည် မိမိစိုက်ပျိုး၍ရသောလယ်မြေမှ သီးနှံအတွက်ငွေ၁၆ဝိ ဖိုးရသည်ဆိုပါစို့။ ထိုငွေအနက်ငွေတရာကို ရှင်ဘုရင်အားအခွန် တော်ဆက်သရသည်။ မြို့စားနယ်စားတို့အားမြေခွန်အဖြစ် ငွေ ၅ဝိပေးရသည်သို့လက်ထဲတွင်ကား လုပ်ခအတွက်ငွေ ၁ဝိ ထဲသာ ကျန်ခဲ့သည်။

လူထုမှာအနာဖက်ကချည်

ထို့ပြင်လည်း လယ်သမားတို့သည် မိမိတို့နယ်မြေကို တောတိရစ္ဆာန်များ၏ ဘေးမှကင်းဝေးရန် အလို့ငှါ ခြံခတ်ထားခွင့် ပင်မရရှာကြချေ။ မြေရှင်နယ်စားတို့ကသာ မိမိတို့ လယ်ယာများ ပေါ်သို့မြင်းများ ခွေးများဖြင့် အဆီးအတားမရှိ ဖြတ်သန်းလျက် အမဲလိုက်ခွင့်ရှိ၏။ မြေရှင်နယ်စားတို့ အမဲလိုက်နေစဉ် အနှောင့်အယှက် မဖြစ်စေရန် လယ်သမား၏ ခွေးကိုပင် ကြိုးနှင့် ချည်၍ ထားရလေသည်။

ခုံ၍ ကြည့်လိုက်သော် တတိယ တန်းစား ဟူသော ပြည်သူလူထုသည် အနာဖက်ကချည်းနေရ၏။ အသာဖက်၌ အနည်းငယ်မျှမရှိချေ။

ဤသို့သော အခြေ အနေမျိုးတွင် ၁၆ ဆက်မြောက်လူဝီ ဘုရင်သည်နန်းတက်လာ၏။ ဘဏ္ဍာတော်မရှိသဖြင့် ငွေရှာရန်စီမံသောအခါတွင်လည်းငွေရပေါက်ရလမ်းမှာ ဆင်းရဲသားပိန်မများကိုသာဖိထောင်းရန် ဘုရင်နှင့်နီးစပ်သောမှူးမတ်တို့ကအကြံပေး ကြလေသည်။ ထို့ကြောင့် အခွန်တော်ကိုတိုးတက်ကောက်ခံရေး အတွက်အမိန့်သစ်တရပ် ထုတ်လိုက်၏။ ထိုအမိန့်သည် ဆက်ဆိုင်ရာ

ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ကောက်ခံသော အခွန်တော်မျိုး မဟုတ်သဖြင့် ပြဿနာပေါ် ပေါက်သောအခါ တရားရုံးများက လက်ခံစစ်ဆေးရန် အခက်အခဲတွေ့ရလေသည်။

ထိုအခါ နယ်ကိုယ်စားလှယ်များစုပေါင်း၍ ဘဏ္ဍာရေး ပြဿနာကို ဖြေရှင်းစေရန် အက်စတိတ်ဂျင်နရယ်ခေါ် ပြည်သူ့ လွှတ်တော်ကို ဘုရင်သည် မခေါ်ချင်ဘဲခေါ်ရလေတော့သည်။ ထိုပြည်သူ့ လွှတ်တော်ကိုမခေါ်ဘဲထားသည်မှာ နှစ်ပေါင်း ၁၇၀-နီးပါး ရှိခဲ့လေပြီ။

အရေးတော်ပုံ၏လက်သည်များ

ပြည်သူ့ လွှတ်တော်ကိုခေါ်ယူသောအခါ လူတန်းစား သုံးမျိုးမှ ကိုယ်စားလှယ် များသည် စုဝေး ရောက်ရှိ လာကြလေသည်။

ထိုအချိန်တွင် တပြည်လုံး၌ လူမှုရေး အတွေးအခေါ် သစ်များ သည်ပျံ့နှံ့လျက်ရှိနေပေပြီ။ အတွေးအခေါ်သစ်များကိုလူထု၏ ခေါင်းတွင်းသို့ သွင်းပေးကြသူများမှာ ပညာရှိ စာရေးဆရာများ ဖြစ်ကြလေသည်။ ထိုစာရေးဆရာများတွင် ပုဂ္ဂိုလ်ငါးဦးသည် အထူးထင်ရှား၏။ ထိုပုဂ္ဂိုလ်တို့မှာ ဗေါတဲယား၊ မွန်တက်စကျူး၊ ရူဆူး၊ ဒီဒါရိုနှင့် အင်္ဂလိပ်လူမျိုးဘောဂဗေဒပညာရှိ အာဒမ်စမစ် တို့ဖြစ်ကြလေသည်။ ထိုပုဂ္ဂိုလ်တို့၏စာများသည် ယခုခေတ်တိုင် ကျော်စောလျက်ရှိကြသည်။

ဗေါတဲယားသည် “ကင်ဒီး” ခေါ် ဝတ္ထုဖြင့် ပြင်သစ်တို့၏ လွဲမှားနေသောရိုးရာအစဉ်အလာယုံကြည်မှု၊ ပကာသနကြိုက်မှုတို့ကို သရုပ်ဖော်၍ သရော်ကာ ရေးသားခဲ့သည်။ ထို့ပြင်“အင်္ဂလန်ပြန် ဆောင်းပါးများ”တွင် အင်္ဂလန်ပြည်၌လွတ်လပ်စွာရေးသားပြော

ပြင်သစ်တော်လှန်ရေး၏လက်သည်တဦးဖြစ်သော ခေတ်ပြင်
စာရေးဆရာကြီးရူဆူး

ဆိုခွင့်ရှိကြောင်းကို ပြင်သစ်ပြည်နှင့်ယှဉ်၍ ရေးသားကာ အပြစ်အနာတို့ကိုဖေါ်ထုတ်ရှုတ်ချသည်။ဗောတဲယား၏ ကလောင်သည် အိပ်ပျော်နေသော ပြင်သစ်လူထုကိုလှုပ်နှိုးလိုက်သလိုရှိလေသည်။

နိုင်ငံရေးသုခမိန် မွန်တက် စကျူးမှာ မိမိ၏နိုင်ငံရေး ကျမ်းများတွင် အင်္ဂလိပ်အုပ်ချုပ်ရေးစံနစ်ကို အသားပေး ရေးသား၏။ တိုင်းပြည်ကိုစီမံခန့်ခွဲရေးတွင် အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ ဥပဒေပြုမှု အာဏာတို့ကို တဦးတဖွဲ့ ထဲ၌စု၍ မရှိသင့်ကြောင်းတို့ကိုရေးသားဖေါ်ပြလေသည်။

ရှူးဆူးသည် မိမိ၏လူမှုပဋိညာဉ်ကျမ်းတွင် "လူတိုင်း လူတိုင်းသည် မွေးဖွားလာသည်နှင့်တပြိုင်နက် အခွင့်တူအရေးတူရရှိလာသောသတ္တဝါဖြစ်သည်"ဟူသောကျမ်းဦးစကားဖြင့်ဖေါ်ပြသည်။ ထိုနောက်ရှင်ဘုရင်များကို လောကသမုဘိနတ်ဟုယူဆ၍ ခေါင်းငုံ့ခံနေခြင်းသည်မှားကြောင်းရေးသားသည်။ ထိုမှတပါးတိုင်းပြည်၏ အချုပ်အခြာ အာဏာသည် ပြည်သူလူထုထံမှသာ ဆင်းသက်သင့်ကြောင်း၊ ပြည်သူလူထု၏ဆန္ဒဖြင့်သာ တိုင်းပြည်ကိုအုပ်ချုပ်သင့်ကြောင်းတို့ကို အတိအလင်း ရေးသားဖေါ်ပြလေသည်။

ဒီဒါရိုသည် "ပြင်သစ်ပညာစွယ်စုံကျမ်းကြီး"၏ စာတည်းဖြစ်သည်။သူ၏စွယ်စုံကျမ်းတွင် သိပ္ပံပညာ၊နိုင်ငံရေးရာ၊ဘောဂဗေဒရေးရာတို့တွင် နောက်ဆုံးပေါ် အယူအဆသစ်တို့ဖြင့် ပုံနှိပ်ဖြန့်ချိသည်။ ထို့ကြောင့် ပြင်သစ်စာဖတ် ပရိသတ်သည် ထိုအခါက ပညာဗဟုသုတအတိုးတက်ဆုံးပရိသတ်ဖြစ်၍ နေပေတော့သည်။

အင်္ဂလိပ် ဘောဂဗေဒဆရာ အာဒမ်စမစ်က မူကား မိမိရေးသားသော"နိုင်ငံတော်ဓနဥစ္စာ"ကျမ်းတွင် စီးပွားရေးနှင့် ပတ်သက်၍"လေဇေဖဲယား"ခေါ် လွတ်လပ်စွာရောင်းဝယ်ဖေါက်ကားခဲ့ အကြောင်းကိုရေးသားလေသည်။ဤနည်းဖြင့်ကုန်သည် တစု

လက်ဝါးကြီးအုပ်ရောင်းဝယ်ပေါက်ကားခွင့်ပေးထားခြင်းကိုအပြစ်ပေါ်ထုတ်ပြခဲ့လေသည်။ ပြည်သူ လူထုသည် ထိုအခွင့်အရေးမျိုးကိုပေးထားသော ဘုရင်အား မကျေမနပ်ဖြစ်လာကြလေသည်။

အထက်ပါပုဂ္ဂိုလ်ငါးဦးအပြင် ဘက်ကာရီယာဆိုသူ အီတာလျံတရားသူကြီးတဦးကလည်း "ရာဇဝတ်မှုနှင့် ပြစ်ဒဏ်ကျမ်း"ကို စီရင်ရေးသားလျက်ဥရောပတိုက်တွင်မမှန်ကန်သော လက်ရှိတရားစီရင်နည်းများကို ပြင်ဆင်လျက် ဖြောင့်မတ်စွာ တရားစီရင်မှုကိုကျင့်သုံးရန်စာတအုပ်ရေးသား၍ ဖြန့်ချိခဲ့လေသည်။

ဤသို့စာပေဖြင့်လူ့အခွင့်အရေးကို ရှေ့ဆောင် လမ်းပြပြုခဲ့ကြသောပညာရှင်တို့၏မီးရှူးတန်ဆောင်ဖြင့်လမ်းခင်းပြမှုကြောင့်ပြင်သစ်လူထုမှာ အတော်ပင် နိုးကြားနေကြလေသည်။ ထိုအချိန်တွင် ပြည်သူ့လွှတ်တော်ကို ခေါ်ယူ၍ အခွန်သစ်စည်းကြပ်ရန်ကိစ္စသို့ရောက်သည့်အခါ တတိယတန်းစားဖြစ်သော လူထုကိုယ်စားလှယ်တို့သည် မိမိတို့အချင်းချင်း စုပေါင်း သစ္စာပြုကြလျက်ပြင်သစ်လူမျိုးအားလုံး ညီတူညီမျှခံစားနိုင်မည့် အခြေခံ ဥပဒေမျိုးကို ရေးဆွဲကြမည်ဟု သန္နိဋ္ဌာန်ပြုကြလေသည်။ လွှတ်တော်တွင်မမျှတသော အခွင့်အရေးများကို မျှတလာစေရန်ပြင်းပြစွာတောင်းဆိုကြသည်။ လူဝီဘုရင်ကလည်း စစ်တပ်ဖြင့်ခြိမ်းခြောက်လေသည်။

တော်လှန်ပွဲ

ထိုအချိန်ကလူထုမှာစိတ်ဓာတ်တက်ကြွလှုန်းနေ၏။ မီးခဲပြာပုံးဖြစ်နေသော ဒေါသတို့သည်ပေါက်ကွဲလျက် ခရစ် ၁၇၈၉ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ပါရစ်မြို့လူထုကြီးသည် ဗက်စတီးခေါ် အကျဉ်းထောင်ကြီးသို့သွားရောက်လျက် တိုက်ခိုက်ပြီး၊ အကျဉ်း

ပြင်သစ်လူထုအား ကလောင်ဖြင့် တပ်လှန့်နှိုးဆော်ခဲ့သော စာရေးဆရာကြီးဗောတဲယား



ဗက်စတီးအကျဉ်းထောင်ကြီးကိုပြင်သစ်လူထုက တိုက်ခိုက်စဉ် သားများကိုလွှတ်ပစ်လိုက်လေသည်။ ဗက်စတီးထောင်ကြီးသည် မတရားဖမ်းဆီးချုပ်နှောင်ထားသော နိုင်ငံရေးအကျဉ်းသားများ ကိုထားရာ လက်မရှိ ထောင်ကြီးဖြစ်ပေသည်။

ဗက်စတီး ထောင်ကြီး ကျဆုံးပြီးနောက် လူထုသည် ပိုမို၍ အုံကြွလာ၏။ အခြေအနေအရ ဗာဆိုင်း အရပ်တွင် ပြောင်းရွှေ့ စံနေလျက်ရှိသောဘုရင်အားပါရစ်မြို့တော်တွင်းသို့ ပြန်လည်ခေါ် ဆောင်ခဲ့ကြ၏။ ဘုရင်က ဖွဲ့စည်းထားသော နိုင်ငံတော်ကာကွယ် ရေးတပ်တို့မှာလည်း အားမကိုးလောက်တော့ဘဲပြည်သူလူထုဖက် သို့ပါဝင်ထောက်ခံလာသည်။

ထိုအချိန်မှစ၍ လူဝီဘုရင်သည် လူထုမျက်စိအောက်မှ အ ပျောက်ခံခွင့်မရှိတော့။ ပါရစ်မြို့တော်တွင် လူထုကိုယ်စားလှယ် အဖွဲ့ဖြင့် မြို့တော်အုပ်ချုပ်ရေးကို စီမံခန့်ခွဲ၏။ နယ်ပယ်များတွင် လယ်သမားတို့ အုံကြွကြ၏။ နယ်စားတို့၏ ရဲတိုက်ကြီးများကို လည်း မီးရှို့ဖျက်ဆီးကြလေသည်။

ထိုနှစ်၌ပင် တနိုင်ငံလုံးအတွက် ပြည်သူ့လွှတ်တော်ကိုကျင်းပ ၍ အစိုးရအဖွဲ့ ဖွဲ့စည်းသည်။ လူဝီဘုရင်သည်အစိုးရ အဖွဲ့ သစ်လုပ် သမျှကို ငြင်းပယ်သည်မရှိ။ နယ်စား ပယ်စားကြီးများ၏ အခွင့် အရေးကိုလျော့နည်းစေလျက်လူထုအခွင့်အရေးတိုးတက်စေသော ဥပဒေများကိုလည်း လက်ခံရ၏။ တိုင်းပြည်သည် လှုပ်ရှားနေရာ မှ တည်ငြိမ်စပြုလာ၏။

သို့သော် ဥရောပ တိုက်ရှိ အိမ်နီးချင်းနိုင်ငံရှိ ဘုရင်များက ပြင်သစ်ဘုရင်သည်မိမိသဘောအတိုင်းမဟုတ်ဘဲ စည်းမျဉ်းဥပဒေ ကို လိုက်နာ၍ အုပ်ချုပ်ရသော စည်းမျဉ်းအုပ် ဘုရင်စနစ်ဖြင့် အုပ်စိုးရသည်ကို မရှုစိမ့်ဘဲ ပြင်သစ်ဘုရင်အားကယ်တင်ရန်သူပုန် များနှင့် တိုက်မည် ခိုက်မည် ပြုသောအခါ လူထုသည် အကြမ်း ဖက် လာပြန်လေသည်။ လူဝီဘုရင်ကို ဖမ်းဆီး ချုပ်နှောင်၏။ ထိုနောက် ခေါင်းဖြတ်၍သတ်လိုက်ကြသည်။

သမတနိုင်ငံ

ထိုနောက် ပြင်သစ် သမတ နိုင်ငံတော်ကို ထူထောင်လိုက် ကြလေသည်။ သမတနိုင်ငံကို ထူထောင်သူခေါင်းဆောင်တို့သည် လွတ်လပ်ခြင်း၊ မျှတခြင်း၊ခင်မင်ခြင်းဟူသောပြင်သစ်အရေးတော် ပုံ၏ လက်သုံးသဘောတရားများကို နှစ်နှစ်ကာကာယုံကြည်ကြသူ များဖြစ်ကြ၏။ သို့သော်လည်း မိမိတို့ အရှုံးအမှုးယုံကြည်သော

ဝါဒဖြင့်ဖွဲ့စည်းသောအစိုးရတည်တံ့ခိုင်မြဲရန်စေတနာပြင်းပြလွန်းသဖြင့် မည်သည့်အလုပ်ကိုလုပ်ရန်မဆိုဝန်မလေးကြတော့ချေ။

ထို့ကြောင့်တော်လှန်ရေး၏ သစ္စာဖေါက်များကိုဋ္ဌင်း၊အချင်းချင်းထဲမှ သစ္စာဖေါက်မည်ဟု ယုံမှားသံသယ်ရှိသော သူတို့ကိုဋ္ဌင်း၊ သတ်ဖြတ်သုတ်သင်ရလေတော့သည်။ သတ်ဖြတ်ရာတွင် ခေါင်းဖြတ်စက်ကြီးကိုသုံး၏။ ထိုခေါင်းဖြတ်စက်ကြီး၏ဓါးသွားအောက်တွင် တော်လှန်ရေးခေါင်းဆောင်အများအပြားပင် ပါဝင်သွားရရာ နောက်ဆုံးတွင် လူပေါင်းတသောင်းမျှကို သတ်ပြီး ဖြစ်လေသည်။ ဤသို့သွေးရူးသွေးတန်းဖြင့် လုပ်နေသောအချိန်ကို“သွေးချောင်းစီးသောခေတ်ဆိုးကြီး”ဟုပင် ခေါ်စမှတ်ပြုကြ၏။

သမတအစိုးရသစ်သည် ပြည်တွင်းပုန်ကန်မှုများကို နှိမ်နင်းနေရရုံတွင်မဟုတ်သေး၊ပြည်ပရှိအင်္ဂလန်၊စပိန်၊ ဟော်လန်၊ ဆာဒီနီးယားစသောနိုင်ငံတို့က ပြင်သစ်ပြည်ကို ဝင်ရောက်တိုက်ခိုက်ကြသည့်အန္တရာယ်များကိုပါ တွန်းလှန်ရလေသည်။

နပိုလျံ

ထိုသို့ တွန်းလှန်ရစဉ်အတွင်း ပြင်သစ်တပ်မတော်ထဲ၌ တိုက်ရည်ခိုက်ရည်ရှိသော နပိုလျံဟူသော တပ်ကြပ်ကလေးတဦးသည် ပါဝင်ခဲ့၏။ ထိုတပ်ကြပ်ကလေးသည် နိုင်ငံရေးအခြေအနေမခိုင်မြဲမှုကို အခွင့်အရေးယူကာ လက်နက်လက်ရုံး အကူအညီဖြင့်အစိုးရကို ဖြုတ်ချသည်။ သူကိုယ်တိုင် သမတနိုင်ငံအကြီးအကဲ ဖြစ်လာသည်။နပိုလျံသည်တိုက်ပွဲပေါင်းများစွာကိုအောင်မြင်သောအခါ ဧကရာဇ်ဘွဲ့ကိုခံယူ၍နယ်ချဲ့၏။ သို့သော် နောက်ဆုံးတွင် နပိုလျံသည် အာဏာလက်လွှတ်ဖြစ်ရလေသည်။

ဤတွင် ပဌမသမတနိုင်ငံ သက်တမ်းဆုံး၏။ သို့သော်ပြင်သစ်

ပြည်တွင် ဒီမိုကရေစီသဘောတရားတို့သည် နှိမ့်လျော့ပျက်ပြား၍ သွားသည်မဟုတ်။တော်လှန်ရေးကြောင့်အမြတ်ထွက်ခဲ့သော လူ့အခွင့်အရေးတို့သည် အဖတ်တင်၍ ဥပဒေအဖြစ်ကျန်ခဲ့လေသည်။

ခရစ်နှစ် ၁၈၄၈ ခုနှစ် ကျပြန်သောအခါ နပိုလျံ၏တူတော်သူတဦးကို ဒုတိယသမတနိုင်ငံတွင်အကြီးအကဲတင်မြှောက်ကြ၏။ ထိုသူသည် တတိယနပိုလျံဘွဲ့ဖြင့်ဧကရာဇ်ဘွဲ့ကိုခံယူ၏။နှစ်ပေါင်း ၂၂နှစ်မျှကြာသော် ဂျာမနီနှင့်စစ်ဖြစ်၍ တတိယနပိုလျံမှာရန်သူလက်တွင်အကျဉ်းခံရလေသည်။

ဒီမိုကရေစီသို့

ထိုအခါ တတိယ သမတနိုင်ငံကို ထူထောင်ကြပြန်လေသည်။ တတိယ သမတ နိုင်ငံစည်းမျဉ်းအရ ပြင်သစ်ပြည်တွင် လူထုကရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်တို့ ပါဝင်သည့် လွှတ်တော်နှစ်ရပ်ဖြင့် စီမံအုပ်ချုပ်၏။ လူထုသည် သမတအစိုးရလက်အောက်တွင် ဒီမိုကရေစီအခွင့်အရေးများကို ပြည့်ဝစွာခံစားသုံးစွဲလာနိုင်ကြပေတော့သည်။

ဤအခွင့်အရေးများသည် လူထု၏အသက်စည်းစိမ်ဖြင့် တခဲနက်အုံကြွတော်လှန်အပ်သောပြင်သစ်တော်လှန်ရေးကြီးမှသီးပွင့်လာသောအကျိုးတရားများဖြစ်လေသည်။

၁၀။ အီတလီပြည်စည်းလုံးရေး

ဥရောပတိုက်တွင် ပြင်သစ်တော်လှန်ရေးဂယက် ရိုက်ခတ်ခြင်းခံရသဖြင့် အမျိုးသားစိတ် ဒီရေတိုးတက်လျက်ရှိသောနိုင်ငံများထဲတွင်အီတလီသည်တခုအပါအဝင်ဖြစ်၏။

ပြင်သစ်တော်လှန်ရေး၏ နောက်ပိုင်းတွင် နပိုလျံစစ်ဘုရင်

တန်ခိုးထွားလာခဲ့ပြီးရာမှ အမျိုးသားစိတ် တက်ကြွမှုကို အရေး မထားဘဲ ဥရောပနိုင်ငံအားလုံးကို သိမ်းကြုံး တိုက်ခိုက်ခဲ့သည်။ ထိုအခါ ဩစတြီးယား၊ ရုပ်ရှား၊ ပရပ်ရှားနှင့် အင်္ဂလိပ်တို့က ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် နပိုလျံသည် ထိုးနှန်းဆုံးရှုံးလျက်ပြည် နှင်ခံရသည့်အခြေသို့ပင်ဆိုက်ခဲ့သည်။

အစိတ်စိတ်အမြွာမြွာဖြစ်ရသည့်အီတလီ

နပိုလျံကျဆုံးပြီးသောအခါ အထက်ပါ မဟာမိတ်နိုင်ငံကြီး လေးခုပင်ပေါင်း၍ ခရစ်နှစ် ၁၈၁၄ ခုနှစ်နှင့် ၁၈၁၅ ခုနှစ်များတွင် ဗီယင်နာမြို့တွင် စာချုပ်တခုချုပ်ဆိုကြသည်။ အမှန်စင်စစ် စာ ချုပ်ချုပ်ဆိုပွဲမှာ စစ်နိုင်သော နိုင်ငံတို့သည် နပိုလျံတိုက်ခိုက် အောင်မြင်ခဲ့သောတိုင်းပြည်များအား နန္ဒင်းမကောင်းမှု ကိုလှီးယူ သကဲ့သို့ ခွဲဝေယူကြခြင်းသာ ဖြစ်ပေသည်။ စာချုပ်လက်မှတ် ရေးထိုးကြသောနိုင်ငံကြီးတို့၏သဘောမှာပြင်သစ်အရေးတော်ပုံ စိတ်ဓါတ်များကိုဆန့်ကျင်လေသည်။ ထိုစဉ်ကပျံ့နှံ့လျက်ရှိသော လူမှုရေးအယူအဆသစ်များကိုလည်း ဂရုမထားကြပေ။

ဤသို့ ဝေစုခွဲပွဲကြီး ပြီးဆုံးသည့်နောက် အီတလီနိုင်ငံသည် ဩစတြီးယား ဘုရင်၏ လက်အောက်သို့ ရောက်သွားခဲ့သည်။ ထိုအခါ အီတလီပြည်သည် ယနေ့ အခြေအတိုင်းမဟုတ်ဘဲ နယ် ပေါင်း ၁၁ နယ်ကွဲလျက် မင်းညီမင်းသားများ လက်အောက်ခံ၊ သာသနာပိုင်၏ လက်အောက်ခံ၊ ဘူဘွန်ခေါ် ပြင်သစ်မင်းဆက် များလက်အောက်ခံ စသည်ဖြင့်ကွဲပြားလျက်ရှိ၏။

ခေါင်းဆောင်မက်ဇီနီ

ဤနေရာတွင် အီတလီမျိုးချစ်ပုဂ္ဂိုလ်တို့သည် အီတလီပြည်ကို

အီတလီလူငယ်ကလေးများအား မျိုးချစ်စိတ်ဓာတ်သွင်းပေး၍ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သောခေါင်းဆောင်ကြီးမက်ဇီနီ

မည်သို့စည်းလုံးရမည်နည်း၊ မည်သို့သောအစိုးရမျိုး တည်ထောင်ရမည်နည်းဟူသော ပြဿနာ နှစ်ရပ်ကို ဖြေရှင်းရန် ရင်ဆိုင်ကြရသည်။ ၎င်းတို့အထဲတွင် ပဋ္ဌမမျိုးချစ်ပုဂ္ဂိုလ်တစုက အီတလီလူထု၏ အင်အားဖြင့် အီတလီကိုစည်းရုံးကာ သမတ အစိုးရမျိုးတည်ထောင်ရန် သဘောတူကြ၏။ ထိုဂိုဏ်းကိုသမတဂိုဏ်းဟူ၍ခေါ်၏။ ခေါင်းဆောင်မှာ မက်ဇီနီဆိုသူဖြစ်၏။ မက်ဇီနီသည် မြန်မာနိုင်ငံတွင် ဂျပန်ခေတ်က ထင်ရှားခဲ့သောအာရှလူငယ်များအစည်းအရုံးသဘောမျိုးကဲ့သို့ အီတလီလူငယ်များအသင်းဟူ၍ အသင်းကြီးတသင်းထူထောင်၏။ ထိုအသင်းသည် တော်လှန်ရေးအတွက် ခုခံတိုက်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်ချက်များ ပြုလုပ်၍ မပြီးသေးမီပင် ဩစတြီးယား စစ်တပ်များ၏ ချိုးနှိမ်တိုက်ဖျက်ခြင်းကို ခံလိုက်ရလေသည်။

ကာဗူး

မက်ဇီနီ၏ သမတနိုင်ငံ ထူထောင်ရန် အကြံပျက် ပြားပြီးနောက် အခြားမျိုးချစ် ပုဂ္ဂိုလ်တဦး ပေါ်လာသည်။ ထိုသူမှာ မှူးမတ်မျိုးနွယ်ဖြစ်၏။ အီတလီ မြောက်ပိုင်း ဆာဒီးနီးယားပြည် ဘုရင်၏နန်းရင်းဝန်ဖြစ်လာသောကောင့်ကာဗူးဆိုသူဖြစ်သည်။ ကာဗူးသည် တော်လှန်ရေးသမားများ၏တပ်များက ဩစတြီးယားတပ်များအားလက်နက်ချင်းယှဉ်နိုင်မည်ကိုသိ၏။ ထို့ကြောင့် ပြင်သစ်ဘုရင် တတိယ နပိုလျံနှင့်မဟာမိတ်ဖွဲ့၍ဩစတြီးယားပြည်ကို တိုက်ခိုက်ရာ တနှစ်အတွင်း အီတလီမြောက်ပိုင်း သည် မိမိတို့ ဘုရင်၏ လက် ဝယ် သို့ ပြန် လည် သိမ်း ဆည်း မိ လေသည်။

ဂါရီဘော်လဒီ

မြောက်ပိုင်း စည်းရုံးမိသော်လည်း တောင်ပိုင်း အီတလီမှာ ဩစတြီးယားလက်အောက်တွင် ကျန်သေး၏။ ထိုအခါဂါရီဘော်လဒီဆိုသူ လွတ်လပ်ရေးသူရဲကောင်းတဦးပေါ်လာပြန်သည်။ ဂါရီဘော်လဒီသည် အီတလီလူငယ်အသင်းဝင်ဖြစ်ပြီးလျှင် ပျက်ပြားသွားသော မက်ဇီနီ၏ တော်လှန်ရေးမှ ခေါင်းဆောင်တဦးဖြစ်၏။ တော်လှန်ရေးမအောင်သဖြင့် တောင်အမေရိကတိုက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး နိုင်ငံရေးပညာနှင့် ပြောက်ကျားစစ်ဆင်နည်းပညာတို့ကို ကောင်းစွာ သင်ယူတတ်မြောက်လာ၏။ ဂါရီဘော်လဒီသည် ရဲဘော်တထောင်မျှဖြင့် ၁၈၆၀ပြည့်နှစ်တွင်အီတလီပြည်သို့ ပြန်ကူးလာ၏။ စစ္စလီကျွန်းမှတက်လျက် ကျွန်းသူ ကျွန်းသားများ၏အကူအညီကြောင့်၎င်း၊ မိမိ၏ရှပ်နီတပ်သားများ၏ စွန့်စွန့်စားစားတိုက်ခိုက်မှုကြောင့်၎င်း၊ တောင်ပိုင်းတပိုင်းလုံးကိုအောင်မြင်ခဲ့သည်။

ထိုနောက် မြောက်ပိုင်းမှ ဘုရင် ဗစ်တာအိမန္နူအယ်နှင့်ဂါရီဘော်လဒီတို့ဆုံမိကာ အီတလီပြည်သည်လည်းလုံးဝပေါင်းစည်းလုမတတ်ဖြစ်သွား၏။ ကျန်နေသောနယ်ပယ်အချို့ကိုလည်းအီတလီစစ်တပ်၏ လက်ရုံး ရည်ဖြင့် မကြာမီ ပြန်လည် ရရှိ လေသည်။

ထိုအချိန်မှစ၍ အီတလီသည် လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများ၏ခေါင်းဆောင်မှုကြောင့် ဥရောပတိုက်တွင်စည်းလုံးမိသော ပြည်တပြည်ဖြစ်လာ၏။ နောင်အခါတွင် သမတနိုင်ငံဘဝသို့ပင် တက်လှမ်းနိုင်ခဲ့လေသည်။

၁၁။ မက္ကဆီကိုလွတ်လပ်ရေး

သယံဇာတ ပစ္စည်းများ ပေါကြွယ်ဝသော မက္ကဆီကိုပြည်ကို

အီတလီလွတ်လပ်ရေးတိုက်ပွဲတွင် ခေါင်းဆောင်ခဲ့သော
လွတ်လပ်ရေးသူရဲကောင်းကြီး ဂါရီဘော်လဒီ

စပိန်တို့သည် နှစ်ပေါင်း ၃၀၀မျှ အုပ်စိုးခဲ့ကြသည်။ စပိန်တို့ဥရောပတိုက်မှ အမေရိကန်တိုက်သို့ကူး၍ မက္ကဆီကန်ကမ်းခြေသို့ တက်ရောက်စဉ်က ဗိုလ်ပါအလုံးအရင်းမှာ လူ ၆၃၂ ယောက်၊ မြင်း ၁၆ ကောင်မျှသာဖြစ်လေသည်။ ထိုအဖွဲ့၏ခေါင်းဆောင်မှာ ဟာနန်ကော်တေဖြစ်သည်။ ဥရောပတိုက်သားတို့သည် ထိုခေတ်ကအတိုင်းတိုင်းအပြည်ပြည်သို့ ရေကြောင်းကြည်းကြောင်းဖြင့် သွားရောက်၍ နယ်ပယ်ချဲ့ထွင်ခဲ့ကြရာ ကော်တေတို့အဖွဲ့ ရောက်လာသည်မှာလည်း ထိုလုပ်ငန်း အတွက်ပင် ဖြစ်၏။ ကော်တေက "ကျုပ်ဒီကိုလာတာ ရွှေတွေလိုချင်လို့ဘဲ၊ လယ်သမားလို လယ်ထွန်ပြီးအလုပ်လုပ်ဘို့မဟုတ်ဘူး" ဟု ပြောခဲ့သည်။ နောင်အခါ စပိန်တို့သည် ရွှေကိုလည်းယူခဲ့သည်။ လူကိုလည်း ဖိနှိပ်ခဲ့သည်။ သားစဉ်မြေးဆက် အနှစ် ၃၀၀ မျှတိုင်အောင် သူတပါးတိုင်းပြည်တွင် မင်းမူကြလေသည်။

နယ်သစ်ရှာသူများလက်ချက်။

မက္ကဆီကန် လူမျိုးတို့သည် စပိန်တို့ မရောက်မီကပင် ကြွယ်ဝထင်ရှားသော ယဉ်ကျေးမှုရှိခဲ့၏။ သို့သော် လောဘသား စပိန်နယ်ချဲ့သမားတို့ရောက်သောအချိန်တွင် ယဉ်ကျေးမှုမှာထွန်းကားခြင်းမရှိလှတော့ပေ။ စပိန်တို့သည် မက္ကဆီကိုပြည်ကို ဘုရင်ခံများစေလွှတ်အုပ်ချုပ်၏။ စပိန်အုပ်ချုပ်ရေး အရာရှိများ၊ ဘုန်းကြီးများ၊ နယ်သစ်ရှာသူများလည်းတိုင်းပြည်တွင်းသို့တဖွဲဖွဲဝင်လာ၏။ နောက်ဆုံး၌တွင် အုပ်ချုပ်ရေးမှာယိုင်နဲ့လာ၏။ အဂတိလိုက်စားမှုများပါဝင်လာ၏။ လူထုအတွက်ပညာရေး၊ ကျန်းမာရေး၊စည်ပင်သာယာရေးစသော လုပ်ငန်းများကိုလည်း တာဝန်ရှိသောအစိုးရသည်မေ့မေ့လျော့လျော့ပြုကြရုံမျှမက ပစ်ပယ်၍ပင်ထားကြပေ

သည်။ ဥပမာပြရလျှင် စပိန်အစိုးရသည် မက္ကဆီကိုပြည်တွင်လမ်းကောင်းကောင်းပင် ဖောက်လုပ်မပေးခဲ့ပေ။

ခေါင်းဆောင် ဟီဒယ်လဂို

ဤသို့သော အခြေအနေမျိုးတွင် ဖိနှိပ်ခံရခြင်း၏ အဆုံး၌ ပေါက်ကွဲခြင်း ရှိရသည်ဟူသော နိယာမတရားအတိုင်း အဖိနှိပ်ခံလူထုသည်အုံကြွလာ၏။ အုံကြွမှုကို ခေါင်းဆောင်မည့် ခေါင်းဆောင်ကောင်းတဦးလည်း ပေါ်ပေါက်လာ၏။ ထိုခေါင်းဆောင်ကားဖားသားဟာ ဒယ်လဂိုဆိုသူဘုန်းကြီးတပါးဖြစ်၏။ ဟီဒယ်လဂို၏ ခေါင်းဆောင်မှုဖြင့် ခရစ်နှစ် ၁၈၂၁-ခုတွင် မက္ကဆီကိုတို့သည် စပိန်အစိုးရကိုတော်လှန်ရာ၊ စပိန်အုပ်ချုပ်ရေးသည် အမြစ်မှနေ၍ ကိုင်လှုပ်လိုက်သကဲ့သို့ သွက်သွက်ခါသွား၏။ ထိုနှစ်တွင်ပင် လွတ်လပ်ရေးကိုရရှိ၏။ သို့သော်လွတ်လပ်ရေး၏ ဦးဆောင်လမ်းပြဖခင်ကြီး ဟီဒယ်လဂိုအား စပိန်တို့က ဖမ်းဆီးရမိ၍ သေနတ်ဖြင့် ပစ်သတ် အဆုံးစီရင်လိုက်သည်။ လူသေသော်လည်း လွတ်လပ်ရေးသူရဲကောင်း ဟီဒယ်လဂို၏အမည်ကားမသေဘဲ၊မက္ကဆီကန့်သမိုင်းတွင် သတင်းမွှေး၍ ကျန်ရစ်လေသည်။

အခြားခေါင်းဆောင်များ

ထိုအချိန်မှ စ၍ မက္ကဆီကိုသည် လွတ်လပ်ရေး လမ်းစကိုနင်းမိသည်ဟုဆိုရမည်။ လွတ်လပ်သော ကိုယ်ပိုင် အစိုးရဖွဲ့ပြီးနောက် နှစ်ပေါင်း ၁၀၀ မျှအတွင်း မက္ကဆီကိုပြည်တွင်း၌တော်လှန်ရေးများ၊ပြုပြင်ပြောင်းလဲရေးများ ပေါ်ပေါက်ခဲ့သေး၏။ ဤသို့ ပေါ်ပေါက်ခဲ့သည်နှင့် အမျှ ပြည်သူ့အခွင့်အရေးတို့ကို တိုးတက်ရရှိလာခဲ့ကြသည်။ ထိုနှစ်ဘရာအတွင်း ထင်ရှားသော တိုင်းရင်း

သား ခေါင်းဆောင်ကား သမတ ဗင်နီတိုဝါရက်၊ ဖရန်စစ္စကို ဒါရို၊ အယ်မီလီယာနို၊ ဇပါတားတို့ဖြစ်ကြသည်။

ခေါင်းဆောင် တဦးဖြစ်သူ ဇပါတား၏ "ဒူးထောက်၍ အသက်ရှင် ရသည်ထက် ကိုယ့် ခြေထောက်ဖြင့် မတ်တတ် ရပ်၍ သေရသည်က မြတ်၏"ဟု ဆိုခဲ့သော စကားကို လူအများကပင် အမှတ်တရနှင့် လက်သုံးထားကြလေလည်။

၁၂၊တောင်အမေရိက၏လွတ်လပ်ရေးသူရဲကောင်း

အမေရိကန်နှင့် ပြင်သစ်အရေးတော်ပုံတို့၏ နောက်ပိုင်းခရစ်နှစ် ၁၈၀၀ ပြည့် အလွန်တွင် တိုင်းတပါးသား လက်အောက်သို့ကျရောက်လျက်ရှိသော နိုင်ငံများသည် မိမိတို့ လွတ်လပ်ရေးအတွက် စိုးမိုးအုပ်ချုပ်သူများကို အမျိုးသားများ စုပေါင်း အုံကြွ၍တော်လှန်တိုက်ခိုက်ကြ၏။

မြောက်အမေရိကတိုက်တွင် မက္ကဆီကိုစသော တိုင်းပြည်တို့တွင်နယ်ချဲ့သမားစပိန်တို့အားခုခံတော်လှန်ကြသကဲ့သို့ပင်တောင်အမေရိကတိုက်ရှိ ဗယ်နီဇွဲလာပြည်၊ ကိုလံဗီယာပြည်၊ အီကွေဒေါပြည်၊ပီရူးပြည်၊ ဗိုလီဗီးယားပြည်တို့သည်လည်း စပိန်နှင့်ပေါ်တူဂီနယ်ချဲ့ သံဖနောင့်အောက်မှ တော်လှန် တိုက်ခိုက်ကြလေသည်။ တောင် အမေရိကတိုက်ရှိ ထိုနိုင်ငံစုကိုလက်တင်အနွယ်ဝင်များနေထိုင်ကြသဖြင့် လက်တင်အမေရိကန် နိုင်ငံများဟုခေါ်၏။ ထိုလက်တင် အမေရိကန်နိုင်ငံများ၏ လွတ်လပ်ရေးသမိုင်းတွင် ဆိုင်မွန်ဗိုလီဗာဆိုသူ ခေါင်းဆောင်တဦး၏အမည်မပါလျှင် မပြည့်စုံပေ။ ထို့ကြောင့်လည်း သူ့အားအမှတ်တရအနေဖြင့် ဗိုလိုလီဗီးယားခေါ် နိုင်ငံတနိုင်ငံကိုပင်တည်ထောင်ထားခဲ့ကြသည်။

ဗိုလီဗာသည် ဗယ်နီဇွဲလားနယ်သားဖြစ်၏။ သူသည် နိုင်ငံ

ဆိုင်မွန်ဗိုလီဗာ

တနိုင်ငံတည်း၏ခေါင်းဆောင်မဟုတ်။ လက်တင်အမေရိကန်နိုင်ငံစု၏ ခေါင်းဆောင် ဖြစ်ခဲ့လေသည်။ ယခုတိုင် ထိုနိုင်ငံများတွင် သူ့ကို "ကယ်တင်ရှင်" ဟု တင်စားခေါ်ဝေါ်ကြ၏။ အမေရိကန်တို့ကမူ "တောင်အမေရိကတိုက်၏ ဂျော့ဝါရှင်တန်" ဟုဆိုစမှတ်ပြုကြသည်။

ဗိုလီဗာသည်ကြွေးရတတ်သားဖြစ်၍စည်းစိမ်နှင့်နေနိုင်သော်လည်း လွတ်လပ်ရေးကို ခုံမင် မြတ်နိုးသူဖြစ်၏။ ဥရောပတိုက်နှင့် အမေရိကတိုက်တို့သို့ သွားရောက်၍ ပညာသင်ယူခဲ့၏။ ထိုနောက် ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် လွတ်လပ်ရေးလုပ်ငန်းကို ကိုယ်ရောစိတ်ပါ လုပ်နိုင်ရန် တော်လှန်ရေးတွင်ဘဝကိုမြှုပ်နှံလျက် အားသွန်ခွန်စိုက် ကြိုးပမ်းလေတော့သည်။

ဆိုင်မွန်ဗိုလီဗာ၏ကြိုးစားမှုဖြင့် အနှစ် ၃၀၀ နီးပါးတိုင်းတပါးကျွန်သဘောက်ဖြစ်ခဲ့ရာမှ လွတ်မြောက်ရ၏။ ဗယ်နီဇွယ်လားပြည် လွတ်လပ်ရေးကိုကြေညာနိုင်၏။ သို့သော် ရန်သူများကို အပြီးတိုင် မတော်လှန်နိုင်သေးသဖြင့် ဗိုလီဗာသည် တပြည်နှင့် တပြည်ကို ကူးသန်း၍ ပုန်းအောင်းရွေ့ပြောင်းနေရ၏။ ရောက်ရှိသော တိုင်းပြည်မှ လူထု၏အကူအညီဖြင့် တော်လှန်ရေးကိုလုပ်၏။ သူသည် စစ်တပ်တတပ်ကိုဦးဆောင်လျက် စပိန်တပ်များကို ရှုပ်ရှုပ်ချချ တိုက်ခိုက်သုတ်သင်၏။ နောက်ဆုံးတွင် နိုင်ငံအားလုံးလွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းနိုင်ပေတော့သည်။ လွတ်လပ်ရေး ရရှိသောပြည်များထဲမှ ပီရူးပြည်၏အတော်ကျယ်ဝန်းသော ဒေသကို ခွဲထုတ်၍ လက်တင် အမေရိကန်ပြည်သားတို့သည် လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဆိုင်မွန်ဗိုလီဗာကို သတိရစိမ့်သောငှါ ဗိုလီဗီးယား အမည်ဖြင့် သမတနိုင်ငံ တနိုင်ငံ ထူထောင်လိုက်ကြလေသည်။

၁၄။ ဖိလစ်ပိုင်လွတ်လပ်ရေး

ဖိလစ်ပိုင်ပြည်ကို ဦးစွာပဌမကျွန်နှောင်ကြိုးတဲခဲ့သောတရားခံမှာ စပိန်နိုင်ငံဖြစ်ပေသည်၊စပိန်တို့သည် ကိုလိုနီနယ်ချဲ့ခေတ်က ကမ္ဘာ့အရှေ့အနောက်တခွင်သို့ ရေကြောင်းဖြင့် ခရီးထွက်လျက် လက်အောက်ခံနယ်ပယ်များရှာဖွေခဲ့သော လူစုများ ဖြစ်ကြပေသည်။

ဖိလစ်ပိုင် အမျိုးသားတို့သည် စပိန်တို့လက်အောက်တွင် နှစ်ပေါင်း ၃၅၀ မျှကျွန်တွင်း၌နေလျက်-မရှိ၊ မလှ၊ မဝ အဖြစ်မျိုးနှင့် ကြုံခဲ့ရ၏။ သို့သော်လည်း လူ၏ ဇာတိစိတ်သည် လွတ်လပ်ခြင်းကို ထာဝစဉ်တောင့်တရှာကြံတတ်သည်ဖြစ်ရကား ဖိလစ်ပိုင်လူမျိုးတို့သည်လည်းလူအချင်းချင်းသွေးစုတ် အနိုင်ကျင့်ကြသော စပိန်လူမျိုးတို့၏ လက်အောက်မှ မဖြစ်ဖြစ်သောနည်းဖြင့် ရုန်းကန်လှုပ်ရှားခဲ့ကြလေသည်။

လက်နက်အားကိုးအစိုးရ

စပိန်အစိုးရသည် မိမိတို့၏ဘုရင်ခံဖြင့် ဖိလစ်ပိုင်ကျွန်းစုများကို အုပ်ချုပ်၏။ ဘုရင်ခံဖြင့် အုပ်ချုပ်သည်ဆိုသော်လည်း စပိန်စစ်ရဲများ၏လက်နက်အားကိုး အုပ်စိုးသော ဖက်ဆစ်အစိုးရမျိုးဖြစ်၏။ အုပ်ချုပ်စီမံပုံမှာ ညံ့ဖျင်းလှသည့်ပြင် တိုင်းသူ ပြည်သားတို့အား ကြီးလေးသော အခွန်များကို စည်းကြပ်ခြင်းဖြင့်လူ့ဘုမှာဗျူးလေးရာ ဖရုံဆင့်သည့်နှယ် ခံရပေတော့သည်။ ဤမျှသာမဟုတ်သေး၊ စပိန်တို့သည် တိုင်းရင်းသားတို့အား ခရစ်ယန်ဘာသာသို့အတင်းအကြပ်သွတ်သွင်း၏။ ဖရိုင်ယာခေါ် စပိန်ဘုန်းကြီးများကလည်း ဘာသာရေးတွင်သာမဟုတ်၊အုပ်ချုပ်ရေးကိုပါ ဝင်ရောက်စွက်ဖက်၏။ မိမိတို့ ကိုယ်ကျိုးစီးပွါးအတွက် လယ်မြေများကိုပင် မြောက်များစွာ ပိုင်ဆိုင်ထားကြ၏။ စပိန်အစိုးရတို့သည် လူအများကိုလည်း မလိုလျှင် မလိုသလို ဖမ်းဆီးချုပ်နှောင်ကာ အပြစ်ပေးကြသည်။

ဤသို့သောအချိန်၌ ဖိလစ်ပိုင် အမျိုးသားတို့ကို ရှေ့ဆောင်မည့်ခေါင်းဆောင်ကောင်းများပေါ် ပေါက်ခဲ့၏။ ၎င်းတို့အထဲတွင် ဒယ်ပီယာ၊မာဘီနီ၊ဟိုဇေရီဇော်တို့မှာ နာမည်ကြီး၏။

ခေါင်းဆောင်ရီဇော်

ရီဇော်ဆိုသူမှာအရှယ်ကောင်းတုန်းတွင်စပိန်အစိုးရ၏ဖမ်းဆီးပစ်သတ်ခြင်းကိုခံရ၏။ ရီဇော်သည် နိုင်ငံခြားတိုင်းပြည်ကြီးများသို့ ရောက်ဘူး၏။ ကမ္ဘာ့အမြင်ရှိ၏။ ဆေးပညာကို တတ်မြောက်သော ဒေါက်တာဘွဲ့ရ ဆရာဝန်တဦးလည်းဖြစ်၏။ ဒေါက်တာရီဇော်သည် ဝတ္ထုစာအုပ် နှစ်အုပ်ရေး၍ ဖိလစ်ပိုင် ပြည်တွင်း၌ ဖြန့်ချိခဲ့၏။ သူ့စာအုပ်များ လူထုလက်သို့ ရောက်သော အခါ တိုင်းတုန်သွား၏။စပိန်အစိုးရလည်း မျက်လုံးပြူးသွား၏။ဒေါက်တာရီဇော်သည် သူ့ဝတ္ထုများတွင် လက်ရှိဖိလစ်ပိုင်နိုင်ငံ၏ အခြေအနေကို နောက်ခံထားလျက် ဇာတ်ကွက်ဖော်ပြီးလျှင် ဖိလစ်ပိုင်အမျိုးသားတို့အား "မျက်စိဖွင့်ကြလော့" ဟု သွယ်ဝိုက်သောနည်းဖြင့်ရေးသားလှုံ့ဆော်ထား၏။

ထိုစာအုပ်များကို ဖတ်ကြရသူတို့သည် တကျွန်းသား စပိန်တို့အား မုန်းတီးသည်ထက် မုန်းတီးလာကြ၏။ စပိန်အစိုးရကလည်း ထိုစာအုပ်များကို ဖျက်ဆီး၏။တွေ့ရာတွင်သိမ်း၏။ သို့သော်လည်း ဖိလစ်ပိုင်ပြည်တွင်း၌ လွတ်လပ်ရေးတောင်းဆိုရန်အသင်းနှင့် အဖွဲ့နှင့် တိတ်တဆိတ်ပင်ဖွဲ့စည်းပြီးကြလေပြီ။

ဒေါက်တာရီဇော်၏ အဖွဲ့မှာ "ဖိလစ်ပိုင် လူငယ်များအဖွဲ့" ဖြစ်၏။ ဒေါက်တာရီဇော်သည် လက်နက်ဖြင့် တော်လှန်၍ လွတ်လပ်ရေးရယူနည်းကို မကြိုက်။ တိုင်းရင်းသားများ မျက်စိပွင့်လာလျှင် စပိန်တို့သည် တနေ့တွင် လွတ်လပ်ရေးကို မုချဆတ်ဆတ် ပေးရမည်ဟု တွက်ကိန်းချထား၏။

သို့သော် လက်နက်ကိုင်တော်လှန်ရေးကား တား၍ မရတော့ပေ။ ရီဇော်ကို ပုန်ကန်ရန် လှုံ့ဆော်သည်ဟုဆိုကာ ခရစ်နှစ် ၁၈၉၆ ခုနှစ်တွင် သတ်လိုက်ကြသောအခါ ဖိလစ်ပိုင်တို့သည်စပိန်တို့အား ရရာလက်နက်ဖြင့် ထွက်၍တိုက်ကြသည်။

စပိန်နှင့်အမေရိကန်စစ်ပွဲ

စပိန်တို့သည် ဖိလစ်ပိုင် တော်လှန်ရေးကို မဖိနှိပ်နိုင်ကြပေ။ ဖိလစ်ပိုင်တို့သွေးပူနေခြင်းကို အေးသွားစေရန် ပြုပြင်ရေးစကားများဖြင့် နှစ်နှစ်မျှ အချိုသတ်ထားလိုက်၏။ သို့သော်မကြာမီပုန်ကန်မှုများ ဖြစ်ပွါးပြန်လေသည်။ ထိုနှစ်တွင် အမေရိကန်နှင့်စပိန်လည်းစစ်ဖြစ်ပွါးပြန်သဖြင့် ဖိလစ်ပိုင်အမျိုးသားတို့သည်လွတ်လပ်ရေးရရန် အခွင့်ကောင်းပေါ်ပြီထင်ကြကာ အမေရိကန်တို့ကိုပင်ကူညီ၍တိုက်ခိုက်ပေး၏မိမိတို့၏။ တော်လှန်ရေး အစိုးရကို ဖွဲ့စည်း၏။အခြေခံဥပဒေကို ရေးဆွဲရန် စိုင်းပြင်းကြ၏။

ထိုအချိန်တွင် အမေရိကန်သည် စစ်နိုင်၍ ဖိလစ်ပိုင်ကျွန်းကို စပိန်လက်မှ ယူလိုက်၏။ဖိလစ်ပိုင်တို့အတွက်ကား သခင်ပြောင်းခြင်းသာဖြစ်၍ လွတ်လပ်ရေးနှင့် ဝေးကြရပြန်လည်။ သို့သော် သူ့ကျွန်မခံလိုပြီဖြစ်သောအမျိုးသားတို့သည် အမေရိကန်အစိုးရကိုပင် ပြောက်ကျားနည်းဖြင့် တိုက်ပွဲဝင်ခဲ့ကြပြန်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖိလစ်ပိုင်တို့သည် ဂျပန်ဖက်

ဆစ်တို့အား စွန်းလွန်းတမံ တိုက်ခိုက်ခဲ့ကြသည်မှာမှတ်တမ်းတင် ဖွယ်ဖြစ်ခတော့သည်။ ထိုသို့သော စိတ်ဓါတ်ရှိသောကြောင့်လည်း စစ်ကြီးအပြီး၌ လွတ်လပ်ရေးရရှိ၍ သမတနိုင်ငံ ထူထောင်နိုင်ခဲ့ကြပေသည်။

၄။ တိုက်ပွဲအမျိုးမျိုး

ဤသို့လျှင် ကမ္ဘာဦးအစလူဟူ၍ ပေါ်ပေါက်ခဲ့ပြီးသည့်နောက်မှစ၍လူတို့သည်ရှင်ဘုရင်ဖြစ်စေ၊အာဏာရှင်ဖြစ်စေ၊နယ်ချဲ့သမားဖြစ်စေ၊ ဘုရင်ခံဖြစ်စေ၊ စစ်ဗိုလ်ချုပ်ပင်ဖြစ်စေ၊ မိမိအား စိုးမိုးအုပ်ချုပ်နေသူတို့ထံမှလူ့ဘဝလူ့ဇာတိတွင် တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးအမျိုးမျိုးတို့ကို လူမျိုးအနေဖြင့်၎င်း၊ တိုင်းပြည် တပြည် အနေဖြင့်၎င်း၊ ရရှိစေရန် မိမိ ဉာဏ်မှီသည့် နည်းအမျိုးမျိုးဖြင့်တောင်းဆိုခဲ့ကြသည်။

ဤသို့ တောင်းဆိုရာ၌ချက်ချင်းလက်ငင်း ရသည်လည်းရှိ၏။ ဖြေးဖြေး ဆေးဆေး ရသည်လည်းရှိ၏။ တကြိမ် အရေး မလှ၍ အကြိမ်ကြိမ်အားထုတ်ကာလှေ့ခွက်ချည်းကျန်ကျန် အလံမလှဲဘူး ဟူသော ဝါဒကို လက်ကတုံးတောင်ဝှေးပြု၍ တိုက်ခဲ့ကြရသည် လည်းရှိသည်။

ထို့ကြောင့် လူ့သမိုင်းကိုလေ့လာလျှင်အရေးတော်ပုံများ၊ တော်လှန်ရေးများ၊ လွတ်လပ်ရေးတိုက်ပွဲများ၊ သပိတ်များ၊ ဆန္ဒပြပွဲများဖြင့် ပြည့်နှက်လျက်ရှိသည်ကို တွေ့ရပေသည်။

လွတ်လပ်ခွင့်နှင့်လွတ်လပ်ရေး

လူတို့လိုချင်သည်မှာ အများအားဖြင့် ပုဂ္ဂလိက လွတ်လပ်ခွင့် နှင့် နိုင်ငံနှင့်ချီ၍ရရှိသော လွတ်လပ်ခွင့်တို့ဖြစ်၏။ ပုဂ္ဂလိကလွတ်လပ်ခွင့်တို့ကား လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်၊ ကိုးကွယ်

ခွင့်အစရှိသောလွတ်လပ်ခြင်း၊ညီမျှခြင်း၊ တရားမျှတခြင်းတို့အကြုံးဝင်သည့် လောကပါလတရားများဖြစ်သည်။ ထိုသို့သောလွတ်လပ်ခွင့်မျိုးကိုရရှိရန်မှာလည်း နိုင်ငံတနိုင်ငံသည်ဦးစွာလွတ်လပ်ရေးကိုရရှိနေဦးမှဖြစ်သည်။ နိုင်ငံပင် လွတ်လပ်ရေးရရှိသည်ဟု ဆိုသော်လည်းနိုင်ငံသားတိုင်းသည် ပုဂ္ဂလိကလွတ်လပ်ခွင့် ရရှိမြဲဖြစ်သည်ဟု မဆိုနိုင်။ ထို့ကြောင့်ရန်ဖန်ရံခါ ထိုအခွင့်အရေးများအတွက်လွတ်လပ်ရေးရပြီးမှ နည်းအမျိုးမျိုးဖြင့် ရရှိအောင် ကြိုးပမ်းရတတ်သည်။

သွေးမြေကျတော်လှန်ရေး

လွတ်လပ်ခွင့်နှင့် လွတ်လပ်ရေးတို့ကို လက်ဝယ်ထိန်းသိမ်းနိုင်ရေးအတွက် တိုက်ခိုက်ရာတွင်လည်းသွေးထွက်သံယိုနည်းနှင့်သွေးတစက်မထွက်ရဘဲ အောင်မြင်သောနည်းဟူ၍ နှစ်မျိုးရှိပြန်သည်။

သွေးထွက်သံယိုနည်းမှာ ပြင်သစ်တော်လှန်ရေး၊ အမေရိကန်လွတ်လပ်ရေး၊ မက္ကဆီကိုလွတ်လပ်ရေးတို့ကဲ့သို့သော သွေးမြေကျခံ၍ တိုက်ခိုက်ခဲ့ရသော ဖြစ်ရပ်မျိုးများဖြစ်သည်။ သွေးမြေမကျရသောနည်းကား အင်္ဂလန်ပြည်မှနောက်ပိုင်း ပါလီမန်အရေးတော်ပုံကဲ့သို့သော ဖြစ်ရပ်များဖြစ်၏။

လက်ရုံးနှင့်နှလုံး

နောက်တနည်း ထပ်၍ခွဲရလျှင် လူတို့သည် အနှောင် အဖွဲ့မှ ငင်း၊အချုပ်အချယ်မှငင်း လွတ်မြောက်စေရန် လက်နက်လက်ရုံးကိုသည်းသုံးခဲ့ကြ၏။ စိတ်ဓါတ်နှလုံးကိုလည်းသုံးခဲ့ကြ၏။ တခါတရံ အကြမ်းဖက်ကြ၏။ တခါတရံအနုစွက်ကြ၏။

အကြမ်း အနုဤနှစ်ခုတွင် အနုနည်းမှာ သိမ်မွေ့၏။ ဥာဏ်

ယှဉ်ရ၏၊ သူရ သတ္တိကိုသုံး၏။ "ပြေ့လျှင် ဖယောင်း မာလျှင်သံချောင်း" ဟူသော စိတ်ဓါတ်ကိုနည်းအမျိုးမျိုးဖြင့်စေစားရ၏။ ခန္တီတရားကို လက်ကိုင်ထားရ၏။ ဤသို့လက်ကိုင်ထား၍ အောင်မြင်သော သာဓကများကို ပြဆိုပါမည်။

ဧကောဓမ္မော

အကြမ်းမဖက်ဝါဒအကြောင်း သာဓကများဆောင်၍ မဖော်ပြမီ အကြမ်းဖက်ဝါဒသည်သိမ်မွေ့နူးညံ့လှသဖြင့်ကမ္ဘာပေါ်တွင် လိုက်နာကျင့်သုံးလျက်ရှိသော နိုင်ငံရေးများအနက် မည်သည့်ဝါဒနှင့် ကိုက်ညီသည်ကိုဆိုချင်ပါသည်။ ကမ္ဘာတွင် လက်ဝဲအာဏာရှင်၊ လက်ျာအာဏာရှင်၊ ပဒေသရာဇ် သက်ဦးဆံပိုင်၊ နဖါးတိုး ဓါးမိုး ဒီမိုကရေစီဟူ၍အသီးသီးရှိကြရာတွင် ဒီမိုကရေစီဝါဒသည် အသိမ်အမွေ့ဆုံးဖြစ်၏။ နှလုံးရည် လုပ်ငန်းဖက်ကိုလည်းကိုင်းညွှတ်သောသဘောရှိ၏။ ဆူကြုံနိမ့်မြင့်ရှိသော လူ့သဘာဝနှင့်လည်းအဆီခလျော်ဆုံးဖြစ်၏။ ထို့ကြောင့် အမျိုးသား ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကပင် "ဒီမိုကရေစီဝါဒသာကျုပ်တို့နဲ့ဆီလျော်တယ်၊ဒီဝါဒကိုသာ အားပေးရမယ်" ဟုပြောကြားခဲ့ဘူးသည်။

ဒီမိုကရေစီသည် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ကျောက်ထီးတန္တု ပမာပြု၍ တိုင်းပြည်အတွက် လက်ခံ ထားသော ဝါဒလည်း ဖြစ်၏။ ကမ္ဘာ၏ အများကြိုက်ဝါဒလည်းဖြစ်၏။ ထို့ကြောင့်နိုင်ငံရေးဝါဒတို့တွင်ဒီမိုကရေစီသည် "ဧကောဓမ္မော၊တခုတည်းသောတရား" ဟု ဆိုအပ်သောဝါဒဖြစ်ပေသည်။

သို့ဖြစ်သဖြင့် အနုနည်းဖြင့် နိုင်ငံရေးရာ ကိစ္စတို့၌ ပြီးမြောက်

အောင် ဆောင်ရွက်ခြင်းသည်ဒီမိုကရေစီဝါဒနှင့် မဆန့်ကျင်ဖီလာ မဟုတ်၊ တသမတ်တည်းတူညီသော သဘောတရားပင် ဖြစ်သည်။

သာဓကများ

အကြမ်းမဖက် ဝါဒသည် ရှေးပဝေဏီကပင် ကမ္ဘာတွင် ထွန်းကားခဲ့၏။ တရုပ်ပြည်တွင် ပညာရှိကြီးလာအိုးဇုနှင့် မိုတီတို့သည် အကြမ်းမဖက် ဝါဒကို ဟောကြားပြခဲ့ ကြသည်။ နောက်လိုက် အများပင်ရှိခဲ့၏။ ဗုဒ္ဓရှင်တော်ဘုရားသည်အိန္ဒိယပြည်၌ အကြမ်းမဖက် ဝါဒကိုပင် ဟောကြားခဲ့သည်။ သို့ကြောင့်လည်းယခုအခါ ဗုဒ္ဓဝါဒသည် ကမ္ဘာ၌ တည်တံ့ထွန်းကားလျက်ရှိပေသည်။ ခရစ်ယန်ဘာသာတွင် သခင်ယေရှုသည် အကြမ်းမဖက်သော မေတ္တာတရားကိုပင် ဟောပြောခဲ့၏။ "သင်၏ပါးတဖက်ကိုတစုံတယောက် သောသူကရိုက်လျှင် အခြားပါးတဖက်ကိုလှည့်၍ပေးလိုက်ပါဦး" ဟူ၍ ဟောကြားခဲ့သည်။

ကမ္ဘာကျော်ရုရှားစာရေးဆရာကြီးတော်လ်စတွိုင်းသည်လည်း မိမိနှင့်တကွ တပည့်တပန်းတို့ကို အကြမ်းမဖက် ဝါဒကိုသာ စွဲမြဲစေခဲ့သည်။

ဗိုင်းလိတ်နှင့်ရုတ်တုများ

ဟီးဘရူးသမိုင်းတွင် ဂျူဒီယမြို့စားပိုင်းလိတ်ဆိုသူသည် ဟီးဘရူးများ၏ ဥပဒေကိုပယ်ဖျက်ရန်အလို့ငှါ မိမိ၏ရောမစစ်တပ်များကို ဂျေရုဆလင်မြို့သို့ပြောင်းရွှေ့စခန်းချစေ၏။ ၎င်းပြောင်းရွှေ့ရာတွင် စစ်တပ်များနှင့်အတူ ဆီဇာ ဘုရင်၏ရုပ်ပုံများကိုပါ ယူဆောင်လျက် မြို့တွင်းသို့တိတ်တဆိတ်ဝင်လာ၏။

ဟီးဘရူးတို့လက်ခံထားသော ဘာသာရေးဥပဒေအရ ရုပ်ပုံ

ရုပ်တုများကိုခွင့်မပြုပေ။ ထို့ကြောင့်ဟီးဘရူးတို့သည် မြို့စားထံသို့ သွားရောက်၍ ဆီဇာဘုရင်၏ ရုပ်ပုံကိုပယ်ဖျက်ပေးရန် တောင်းဆိုကြသည်။ မြို့စားလည်း ပယ်ဖျက်မပေးနိုင်။ ပယ်ဖျက်ပေးက ဆီဇာဘုရင်ဂုဏ်သိမ်ကို ထိခိုက်စေမည်ဟုဆို၏။

ဟီးဘရူးသည် ရက်ပေါင်းအတော်ကြာ လူစုလူဝေးနှင့်သွားရောက်တောင်းဆိုကြရာ ၆-ရက်မြောက်သောနေ့တွင် မြို့စားက အဆုံးအဖြတ်ပေးမည်ပြု၏။ အဆုံးအဖြတ်ပေးရာတွင် မြို့စားထိုင်မည့်နေရာကို ဂျေရုဆလင်မြို့တော်၏ ကွက်သပ်တခုတွင် ပြင်ထား၏။ စစ်တပ်များကိုမူ အားလုံးထုမမြင်ရစေရန်တပ်ပုန်းချ၍နေစေ၏၊ ဟီးဘရူးများ စုရုံးရောက်ရှိလာကြသောအခါ မြို့စားသည်အချက်ပေးလိုက်၏။ လက်နက်ကိုင်စစ်သားတို့သည် ဟီးဘရူးများကိုဝိုင်းရံ၍လာလေသည်။ ထိုအခါမြို့စားက "သင်တို့ ဤနေရာမှ ဖဲခွါ၍ သွားကြလော့။ ဆက်လက်၍ အနှောင့် အယှက် ပေးနေမည် ဆိုလျှင် သင်တို့ရရှိမည့်အဖြစ်ဒဏ်သည် လက်တလောသေရခြင်းသာ ဖြစ်လိမ့်မည်" ဟုခြိမ်းခြောက်လေ၏။

ထိုအခါ ဟီးဘရူးလူထုသည် နောက်ဆုတ် သွားရမည့်အစား မြေပေါ်တွင် လှဲအိပ်လိုက်၏။ လည်ကိုစင်းခံပေး၏။ "မြို့စားကြီးသတ်ချင်လည်းသတ်ပါ။ ကျွန်ုပ်တို့အား ဥပဒေကိုချိုးဖျက်ခြင်းခံရမည့်အစား သေသည်က မြတ်ပါလိမ့်မည်" ဟု ဆိုလျက် တင်းတင်းခံကြလေသည်။

ထိုအခါမြို့စားသည် လူထုကြီး၏စွန့်ရဲသောသတ္တိကို ရင်မဆိုင်ရဲတော့ဘဲ အရှုံးပေးလိုက်ရ၏။ ရုပ်ပုံများကိုလည်း မြို့တွင်းမှထုတ်ယူသွားရန် စစ်တပ်ကိုအမိန့်ပေးလိုက်ရလေသည်။

ဤကား ဘာသာရေးတွင် အနုနည်းဖြင့်ကြိုးပမ်းအောင်မြင်သောသာဓကတခုပင်ဖြစ်၏။

တကြိမ်တွင်လည်း နာမည်ကျော် ရောမဘုရင် ဂျူးလီယပ် ဆီဇာသည် မိမိ၏ဘုန်းတန်ခိုးကို နေရောင်လရောင်ကဲ့သို့ ထွန်းလင်းစေလိုသဖြင့် မိမိကို ဘုရားအဖြစ်အသိအမှတ် ပြုစေချင်၏။ သူ၏ရုပ်ပုံကို ဟီးဘရူးလူမျိုးတို့အသိအမှတ်မပြု၊ လက်မခံနိုင်ကြသည်ကိုမကြိုက်နိုင်ပေ။ ထို့ကြောင့် မိမိဗိုလ်မှူးတဦးဖြစ်သူ ပက်ထရိုနီးယပ်ကို တပ်မတတပ်ဖြင့်စေလွှတ်လျက် မိမိ၏ရုပ်တုများကို ဟီးဘရူးတို့၏ ဘုရားကျောင်းတွင် ထားရှိရန် အမိန့်ပေးလိုက်၏။

ပက်ထရိုးနီးယပ်သည် တပ်မ ဗိုလ်ပါ အလုံးအရင်းနှင့်အတူ ဂျူဒီယာမြို့သို့ ချီတက်လေသည်။ ဂျူဒီယာမြို့သား ဟီးဘရူးတို့သည် သားသမီးဇနီးသည်များနှင့်အတူ အလုံးအရင်းနှင့်ကွင်းပြင်သို့ထွက်လျက် မိမိတို့၏ ဥပဒေအတွက်ငှင်း၊ မိမိတို့အတွက်ငှင်း၊ ရောမစစ်ဗိုလ်မှူးအား အသနားခံ စာပေါင်းများစွာကို တဦးစီတင်ကြလေသည်။

ထိုအခါရောမစစ်ဗိုလ်မှူးသည်ဟီးဘရူးလူထုကြီးကိုခေါ်လျက် ရောမတို့၏ စစ်အင်အားဖြင့် ဦးစွာခြိမ်းခြောက်၏။ ထို့နောက် အခြားတပါးသော ရောမလက်အောက်ခံ ပြည်နယ်သားတို့သည် ဆီဇာရုပ်တုကိုလက်ခံပါလျက်ဟီးဘရူးတို့က ငြင်းပယ်နေကြသည်မှာပုန်ကန်မှုကြီးနှင့်အလားတူ အပြစ်သက်ရောက် စေနိုင်သည်ဟု ခြိမ်းခြောက်၏။

ဟီးဘရူးလူထုမှာကား မိမိတို့ ဘာသာတရားနှင့် တိုင်းပြည်၏အလေ့အလာရိုးပုံကိုရှင်းလင်းပြကြပြီးနောက် ဆီဇာရုပ်တုကို ဘုရားကျောင်း၌ဖြစ်စေ၊ တိုင်းပြည် တနေရာရာ၌ဖြစ်စေ ထားခွင့်မပြုနိုင်ကြောင်းကို ထပ်မံ၍ပြောကြားကြ၏။

ထိုအခါ ရောမ စစ်ဗိုလ်ကလည်း မိမိသည် ဆီဇာ၏ အမိန့်အရလာရခြင်း ဖြစ်သည်။ အမိန့်ကို ပြီးမြောက်အောင် မဆောင်ရွက်နိုင်လျှင် မိမိတွင် အန္တရာယ်ရှိသည်ဟု ပြောပြန်သည်။ ဤစကားကိုကြားသော် လူထုက "ဤသို့ဆိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဥပဒေအတွက် အသက်ကိုပင် အသေခံပါမည်" ဟု တညီတညွတ် ကြေးကြော်ကြသည်။ "သို့ဖြစ်လျှင် သင်တို့သည် ဆီဇာဘုရင်ကိုစစ်ပြုကြမည်လော" ဟုဗိုလ်မှူးက ထပ်မံ၍မေး၏။ "ကျွန်ုပ်တို့မှာ ထိုသို့သောစိတ်မျိုးမရှိပါ။ ဆီဇာဘုရင်နှင့် တကွ ရောမလူမျိုးအပေါင်းတို့ ကျန်းမာချမ်းသာစေရန် နေ့စဉ် နှစ်ကြိမ် နှစ်ကြိမ်ပင် ပူဇော်ဆုတောင်းလျက် ရှိကြပါသည်" ဟု ဟီးဘရူး လူထုက ပြန်ပြောလေသည်။ ထိုမှ ဆက်လက်၍ "ဗိုလ်မှူး၏တပ်သည် ကျွန်ုပ်တို့၏ အစဉ်အလာကိုကျော်လွန်၍ ရုပ်တုများကိုထားရှိကြမည် ဆိုပါလျှင် ကျွန်ုပ်တို့သည် သားမယားနှင့်တကွကလေးငယ်များပါအသေခံရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါသည်" ဟူ၍ ပြင်းတွေ့ပြောကြားလေသော် ရောမဗိုလ်မှူးသည် လွန်စွာအံ့သြခြင်းဖြစ်၏။ မိမိတို့၏ ယုံကြည်ချက် အတွက် အသက်ပေါင်း များစွာကို အသေခံကြမည့် ဟီးဘရူးအမျိုးသားတို့အား စိတ်တွင်းကချီးမွမ်းယင်း လက်လျှော့လိုက်ရလေသည်။

ဟန်ဂေရီပြည်လုံးကျွတ်သပိတ်

သြစတြီးယား ကေရာဇ် ဂျိုးဆက်ဆိုသူသည် ဟန်ဂေရီပြည်အား မိမိ၏ အင်ပိုင်ယာတွင်းသို့ သိမ်းသွင်းလို၏။ နှစ်ပြည်ထောင်ချုပ်ဆိုခဲ့သောစာချုပ်များကို ဖေါက်ဖျက်ကာ သိမ်းယူရေးလုပ်ငန်းကို အစပြု၏။

ထို အခြေ အနေကို ဟန်ဂေရီပြည်သားတိုင်း ငုံ့ခံ နေကြရာ

ကက်သသစ်(ဘုရင်ဂျီ)ဘာသာဝင် ဖရန့်စစ်ဒက်ဆိုသူမြေရှင်တဦးက ငုံ့ခံမနေကြရန် ဆော်ဩလေသည်။

"သင်တို့၏ ဥပဒေများကို ချိုးဖေါက်ကြပြီ။ သင်တို့မှာ ရှေ့ရင်နေကြတုန်းရှိသေး၏။ ဤသို့ နေခြင်းဖြင့် ကျွန်အဖြစ်ကို တကျော့ဘောဘာဝဖြင့် ရောက်ကြရပေလိမ့်မည်။မတရားမှုဖိနှိပ်ချုတ်ချယ်မှုတို့ကိုငုံ့ခံနေသော တိုင်းပြည်သည် ပျက်စီးခြင်းကိုမလွဲမသွေတွေ့ရှိရပေလိမ့်မည်" ဟူ၍ ဖရန့်စစ်ဒက်က လှည့်လည် ပြောဟောလေသည်။

ဒက်သည် လွတ်လပ်သော ပညာရေး၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု ကိစ္စတို့ကိုဋင်း၊ ဩစတြီးယားအစိုးရကို အသိအမှတ်မပြုရန်ဋင်း၊ ဩစတြီးယားကုန်များကို မသုံးဘဲ သပိတ်မှောက် ရန်ဋင်း၊ လှည့်လည်၍တရားဟော၏။လူထုကိုအစိုးရကဖိနှိပ်သောအခါ ရန်တုံ့မမူဘဲ လက်နက်မဲ့သူ လူထုသည် ဂုဏ်ရှိရှိ အနိုင်ကျင့်ခံကြစမ်းပါဟုလည်း ပြောဟော၏။ ဟန်ဂေရီ တပြည်လုံးသည် ဤအချက်ကို လက်ခံလိုက်နာကြ၏။

လူထုသည် အခွန်လာကောက်သော ဩစတြီးယားအရာရှိကို အခွန်မပေးဘဲနေ၏။ ပုလိပ်များက ပစ္စည်းများကို သိမ်းယူသောအခါ ငြိမ်ငြိမ်ဆိမ်ဆိမ် အသိမ်းခံ၏။ ထိုပစ္စည်းများကို လေလံပစ်ပေးမည့်တိုင်းရင်းသားဟူ၍မရှိ။

ထို့ကြောင့် ထောင်တို့သည် ဟန်ဂေရီပြည်သားတို့ဖြင့် ပြည့်လျှံ၍နေ၏။ပါလီမန်သို့ ဟန်ဂေရီကိုယ်စားလှယ်တို့သည် တဦးမျှမတက်ရောက်ကြ။နောက်ဆုံးတွင် ဩစတြီးယားအစိုးရက လူထုခေါင်းဆောင်များနှင့်စေ့စပ်၍ လွတ်လပ်ရေး ပေးရသည့် အခြေသို့ပင် ရောက်သွား၏၊ လက်ညှိုးတက်ညှိုနှုလုံးရည်တိုက်ပွဲ ဆင်နိုင်သူ ဟန်ဂေရီပြည်သူတို့ကား အောင်ပွဲခံရလေတော့သည်။

လူတသိန်းသပိတ်

ပဌမ ကမ္ဘာစစ်ကြီးပြီးသည့်နောက် ဥရောပတိုက် ဆားနယ်တွင် သပိတ်တိုက်ပွဲကြီးတခုဖြစ်၏။ တိုက်ပွဲ၏ အကြောင်းရင်းမှာ ရူးချိင့်ဒွမ်းတွင် ပြင်သစ်နှင့် ဘယ်လဂျီယံတို့ စိုးမိုးအုပ်ချုပ်နေသဖြင့် စီးပွားရေးနှင့် နိုင်ငံရေးအခွင့်အရေးများ ချို့တဲ့လာသောကြောင့်ဖြစ်၏။

သပိတ်လက်နက်ကို ကိုင်စွဲကြသူတို့မှာ တသိန်းမျှသောဂျာမန်သတ္တုတွင်းတူးသမားတို့ဖြစ်၏။ သပိတ်ကြီးသည် ၁၉၂၃·ခုနှစ် ဖေဖေါ်ဝါရီလမှ မေလတိုင် ၄ လကြာ၏။ ထိုအချိန်က ထိုပြည်နယ်ကို မဟာမိတ်တို့က စုပေါင်းအုပ်ချုပ်ရသည်ဖြစ်ရာ သပိတ် ကြောင့် မဟာမိတ်အုပ်ချုပ်ရေးကော်မရှင်သည် အကြိမ်ကြိမ် စည်းဝေးကြရပြီး လူထု၏နစ်နာချက်များကို လိုက်လျောခဲ့ရသည်။ဤကားတယောက်အားနှင့် ယူသော်မရ၊ တသိန်းအားဖြင့် ယူသော်ရ၏ ဟူသော သာဓကပင်ဖြစ်၏။

အကြမ်းမှုကို အနုဖြင့်သာ

အကြမ်းမှုကို အနုနည်းဖြင့် တိုက်ခိုက်ခဲ့ကြသူတို့အနက်အိန္ဒိယနိုင်ငံကြီး၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဇာတင်ဒြာနတ်ခေါ် တကိုယ်တည်းတိုက်ပွဲဝင်ခဲ့သူတဦးကိုတွေ့နိုင်သည်။

ဇာတင်ဒြာနတ်သည် အိန္ဒိယမျိုးချစ်ခေါင်းဆောင်တဦးဖြစ်၍ ၁၉၂၈·ခုနှစ်တွင် လူတသိန်းကျော်ပါဝင်သည့် သပိတ်ကြီးများဖြစ်ပေါ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူတဦးလည်းဖြစ်သည်၊ ဇာတင်ဒြာနတ်အား ထောင်သွင်း အကျဉ်းချထား၍ နိုင်ငံပုန်ကန်မှုဖြင့် တရားစွဲဆိုနေဆဲတွင်ဇာတင်ဒြာနတ်သည် ဗြိတိသျှအကျဉ်းထောင်

များတွင်နှိပ်စက်ညှဉ်းပမ်းမှုကိုမကြိုက်သဖြင့်အစာငတ်ခံလေသည်။ သူသည်မျိုးချစ်လူငယ်တဦးပီပီ ဇွဲကောင်းကောင်းဖြင့် အစာငတ်ခံရာ ၆၁ရက်မြောက်သောနေ့တွင် အသက်စွန့်သွားရရှာလေသည်။

ထောင်တွင်းတွင် ဇာတင်ဒြာနတ် သေဆုံးသည်ကို ကြားရသောအခါ အိန္ဒိယအမျိုးသားတို့သည် လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်လိုစိတ်မှာ ပိုမိုပြင်းထန်လာလေတော့သည်။

အာဇာနည်အရှင် ဦးဝိစာရ

ဇာတင်ဒြာနတ်ကဲ့သို့ပင် ထောင်တွင်း၌ အင်္ဂလိပ်အစိုးရ၏ အဖမ်းအဆီးကိုခံရင်း လွတ်လပ်ရေးစိတ်ဓါတ်ဖြင့် တိုက်ပွဲဝင် ခဲ့သူကား မြန်မာ့သားကောင်းအာဇာနည် သာသနာ့ဝန်ထမ်းရဟန်းတဦးဖြစ်သော အရှင်ဦးဝိစာရကိုယ်တော်ဖြစ်၏၊ အရှင်ဦးဝိစာရသည် ထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသမားအဖြစ် အဖမ်းခံနေရသော်လည်း ရဟန်းဝတ်တဦးကဲ့သို့ နေထိုင်ခွင့်မပေးသဖြင့်လိုသားချက်ရရှိရန် အစာငတ်ခံ လေသည်။ အရှင် ဦးဝိစာရသည် ရက်ပေါင်း ၁၆၆ ရက်မျှ ဆွမ်းမစားဘဲ နေပြီးနောက် ပျံလွန်တော်မူသွားရရှာလေသည်။

ကျောင်းသားတို့အရေး

မြန်မာတို့၏ အခွင့်အရေးကြိုးပမ်းမှုတွင် ကျောင်းသားများအနုနည်းဖြင့် ပါဝင်ဆောင်ရွက်ခဲ့သောကဏ္ဍမှာ သေးငယ်လှသည်မဟုတ်ပေ။ ပဌမဦးစွာ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန် ကောလိပ်ကျောင်းသားများသည် ကျွန်ပညာရေးကိုအလိုမရှိသောကြောင့် သပိတ်မှောက်ခဲ့ကြသည်။ထိုသပိတ်မှမြန်မာပြည်အနှံ့တွင် အမျိုးသားကျောင်းများ ပေါက်ဖွားစေခဲ့ပေသည်၊ ထိုအချိန်မှစ၍ မြန်မာပြည်တွင် နိုင်ငံရေးနိုးကြားမှု ပိုမိုဖြစ်ပေါ်လာပေသည်။

၁၉၃၆ ခုနှစ်တွင် ကျောင်းသားတို့၏ သပိတ်တလုံးပေါ်ပေါက်ခဲ့သည်။ ထိုသပိတ်ကို ကိုအောင်ဆန်းနှင့် ဤစာရေးသူတို့ ခေါင်းဆောင်သည်။ကျောင်းသားများ၏သပိတ်ကိုမိဘများကပါလက်ခံကြ ဆောင်ရွက်ကြသည်။တတိုင်းပြည်လုံးက တက်တက်ကြွကြွအားပေးသည်။ ထိုသပိတ်ကြီးသည် ၁၉၂၀ ပြည့် သပိတ်ကြီးထက်ပင် ကြီးကျယ်ပြင်းထန်သည်။

အလုပ်သမား၊ လယ်သမား၊ ကျောင်းသားသပိတ်

၁၉၃၈ ခုနှစ်သို့ ရောက်ပြန်သော် အင်္ဂလိပ်လက်အောက်တွင် ရေနံမြေမှ အလုပ်သမားများနှင့် နယ်မှလယ်သမားများမှာ စီးပွါးရေး ကျပ်တည်းမှုကြောင့် သပိတ်လက်နက်ကို ကိုင်စွဲကြသည်။ သပိတ်သမားတို့၏ အငတ်တပ်ကြီးသည် ရန်ကုန်သို့ ချီတက်လာသည်။ ထိုသို့ချီတက်ခြင်းကို ကျောင်းသားများကသွားရောက်ကြိုဆိုသည်။အစိုးရက ဆန္ဒပြသူများနှင့် ကြိုဆိုသူများအားဟန့်တားသည်။ ဖမ်းဆီးချုပ်နှောင်သည်။

ထိုသပိတ်ကြီးနှင့်အတူ အလုပ်သမား လယ်သမား တို့၏တိုက်ပွဲကို ထောက်ခံကူညီရန်အတွက် ကျောင်းသားသပိတ်ကြီးပေါ်လာပြန်သည်၊ ထိုနှစ် ဒီဇင်ဘာလတွင် အင်္ဂလိပ်အစိုးရ၏ ဗဟိုပြုရာအတွင်းဝန်များရုံးကို လက်နက်ဆို၍ အပ်ဘချောင်းမျှမပါသောကျောင်းသားတပ်ကြီးဖြင့်ဝိုင်း၍ဆန္ဒပြရာ၊ကျောင်းသားကျောင်းသူများသည် မြင်းစီးဂေါ်ရာ ပုလိပ်များ၏ နံပတ်ဒုတ်ဖြင့်ရိုက်နှက်ခြင်းကို ခံရသည်။ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံး၍ အများအပြား ဒဏ်ရာရသည်။ မန္တလေးတွင်လည်းလူထု

နှင့် သံသာတော်များ၊ ဆန္ဒပြကြရာ အစိုးရက သေနတ်နှင့်ပစ်ခတ် နှိမ်နင်းသည်။ ထိုသို့ဗြိတိသျှအစိုးရက နှိမ်နင်းသည်တွင် ကျောင်းသားများသည် အစာငတ်ခံတိုက်ပွဲဖြစ်သော အနုနည်းကိုအသုံးပြုခဲ့ဘူးလေသည်။ ဤသပိတ်အရေးတော်ပုံကြီးကြောင့် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျရသည်။

လွတ်လပ်ရေးကြိုးပမ်းမှုအနေဖြင့် ရှေ့သို့ခြေတလှမ်း လှမ်းမိခြင်းဟု ဆိုရပေမည်။

၁၅။ ကိုရီးယားပြည်သူတို့၏အနုနည်း

ကိုရီးယားပြည်သည် နှစ်ပေါင်းများစွာ ဂျပန်အစိုးရ၏ လက်အောက်တွင် နေခဲ့ရသည်။ ယခုကဲ့သို့ လွတ်လပ်သော နိုင်ငံအဖြစ် မိမိတို့အစိုးရကိုရွေးကောက် တင်မြှောက်ခြင်းမပြုနိုင်မီလွန်ခဲ့သော နှစ်ပေါင်း ၄၀ (ခရစ်နှစ် ၁၉၁၉ ခုနှစ်) က ကိုရီးယား ပြည်သူတို့သည် ဂျပန်လက်အောက်မှ လွတ်ထွက်နိုင်ရေးအလို့ငှါတပြည်လုံးသည် ပေါင်းပေါင်းစည်းစည်းနှင့် လွတ်လပ်ရေးကိုငြိမ်းချမ်းစွာရှာကြံခဲ့ကြပုံမှာ အတုယူဖွယ်၊ ဂုဏ်ယူဖွယ်ကောင်းလှပေသည်။

ကိုရီးယားလူမျိုးတို့သည် တိုင်းတပါးသားအစိုးရလက်အောက်တွင်နေထိုင်ကြရသော လူမျိုးများ ထုံးစံအတိုင်း ဂျပန်တို့အားလွတ်လပ်ရေးကို နားပူနားဆာ တောင်းဆိုကြ၏။ လွတ်လပ်ရေးလှုံ့ဆော်ပွဲများ ကိုသည်းပြုလုပ်ကြသည်။

မခွေ့ာ်လင့်သော ကျေညာချက်

၁၉၁၉ ခုနှစ်သို့ရောက်သော် ဂျပန်ဘုရင်ခံချုပ်နှင့် အစိုးရတို့အတွက် မမြော်လင့်သော ကိစ္စအခု ဖြစ်လာ၏။ မတ်လတရက်နေ့ညနေတွင် ကိုရီးယားပြည်၌ မျက်နှာဖုံးပုဂ္ဂိုလ်ကြီး ၃၀ တို့သည်

စာတမ်းတစောင်ကို လက်မှတ်ထိုးလျက်ဂျပန်ဘုရင်ခံထံသို့ပို့လိုက်၏။ ထိုစာတမ်းကား ကိုရီးယားလူမျိုးတို့၏ လွတ်လပ်ရေး ကြေညာစာတမ်းဖြစ်ပေသည်။ မကြာမီပင် ရဲဋ္ဌာနများမှ ရဲများက လွတ်လပ်ရေး ကြေညာစာတမ်းတွင် လက်မှတ် ရေးထိုးသူတို့အား လာရောက်ဖမ်းမြန်းဖမ်းဆီးသွားကြ၏။

လူထု၏ချီးကျူးပွဲ

ထိုပုဂ္ဂိုလ်ကြီးများသည်လည်း အကြည်အသာပင် အဖမ်းခံရန်အသင့်ဖြစ်ထားကြ၏။ ၎င်းတို့ကို အချုပ်သို့ပို့ရာလမ်းတလျှောက်တွင် လူထုကအော်ဟစ်၍၎င်း၊ လက်ခုပ်လက်ဝါးတီး၍၎င်း ဂုဏ်ပြုနှုတ်ဆက်ကြလေသည်။ ထိုနေ့မွန်းလွဲတွင် ကြိုတင်စီစဉ်ထားသည့်အတိုင်းကိုယ်စားလှယ်အသီးသီးက လမ်းကောင့်များ၊ ဈေးများ၊ လူစည်ကားရာ အရပ်များတွင် လွတ်လပ်ရေးကြေညာချက်ကိုဖတ်ကြားကြ၏။

ရဲရဲတောက်ဘုန်းတော်ကြီး

လွတ်လပ်ရေးကြေညာချက်တွင် လက်မှတ်ထိုးပြီး၍ အဖမ်းမခံရသေးသော ကီစွန်ချူဆိုသူ ကိုရီးယားခရစ်ယန် ဘုန်းကြီးတပါးမှာပြုံယမ်မြို့မှ ဆီးအောမြို့သို့အလာတွင် နောက်ကျနေသဖြင့် သူ၏ရဲဘော်ရဲဘက်များ၏သမ်းသို့လိုက်ရန် ရဲဋ္ဌာနသို့သွား၍အကျိုးအကြောင်းပြောပြပြီးအေးအေးဆေးဆေးပင်အဖမ်းခံလိုက်သည်။

ထိုအချိန်၌ ကိုရီးယားတပြည်လုံးတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ ဖြစ်ပေါ်လာပေသည်။ ရဲများ၊ စုံထောက်များ ခြေချင်းလိမ်အောင် လွတ်ထားကြသော ဂျပန်အစိုးရပင်လျှင် ဤသို့ကြိုတင်စီစဉ်ထားသည် ကိုမသိခဲ့ကြချေ။

လျှို့ဝှက်သောသတင်းစဉ်

"လွတ်လပ်ရေးသတင်းစဉ်" ခေါ် သတင်းစာကို ထိုနေ့မှစ၍ နေ့စဉ် လျှို့ဝှက်သော တနေရာမှ ထုတ်ဝေ၏။ သတင်းစဉ်သည် လပေါင်းများစွာနေ့စဉ်မပြတ် ထွက်လာပေသည်။ နံနက် မိုးလင်းလျှင် ကိုရီးယားရှိ ဂျပန်ဘုရင်ခံချုပ်၏ စားပွဲပေါ်၌ သတင်းစာနှစ်စောင် နေ့တိုင်းရောက်နေတတ်သည်။ ထိုအချက်ကို တွေ့ရသဖြင့် ဂျပန်တို့သည် မျက်လုံးပြူးကြရလေသည်။

လမ်းဆုံလမ်းခွများ၊ ရပ်ကွက်များ၌လည်း လူထုစည်းဝေးပွဲများသည် အမြဲရှိ၏။ စည်းဝေးပွဲအပြီးတွင် ကိုရီးယားလူမျိုးတို့သည် လမ်းတလျှောက်တွင်'မန်းဆေး' 'မန်းဆေး'ဟု အမျိုးသားကြွေးကြော်သံကို အော်ဟစ်၍ သွားကြ၏။ ထိုလှည့်လည်ပွဲကိုရဲအဖွဲ့က ကြိုးကြိုးစားစား လူအုပ်မခွဲမချင်း ပျက်မသွားပေ။ စီတန်းလှည့်လည်ပွဲတွင် ဘင်ခရာများကိုလည်းတက်ကြွစွာတီးမှုတ်ကြ၏။

လှည့်လည်ကြွေးကြော်သွားသောလူတန်းကြီးထဲတွင် သူဌေး၊ ဆင်းရဲသား၊ မြေပိုင်ရှင်၊ အလုပ်သမား၊ ကျောင်းသား၊ ဘုန်းကြီး၊ ယောကျ်ား၊ မိန်းမပျို အိုတို့သည် ပုခုန်းချင်းယှဉ်၍ တက်တက်ကြွကြွ ချီတက်သွားကြသည်ကို တွေ့ရလေသည်။ တခါတရံတွင် ကိုရီးယားရဲအဖွဲ့ဝင်များသော်မှဝတ်ထားသောယူနီဖောင်းကိုတိတ်တိတ်လဲလျက် မိမိတို့ အမျိုးသားများနှင့် အတူ လူအုပ်ထဲတွင် ပါဝင်လှည့်လည်သွားသည်ကို တွေ့ရတတ်သည်။

စံပြလောက်သောစည်းကမ်း

စီတန်း ဆန္ဒပြပွဲသည် အလွန် စည်းကမ်း ကောင်း၏။ ကိုရီးယားတို့သည် ခဲများ တုတ်များဖြင့်ပစ်ရန်ဝါသနာကြီးစေကာမူ၍

လုပ်ငန်းမျိုးကို မလုပ်ကြပေ။ အကြမ်းဘက်သော အပြုအမူမျိုးပါသည့် မည်သည့်အမူမျိုးကိုမဆို သတိထားရှောင်ရှားကြလေသည်။ ကိုရီးယားတို့ကား ကမ္ဘာတွင် စံပြုလောက်သော အနုနည်းဖြင့် တိုက်ပွဲကို ဆင်နွှဲနေကြခြင်း ဖြစ်ပေသည်။

သွေးရူးသွေးတန်း

ဂျပန်အစိုးရသည် ကိုရီးယား မျိုးချစ်တို့၏ အပြုအမူကို အံ့သြရုံ အံ့သြကြသည်မဟုတ်။ တဖြည်းဖြည်း ကြောက်ရွံ့လာကြလေသည်။ ထို့ကြောင့်ထိုလူထုနှင့်စေ့စပ်ဆွေးနွေးခြင်းပြုရမည့်အစားသွေးရူးသွေးတမ်းဖြင့် စစ်တပ်ကို အသုံးချလျက် အကြမ်းဖက်ကြတော့သည်။

လူထုကလည်း စည်းဝေးဆွေးနွေးပွဲများကို အဆက်မပြတ်လုပ်၏။ တနေရာကိုဖမ်းလျှင် အခြားတနေရာရှိ အစည်းအဝေးက လုပ်မြဲလုပ်နေ၏။ ဂျပန်အစိုးရ၏ ရဲအဖွဲ့တို့မှာ လူထု၏ညီညွတ်စွာ ဆန္ဒပြတိုက်ပွဲဆင်မှုကြောင့် အရူးမီးစိုင်းသလိုဖြစ်နေပေသည်။

ဆန္ဒပြတိုက်ပွဲကြောင့် ကျောင်းများ၊ ဈေးဆိုင်များ ကိုလည်းပိတ်ထားကြ၏။ အစိုးရကဆိုင်ဖွင့်ခိုင်း၏။ သို့သော် ဝယ်သူမရှိ။ ကျောင်းတက်ခိုင်း၏။ ကျောင်းမတက်ကြ။

မန်ဆေး မန်ဆေး

တကြိမ်တွင် ကျောင်းပြန်တက်၍ အောင်လက်မှတ်ပေးပွဲတွင် ကျောင်းသားကလေးများကို လူစု၍ရ၏။ ထိုကျောင်းလက်မှတ်ပေးပွဲသို့ အစိုးရအရာရှိများလည်း တက်ကြသည်။ ကျောင်းသားလည်းအတော်များသည်။ အောင်လက်မှတ်ပေးပွဲ အပြီး၌ ၁၂နှစ်အရွယ် ကျောင်းသားကလေးတဦးသည် မိမိတို့အတန်းအတွက် လူ

ကြီးများ သဘောကျ လောက်အောင် ကျေးဇူးတင် စကား ထပြော၏။

စကားပြော၍ အဆုံးတွင် ကျောင်းသားကလေးသည် မိမိအကျီအောက်တွင် ဝှက်၍ယူလာသော တားမြစ်ထားသည့် ကိုရီးယား အမျိုးသားအလံကို ဆွဲထုတ်၍ ရမ်းလျက် "မန်ဆေး" "မန်ဆေး" ဟု ထ၍ ကြွေးကြော်၏။ ကျောင်းသားဖေါ်များကလည်း ဝှက်လာသောအလံများကိုဝှေ့ရမ်းလျက် "မန်ဆေး" "မန်ဆေး" ဟု ထ၍အော်၏။ အောင်သက်မှတ်များကို ဆွဲ၍ ဆုတ်ပစ်ကြ၏။ ထိုနောက် အခန်းထဲမှ တန်းစီကြွေးကြော်ရင်း ထွက်သွားကြလေသည်။

လူထုခံနိုင်ရည်

ထိုစဉ်က မျိုးချစ်စိတ်ဓာတ်သည် ကျောင်းသားငယ်ကလေးများ၌ပင် ဤမျှတက်ကြွ၏။ လူထုသည်ဂျပန်အစိုးရလက်အောက်တွင် များစွာသောအငြိုးအငြင် အဆင်းအရဲခံလျက် လွတ်လပ်ရေးဆန္ဒကိုပြကြ၏။ အချို့မှာ တနေ့လျှင် ကြိမ်ဒဏ် ၃၀ စီ သုံးရက်ဆက်၍ ခံကြရ၏။ ထိုဒဏ်ကြောင့် အသက်အရွယ် ကြီးသူတို့မှာ အသက်ဆုံးရှုံးရရှာသည်။

ထောင်မဆံ့

ကိုရီးယားရှိ ဂျပန်ထောင်တို့မှာ ထားစရာပင် မရှိတော့။ ထောင်ပြင်မှလူတို့မှာလည်း မသေရုံတမယ် ခံကြရသည်။ အချို့ အရိုက်ခံရသည်။ အချို့ အထိုးအကြိတ်ခံရသည်။ အချို့ ဓားခုတ်ခံရသည်။ အချို့ အမျိုးသမီးများ ဝတ်လစ်စလစ်နှင့် အရိုက်ခံရသည်။ အချို့ လက်သဲခွါခံရသည်။ အချို့ သံပူထိုးခံရသည်။ လက်

နက်အားကိုးဂျပန်သည် ဤတော်လှန်ရေးကို အတော်ကြီးနှိမ်ယူရသည်။ ကမ္ဘာတွင်လည်း အတော်နာမည်ပျက်သွားသည်။ ကိုရီးယားလူထုမှာမူကား လွတ်လပ်ရေးကို အသက်ထက်မြတ်နိုးသူများအဖြစ် ဂုဏ်တက်သွားသည်။

ဤအဖြစ်အပျက်သည် နောင်အခါ ကိုရီးယားပြည်သူတို့လွတ်လပ်ရေး ရရှိစေရန် အမြုတေ စိတ်ဓာတ်အဖြစ် ကျန်ခဲ့ပေတော့သည်။

၁၆။ လွတ်လပ်ရေးနှင့်နှလုံးရည်

မျက်မှောက်ခေတ်တွင် အကြမ်းမဖက် အနုသက်သက် ဝါဒဖြင့် အောင်ဆုယူနိုင်သဖြင့် ကမ္ဘာချဉ်းအောင် ကျော်ကြားခဲ့သူကား အိန္ဒိယမှ ကွယ်လွန်သူခေါင်းဆောင်ကြီး ဂန္ဓီဖြစ်၏။

ဂန္ဓီသည် သည်းခံခြင်းတရားကိုလက်ကိုင်ထား၏။ မေတ္တာနှင့် သစ္စာကို လက်နက်အဖြစ် အသုံးပြုခဲ့၏။ ထိုမေတ္တာ-သစ္စာ လက်နက်နှင့်ပင် အိန္ဒိယပြည်တွင်း၌ လွတ်လပ်ရေး၊ ညီညွတ်ရေး စိတ်ဓာတ်တို့ကို နိုးကြားစေခဲ့၏။ မိမိကိုယ်အားလည်း ကမ္ဘာက စံနမူပြုအပ်သော ပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်ရှိစေခဲ့ပေသည်။

ဂန္ဓီသည်သိပေါမင်းပါတော်မူစအချိန်လောက်တွင် အိန္ဒိယမှ ဗြိတိသျှ ဥပဒေပညာသင်ရန် သွားရောက်ခဲ့၏။ ဥပဒေစာမေးပွဲအောင်၍ ပြန်လာသောအခါ အိန္ဒိယနှင့် အာဖရိကၡ မျက်နှာဖြူများ၏ရိုင်းပြစွာစော်ကားခြင်းကို နှစ်ကြိမ်ခံရ၏။ တကြိမ်မှာ မိမိနှင့် ဗြိတိသျှတွင်သိခဲ့သော မျက်နှာဖြူက ၎င်း၏အိမ်သို့ အသွားတွင် ဒရဝမ်ကို ဂန္ဓီအား အိမ်ပေါက်ဝမှ အပြင်သို့ဆွဲထုတ်ခိုင်းခြင်းဖြစ်သည်။

နောက်တကြိမ်မှာ အာဖရိကတွင်ဖြစ်၍ မိမိစီးနင်းလာသော

ပဌမတန်း ရထားတွဲတွင် မျက်နှာဖြူတဦးက လမ်းခရီး ဘူဘာမှ စီးလိုသဖြင့် ဖယ်ရှား၍ဆင်းပေးခိုင်းရာ ဂန္ဓီသည် မဆင်း၊ထိုအခါ မျက်နှာဖြူရဲပိုင်က ရထားတွဲပေါ်မှ သူ့အား အတင်းဆွဲ၍ ချခဲ့ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်နှစ်ရပ်မှာဂန္ဓီအတွက်မမေ့နိုင်အောင်ဖြစ်၏။

ခန္တီဝါဒ

ထိုစဉ်ကသူသည် အသက် ၂၄ နှစ်မျှ ရှိသေး၏။ လူချင်းတူပါလျက် အသားအရောင်ခွဲခြားမှုဖြင့် ဤသို့နိုင်လိုမင်းထက်ပြုမှုခြင်း၏ မတရားမှုကိုအသဲစွဲသွားလေသည်။

ဂန္ဓီသည်အိန္ဒိယသို့ပြန်၍ လွတ်လပ်ရေးတိုက်ပွဲအတွက်မကြိုးစားမီ အာဖရိက၌ပင် အိန္ဒိယအမျိုးသားတသိန်းခန့်ကိုလူမျိုးရေးတရားဟော၏။ မျက်နှာဖြူအစိုးရ၏ ဖိနှိပ်မှုကို ခုခံကာကွယ်ရေးလုပ်ငန်းကို စခဲ့သည်။

ဂန္ဓီသည် အာဖရိကတိုက်၌ ဝတ်လုံအဖြစ် ဝင်ငွေကောင်းနေ၏။ထို့ကြောင့် အိန္ဒိယရှိ သားမယားများကိုခေါ်ရန် အပြန်တွင် အိန္ဒိယ၌ အာဖရိကတိုက်တွင်မျက်နှာဖြူတို့အသာစီးယူလွန်းပုံကို တရားဟောခဲ့၏။ အာဖရိကသို့ ပြန်အရောက် သင်္ဘောမှအဆင်း၌ မျက်နှာဖြူလူမျိုးများက ဝိုင်းဝန်းရိုက်နှက်ရာ မျက်နှာဖြူအမျိုးသမီးတဦးက ကယ်ဆယ်လိုက်သဖြင့်သာအသက်ချမ်းသာခဲ့သည်။ သူ့အမှုကို ရုံးတင်ရန် စီစဉ်သောအခါ ဂန္ဓီသည် ရိုက်နှက်သောတရားခံများကိုသိလျက်နှင့် ဖွင့်မပြောခဲ့ပေ။ မြင့်မြတ်သော ခန္တီဝါဒကိုကျင့်သုံးခဲ့၏။

ဂန္ဓီသည် တောင်အာဖရိကတိုက်၌ အမျိုးသားရေးတိုက်ပွဲကို ရှစ်နှစ်တိုင်တိုင်ဆင်နွှဲ၍ အောင်မြင်ခဲ့၏။ သူ၏ တခုတည်းသော

လက်နက်ကား "သစ္စာဂြဟ"ခေါ် သစ္စာတရားကို လက်ကိုင်ပြု၍ ရန်ကိုအောင်မြင်အောင်တိုက်ခြင်းဖြစ်၏။ ဤသို့ တိုက်ရာ၌ရန်သူကိုဘေးပြုရန် စိတ်ပင်မကူး၊ ရန်သူက ဘေးပြုသော်လည်း ရန်တုံ့မမူဘဲခန္တီဝါဒဖြင့် အနိုင်ယူခြင်းဖြစ်သည်။

ပွဲဦးထွက်နှလုံးရည်တိုက်ပွဲ

ဂန္ဓီခေါင်းဆောင်သော တောင်အာဖရိကတိုက်ပွဲတွင် အိန္ဒိယအမျိုးသားပေါင်းများစွာသည် ထောင်တန်းအကျခံရ၏။နှိပ်စက်မှု အမျိုးမျိုးကို ခံရ၏။ နောက်ဆုံးတွင်အင်္ဂလိပ်အစိုးရ၏ ခေါင်းအမာဆုံးသော ဘဏ္ဍာရေးဝန်ကြီး ဂျင်နရယ်စမတ်ပင် အညံ့ခံရ၏။ "အိန္ဒိယအမျိုးသားများ သက်သာချောင်ချိရေး ဥပဒေ"ကို ပြဋ္ဌာန်းပေးရ၏။ ဂန္ဓီနှင့် ဂျင်နရယ်စမတ်တို့မှာလည်းအလွန်ရင်းနှီးသော မိတ်ဆွေကြီးများဖြစ်သွားကြ၏။

ပဌမသပိတ်လက်နက်

အာဖရိက၌ တိုက်ပွဲပြီး၍ ပဌမ ကမ္ဘာစစ်ကြီးဖြစ်စတွင် ဂန္ဓီသည် အိန္ဒိယသို့ ပြန်လာ၏။ သူ့အမည်မှာ အိန္ဒိယတွင် အတော်ထင်ရှား လူသိများလျက် ရှိသည်။ လွတ်လပ်ရေးကို တောင်းဆိုသောအသံတို့သည် အိန္ဒိယတွင်လည်း တညံညံကြားရပေပြီ။ ဂန္ဓီသည် ပဌမတွင် ဗြိတိသျှအစိုးရဘက်မှ စစ်ကြီးတွင်ဝင်ရောက်တိုက်ခိုက်ရန် အိန္ဒိယစစ်သားများကိုပင် ကူညီ စုဆောင်းပေး၏။ ဗြိတိသျှအစိုးရကလည်း အိန္ဒိယပြည်အား ဒိုမီနီယံနိုင်ငံအဆင့်အတန်းသို့ တိုးတက်၍ပေးပါမည်ဟု ၁၉၁၇-ခုနှစ်တွင်ကျေညာ၏။ အိန္ဒိယမျိုးချစ် ပုဂ္ဂိုလ် တို့မှာလည်း မျှော်လင့်ချက် ထားကြ၏။ သို့သော်ကမ္ဘာစစ်အပြီးတွင် အင်္ဂလိပ်တို့ကစစ်နိုင်သဖြင့် ဤကျေညာ

ချက်ကို အဖက်မလုပ်တော့ချေ။ ထိုမျှမကသေး စစ်အတွင်းတွင် ပြုလုပ်ထားခဲ့သော ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို စစ်ပြီးနောက်လည်း ဖျက်သိမ်းခြင်းမပြုပေ။ ထိုအခါ ဂန္ဓီသည်၁၉၁၉ ခုနှစ်၌ တပြည်လုံးသပိတ်မှောက်ကြရန် လှုံ့ဆော် လိုက်၏။ သို့ရာတွင် စိတ်ဓာတ်ပြင်းထန်သော လူထုမှာ သပိတ်စည်းမျဉ်းကိုလွန်ကာ အကြမ်းဖက်မှုများကိုစတင်ကြတော့သည်။ ထိုအခါ ဂန္ဓီသည် လူထုကို စည်းကမ်းသတ်၍ မရသေးကြောင်း ထုတ်ဖော် ဝန်ခံပြီး သပိတ်လျှန်လိုက်ရ၏။

ဂန္ဓီ၏ခြေလှမ်း

ထိုနောက်အိန္ဒိယတပြည်လုံးသို့ လှည့်၍ နိုင်ငံခြားပစ္စည်းများကိုမသုံးစွဲရန်ဟောပြော၏လူတိုင်းသည်ပြည်တွင်းဖြစ်အထည်များကိုသုံးစွဲရန်၊ကိုယ်တိုင်ဗိုင်းငင်၍ ရက်ကန်းယက်ကြရန် ဟော၏။ မိမိကိုယ်တိုင်လည်း နံငယ်ပိုင်းကလေးကိုသာ ဝတ်ဆင်ပြီး၊ နေ့စဉ်နာရီဝက်တိုင်တိုင်ဗိုင်းငင်၏။ ဤနည်းဖြင့်အိန္ဒိယ၌ တိုင်းရင်းသားချည်ထည်လုပ်ငန်း ထွန်းကားလာခဲ့သည်။

၁၉၂၉ ခုနှစ်ဆီသို့ အရောက်တွင် အိန္ဒိယပြည် အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုမှာ အထူးတက်ကြွလာ၏။ အိန္ဒိယ ကွန်ဂရက်ကြီးကလည်း လုံးဝ လွတ်လပ်ရေးအဆိုကိုပြဋ္ဌာန်းလိုက်၏။ ရှေ့သို့ခြေလှမ်းရေးအတွက် အိန္ဒိယတပြည်လုံးသည် ဂန္ဓီအပေါ်၌ အာရုံစိုက်၍ နေကြ၏၊ ဂန္ဓီ၏ခြေလှမ်းကား ဤသို့ဖြစ်၏။

ဆားချက်ပွဲ

အိန္ဒိယ၌ဆားခွန်တော်မှာ ကြီးလေးလှ၏။ သန်းပေါင်း ၃၅၀ မျှသော အိန္ဒိယဆင်းရဲသားထုကြီးမှာ နေ့စဉ် မစားမဖြစ်သော



အကြမ်းမဖက်အနုနည်းသက်သက်ဖြင့် တိုက်ပွဲဝင်ခဲ့သော
အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီ

ဆားအပေါ်တွင်အခွန်ကြီးလေးစွာပေးနေရ၏။ ဤဆားခွန်တော်ကိုစွတွင်ဂန္ဒီသည် အကြမ်းမဖက် အနုနည်းသက်သက်ဖြင့် ဥပဒေကိုတိုက်ဖျက်မည် ကျေညာလိုက်၏။

ထိုနောက် ထိုနှစ်မတ်လ ၁၂ ရက်နေ့တွင်ဂန္ဒီသည်မိမိနေထိုင်ရာ တဲကလေးမှ ပင်လယ်ဆီသို့ နောက်လိုက်ခနောက်ပါ (၇၁) ယောက်နှင့် ချီတက်ခဲ့သည်။ သူဖြတ်သွားရာလမ်းရှိမြို့ရွာများမှလူထုသည် ဂန္ဒီနှင့်စုပေါင်း၍လိုက်လာခဲ့ကြသည်။ ၂၅ရက်မြောက်သောနေ့၌ ဂန္ဒီနှင့်တကွ ထောင်ပေါင်းများစွာသော လူထုသည် မူလနေရာမှမိုင်ပေါင်း ၂၄၀ကျော်ကွာသောပင်လယ်ကမ်းခြေဒန္ဒီရွာကလေးသို့ရောက်ရှိကြသည်။ ဂန္ဒီသည်ဤအရပ်၌နမူနာအဖြစ်အစိုးရဥပဒေကို ချိုးဖျက်၍ဆားချက်လိုက်သည်။

ဂန္ဒီ၏ဆားတိုက်ပွဲမှာ ရာဇဝင်တွင်သော တိုက်ပွဲဖြစ်၏။ ဤနည်းဖြင့် ဗြိတိသျှအစိုးရအား အမြစ်မှကိုင်၍ လှုပ်လိုက်ခြင်းဖြစ်သည်။ ဤတိုက်ပွဲကြောင့် အိန္ဒိယလူထုသည် မိမိတို့၏အင်အားအမှန်ကိုသိရှိသွားကြ၏။ အင်္ဂလိပ်အစိုးရသည်လည်းဂန္ဒီ၏စွမ်းရည်သတ္တိကိုသိရှိသွားလေသည်။ အိန္ဒိယဘုရင်ခံချုပ်ကိုယ်တိုင်ကပင် ဂန္ဒီနှင့်တွေ့ဆုံဆွေးနွေးကာဆားချက်ခွင့်ပေးရ၍ ဖမ်းဆီးသူများကိုလည်း လွှတ်ပစ်ရလေသည်။

အာဏာဖီဆန်ရေး

ဂန္ဒီဆားချက်သောနှစ်ပင်လျှင်အိန္ဒိယပြည်၌ "အာဏာဖီဆန်ပွဲ" များ အရှိန်ယူစပြုလေသည်။ အိန္ဒိယတပြည်လုံး၌ မြို့တိုင်းရွာတိုင်းတွင် လွတ်လပ်ရေးတောင်းဆိုပွဲများ ကျင်းပကြ၏။

နောက်တနှစ်တွင်လူထုသည် ဆားခွန်တော်ကိုသာ မဟုတ်၊ မတရားဥပဒေအမျိုးမျိုးကိုလည်း ငြိမ်းချမ်းစွာ ဖီဆန်ကြတော့

သည်။ အင်္ဂလိပ်အစိုးရကလည်း ပုဒ်ထီးပုဒ်မအမျိုးမျိုးကိုအဆက်မပြတ်ထုတ်၏။ ထုတ်သမျှ ဥပဒေများသည်လည်း အာဏာဖီဆန်မှု၏ စက်ကွင်းမှ မလွတ်နိုင်တော့ပေ။

ထိုအချိန်တွင် အင်္ဂလိပ်အစိုးရမှာ အာဏာရှိသလောက် အသုံးချ၍နေပေသည်။ လူများကို ကျွဲများ နွားများသဖွယ် အစုလိုက်အခဲလိုက် ဖမ်း၏။ လူထုကလည်း ရဲရဲတောက်စိတ်ဓာတ်ဖြင့် အဖမ်းခံ၏။ ပုလိပ်များသည် လူထုအား အမျိုးမျိုးရိုက်နှက်ညှဉ်းဆဲ၏။ လူထုသည် နောက်မတွန့်ဘဲ ခံခလသည်။ ငြိမ်းချမ်းစွာစုဝေးနေကြသော လူအုပ်ထဲသို့ အစိုးရဘက်မှသေနတ်ဖြင့်ပစ်၏။ လူထုသည် ဂုဏ်ရှိရှိအသေခံကြလေသည်။ အိန္ဒိယကွန်ဂရက် အဖွဲ့များကိုလည်း မတရားသင်းကြေညာ၏။ ပုံနှိပ်တိုက်များကိုလည်းပိတ်နှိပ်ချုပ်ချယ်၏။ သတင်းများကို ကြပ်မတ်စစ်ဆေး၏။ ထိုအချိန်က အိန္ဒိယသတင်းစာများသည်အဖမ်းခံရသောမျိုးချစ်ပုဂ္ဂိုလ်များ၏အမည်ကို ရေးသားဖေါ်ပြလျှင်ပင် ဥပဒေကြိုးလွန်ရာ ရောက်ကြပေတော့သည်။ လူထုနှင့်အစိုးရတို့၏ လွန်ပွဲကြီးကား ကမ္ဘာကအာရုံစိုက်ရသည်အထိ ဖြစ်လာခဲ့၏။ လူထုသည် ဂန္ဒီ၏ညွှန်ကြားချက်အတိုင်း စည်းကမ်းသေဝပ်စွာဖြင့် အာဏာဖီဆန်ကြ၏။ တိုင်းရင်းသားအဝတ်ကို ဝတ်ကြ၏။ ဗြိတိသျှပစ္စည်းများ၊ ကုန်များကို မသုံးစွဲကြ။ ထိုအချိန်တွင် ထောင်ထဲ၌ အိန္ဒိယအမျိုးသား တသိန်းခန့် ရောက်ရှိနေပေတော့သည်။

လူထုနိုးကြားမှု

ဂန္ဒီ၏ နှလုံးရည်တိုက်ပွဲကြောင့် အိန္ဒိယပြည်နိုင်ငံရေးတွင် အကျိုးထူးများ ပေါ်ပေါက်လာ၏။ အိန္ဒိယပြည် အနောက်မြောက်ဖက် ဒေသတို့သည် နိုင်ငံရေးအားဖြင့် နိုးကြားလာ၏။ အလွန်

ကြမ်းတမ်းသော လူမျိုးတို့ပင်လျှင် အနုနည်းကို သေဝပ်စွာလိုက်နာလျက် အဖမ်းအဆီးအနှိပ်အစက် ခံကြသည်ကို အားတက်ဖွယ်တွေ့ရ၏။ အိန္ဒိယအမျိုးသမီးပေါင်း များစွာတို့သည်လည်း အိမ်တွင်းပုန်း ခေါင်းမြီးခြုံဘာကို စွန့်လျက် ဈေးများ၊ လမ်းများတွင် နောင်တော်အမျိုးသားများနှင့်အတူ လက်တွဲဆန္ဒပြကြ၏။ ရံဖန်ရံခါ ယောကျ်ားတို့ တော်ရုံတန်ရုံ မပြုရဲသော အမှုမျိုးကိုပင် ပြုလျက် စွန့်စားစွာ တိုက်ပွဲဝင်ကြသည်။

ယခုနိုင်ငံရေးတိုက်ပွဲ၌ ဆင်းရဲသားလူထုသည် လွတ်လပ်ရေးဟူသော အမြင်ကိုသာမဟုတ်၊ စီးပွါးရေးဘက်ကလည်း လွတ်လပ်ရေးရမှ အခြေမြင့်မည်ကို သဘောပေါက်လာကြပေသည်။

အိန္ဒိယပြည်၌ အာဏာဖီဆန်ပွဲကြီးချိမ့်ချိမ့်သဲသဲ ဆင်နွှဲနေချိန်၌ ဗြိတိသျှအစိုးရသည် အိန္ဒိယပြည်အရေးအတွက် လန်ဒန်မြို့တွင် မျက်နှာစုံညီအစည်းအဝေးပွဲဘာခုကိုကျင်းပ၏၊ ထိုအစည်းအဝေးပွဲသို့ပေါက်ပြန်သောအင်္ဂလိပ်အလိုတော်ရိအိန္ဒိယခေါင်းဆောင်များသာ တက်ရောက်ကြ၏။ သို့သော်ငြားလည်း ဘာမျှ တိုးတက်မှုမရှိခဲ့ပေ။

၁၉၃၁ ခုနှစ်တွင် ဂန္ဒီနှင့်ဗိုလ်ချုပ် စပ်၍ အင်္ဂလိပ်အစိုးရသည်ဆွေးနွေးတိုင်ပင်ရန် စာချုပ် ချုပ်ဆို၏။ ဖမ်းထားသော အာဏာဖီဆန်သည့် မျိုးချစ်ပေါင်းများစွာကို ပြန်လွှတ်ရ၏။ ပုဒ်ထီးပုဒ်မအမျိုးမျိုးတို့ကို ရုပ်သိမ်းပေးရ၏။

ဂန္ဒီသည် ထိုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ် လန်ဒန်မျက်နှာစုံညီ အစည်းအဝေးပွဲသို့ အိန္ဒိယအမျိုးသားကွန်ဂရက်ကြီး၏ကိုယ်စားလှယ်အဖြစ်တက်ရောက်၏၊ ထိုနှစ်ကုန်ခါနီး၌ဂန္ဒီသည် လိုလားချက်မရဘဲ ပြန်ခဲ့၏။ ထိုအခါ အိန္ဒိယ၌ လုပ်ဖေါ်လုပ်ဖက်ခေါင်းဆောင်အများ အဖမ်းခံနေရ၏။ ပြည်နယ်သုံးနယ်မှာလည်း ဥပဒေသစ်ဖြင့် အုပ်စိုးနေသည်ကို တွေ့ရသည်။

ဒုတိယအာဏာဖီဆန်ပွဲကြီး

ဂန္ဒီသည် တပတ်အတွင်း၌ပင် အာဏာဖီဆန်ပွဲကို ပြန်စ၏။ ဒုတိယ အာဏာဖီဆန်ပွဲကြီးတွင် အင်္ဂလိပ်အစိုးရသည် ပဌမ အာဏာဖီဆန်ပွဲကထက်ကြမ်းကြမ်းရမ်းရမ်းနှိမ်နင်း၏။ ကွန်ဂရက်အဖွဲ့ကြီးနှင့်ကွန်ဂရက်အားထောက်ခံသောအဖွဲ့ပေါင်းများစွာကိုမတရားသင်း ကြေညာ၏။ ယဉ်ကျေးဖွယ်ရာသော ဥပဒေဆိုသည်မှာ အင်္ဂလိပ်အစိုးရလက်တွင် မသုံးတော့ဟု ပြောရလောက်အောင် ရက်စက်စွာပြုမူကြ၏။ အာဏာသည် အမြင့်ဆုံးသော ဘုရင်ခံချုပ်ထံမှ မဆင်းသက်တော့ဘဲ အုပ်ချုပ်ရေးအရာရှိတိုင်းသည် ဥပဒေကို ကိုယ်ကြိုက်သလိုလုပ်၍အမျိုးသားအုံကြွမှုကိုနှိမ်နင်းသည်။ စုံထောက်များ သူလျှိုများဖြင့် ကွန်ဂရက်၏လုပ်ငန်းစဉ်များကိုစုံစမ်းကာ ဖျက်ဆီးသည်။ လူထု၏ ပစ္စည်းများ၊ အိမ်များ၊ ဘဏ်တိုက်ရှိငွေများ၊ မော်တော်ကားများကိုပါ မတရားသိမ်းယူသည်။

အမျိုးသားရေးတိုက်ပွဲ

ထိုအချိန်တွင် အိန္ဒိယ၌ အလုပ်သမား လယ်သမားတို့သာလျှင် အုံကြွနေသည်မဟုတ်၊ လူလတ်တန်းစားဟု ဆိုအပ်သောကြေးရေတတ်ပိုင်း၊ ပညာတတ်ပိုင်းမှ လူထုအများအပြားပင် ပါဝင်၏။ ထိုအခါ အိန္ဒိယအမျိုးသားရေး လှုပ်ရှားမှုသည် လူတန်းစားတိုက်ပွဲအသွင်ကို မဆောင်တော့။ အမျိုးသားတိုက်ပွဲအသွင်ကို ဆောင်လျက် အင်နှင့် အားနှင့် ဒုနှင့်ဒယ်နှင့် အဆောက်အအုံကြီးမားလှလေသည်။

ယခု အိန္ဒိယဝန်ကြီးချုပ် နေရူး၏ ဘခင်ဖြစ်သော မိုတီလာ နေရူးသည် ဂန္ဒီ ခေါင်းဆောင်သော နိုင်ငံရေးကိုလုပ်ရန်အလို့ငှါ

**အိန္ဒိယနိုင်ငံတွင်ဂန္ဒီကြီး၏ဝါဒအတိုင်းအနုနည်းဖြင့်
တိုက်ပွဲဝင်နေကြပုံ**

စီးပွား အလွန်ဖြစ်ထွန်းလျက်ရှိသော မိမိ၏ဝတ်လုံလုပ်ငန်းကိုပင် စွန့်လွှတ်လိုက်၏။ အရက်သေစာသောက်စားခြင်းကို လုံးဝစွန့်ပစ်၏။ ဂန္ဒီ၏အလိုအတိုင်း အစိုးရအား လုံးဝအကူအညီမပေးရေး သမားတဦးဖြစ်လာသည်။ အိန္ဒိယအမျိုးသား လူချမ်းသာပညာတတ်ထဲမှထိုတဦးတည်းသာမဟုတ်။ကာလကတ္တားမြို့ ဝတ်လုံများ အသင်းကြီး၏ ခေါင်းဆောင်တဦးဖြစ်သော စီ အာ၊ ဒတ်သည် ၎င်း၊အမေဒဗတ်မြို့မှ အလွန်ကြွယ်ဝချမ်းသာသော ဗာလာဗိုင်ပ တေးဆိုသူဝတ်လုံသူဌေးကြီးသည်၎င်း၊ဂျဝါဟာလာနေရူးနှင့်တကွ အခြားဝတ်လုံများသည်၎င်း၊ဗြိတိသျှတရားရုံးများတွင် အမှုလိုက်ခြင်းမှ စွန့်ခွါလျက် အမျိုးသားခေါင်းဆောင်ကြီး ဂန္ဒီ၏ ခေါင်းဆောင်မှုအောက်သို့ ဝင်ရောက်လာကြသည်။ တက္ကသိုလ်ကျောင်းသားများသည်လည်း စာသင်ခန်းများကို စွန့်ခွါလာကြသည်။

ကျောင်းဆရာများနှင့် ကျောင်းသားတို့သည် ကျေးရွာများသို့ ဆင်းကာဂန္ဒီကြီး၏အစိုးရအား အကူအညီမပေးရေးဝါဒကိုအလုပ်သမား၊လယ်သမားတို့အား ဟောကြားကြလေသည်။

အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှု သာဓကတခုကိုပြရပါလျှင် လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ကြသော သူတို့သည်လျှင် အပြစ်ရကြသည်မဟုတ်၊ ၎င်းတို့၏ မိဘများ၊ အုပ်ချုပ်သူများကိုပါ ဥပဒေအရ အပြစ်ပေးခြင်းကို ခံကြရလေသည်။

သို့သော်လည်း နယ်ချဲ့သမားနှင့် အမျိုးသားလူထု၏ တိုက်ပွဲတွင် အမျိုးသားစိတ်၊လွတ်လပ်ရေးခံ့မင်မြတ်နိုးစိတ်တို့၏ ဒီရေကို အင်္ဂလိပ်အစိုးရသည် အောင်မြင်အောင် မတွန်းလှန်နိုင်ချေ။ထို့ကြောင့် လက်နက်မဲ့လူထုကို လက်နက်ကိုင်အစိုးရသည်အညံ့ခံရတော့မလောက် ဖြစ်လာသည်။ ထိုအခါအင်္ဂလိပ်အစိုးရသည်အုပ်ချုပ်ရေးပုံပြင်ပြောင်းလဲချက်များကို ပြုလုပ်ပေးပါမည် ဆိုကာ မျက်နှာချိုသွေးလာရလေသည်။

မြေလှမ်းသစ်

၁၉၃၄ခုနှစ်သို့ ရောက်သောအခါ ကွန်ဂရက်အဖွဲ့ကြီးသည် အခြေအနေ အခါအခွင့်ကို ကြည့်လျက် လမ်းစဉ်တမျိုးပြောင်း၏။ လူထုကား အဖွဲ့ကြီး၏အလံတော်အောက်မှာပင် ရှိကြပေသည်။ နောက်တနှစ်အကြာတွင် ဗြိတိသျှအစိုးရက အိန္ဒိယပြည်အုပ်ချုပ်ရေး ဥပဒေအသစ်ကို ချမှတ်ပေး၏။ ထိုဥပဒေကို ကွန်ဂရက် အဖွဲ့ကြီးနှင့် တကွ တပြည်လုံးက ကန့်ကွက်၏။ဥပဒေထွက်ပြီး၍၂နှစ်အကြာတွင် ကွန်ဂရက်အဖွဲ့ကြီးသည် ဥပဒေကို မထောက်ခံသော်ငြား လည်းအင်အားစမ်းရန် ရွေးကောက်ပွဲဝင်၏။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် အများဆုံး အရွေးခံရသဖြင့် ရာထူးယူနိုင်သည်

အထိဖြစ်လာသည်။ ကွန်ဂရက်တွင်အချင်းချင်း ဆွေးနွေးဆုံးဖြတ်ကြပြီးသော် အုပ်ချုပ်ရေး ရာထူးများကို ယူကြလျက် ကွန်ဂရက်လမ်းစဉ်အတိုင်း လူထုကောင်းကျိုးကို တတ်နိုင်သမျှ လုပ်ဆောင်ပေးကြ၏။

ကွန်ဂရက် ခေါင်းဆောင်များနှင့် ဗြိတိသျှ အုပ်ချုပ်ရေးပိုင်းသည် ဝါဒချင်း မတူသဖြင့် အချို့လုပ်ငန်းများ၌ မကြာခဏ သဘောချင်း မတိုက်ဆိုင်ဖြစ်ရသည်။ ရာထူးမှ နုတ်ထွက်လွှာများ ပင်တင်ပြီး ပဋိပက္ခသည်ကြီးမား၍ ပေါက်ကွဲလုနီးနီး အခြေသို့ပင် ရောက်သည့်အခါရောက်၏။ သို့သော် အင်္ဂလိပ်အစိုးရဖက်မှ လူထုအုံကြွမှုကို ရင်မဆိုင်ရဲသဖြင့် အလျှော့ပေးကြရသည်။

ဟိန္ဒူ မွတ်စလင်ချစ်ကြည်ရေး

ခေါင်းဆောင်ကြီးဂန္ဒီသည် အာဏာဖီဆန်ပွဲ၌ ထောင်အကျခံခဲ့ရသော ရက်များစွာရှိသည်။ ဂန္ဒီထောင်တွင်း၌နေရသော ရက်ပေါင်းကို ပေါင်းလိုက်လျှင် ၂,၀၈၉ ရက်မျှရှိ၏။

၁၉၃၁-ခုနှစ်တွင် ဗီးလတ်မှ အပြန် ထောင်ကျခံရစဉ်က ဂန္ဒီသည် ပြုပြင်ပြောင်းလဲမှုကြီး တခုကို အောင်မြင်အောင် ဆောင်ရွက်ခဲ့သည်။ ယင်းကိစ္စကား အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲ၏ ဆူးငြောင့်ခလုတ်ဖြစ်သော ဟိန္ဒူမွတ်စလင် အိမ်ကြက်ချင်း ခွပ်ရမှုကိစ္စကြီးဖြစ်၏။ ဟိန္ဒူနှင့် မွတ်စလင်တို့သည် အချင်းချင်းမသင့်တင့်မှုကြောင့် ဗြိတိသျှအစိုးရအဖို့ ခအေးအေးဆေးဆေးလက်ပိုက်ကြည့်နေနိုင်သောအခါများ မကြာ ခဏ ရှိခဲ့၏။ အချင်းချင်းမသင့်မြတ်မှုကြောင့် မဲထည့်ရသည်ကိုပင်ဘာသာဝင်များသီးခြား၍ မဲထည့်ရ၏။

ဤသွေးခွဲစနစ်ကို အရသာ တွေ့လှသော ဗြိတိသျှ အစိုးရတို့

သည် ဟိန္ဒူတို့အတွင်းမှာပင် ဇာတ်နိမ့်သူ (ဟာရီဂျန်) များနှင့် ဇာတ်မြင့်သူများကို ခွဲခြား၍ မဲပေးခိုင်းရန် စီစဉ်လေတော့သည်။

အစာငတ်ခံခြင်း

ဂန္ဒီသည်ဤအချက်ကိုသည်းမခံနိုင်တော့သဖြင့်ဟိန္ဒူလူမျိုးတို့အား "လူချင်းတူပါလျက် ဆူကြုံနိမ့်မြင့်ခွဲထားခြင်းသည်အဓိပ္ပါယ်မရှိ။ ဤစနစ်ကို မဖျက်သမျှ သေသည့်တိုင်အောင် အစာငတ်ခံတော့မည်" ဟု ကျေညာသည်။

ထိုအခါ တပြည်လုံး ကြိမ်မီးအုံးမျှ ဆူပွက်သွား၏။ ဇာတ်နိမ့်သူတို့၏ ခေါင်းဆောင် အမ်ဘက်ကာဆိုသူကလည်း ဇာတ်နိမ့်သူများအတွက် အရေးဆိုလေသည်။ ဂန္ဒီအစာငတ်ခံနေစဉ်အတွင်း လူထုသည် ပျော်ပွဲရှင်ပွဲများကိုပင် မသွားဘဲနေကြ၏၊ လက်ထပ်ပွဲများကိုပင် ရက်ရွှေ့ကြ၏။

မကြာမီ ဂန္ဒီသည် ထောင်တွင်း၌ အလွန်စိုးရိမ်ရသည့် အခြေအနေသို့ ရောက်နေကြောင်းကြားသိရလေရာ ဟိန္ဒူခေါင်းဆောင်ကြီးများမှာ မနေသာတော့ဘဲ ဇာတ်နိမ့်သူများနှင့် အပူဘပြင်း စေ့စပ်ဆွေးနွေးလျက် သဘောတူညီချက် ထုတ်ပြန်ရတော့သည်။ အင်္ဂလိပ်အစိုးရကလည်း လက်ခံသဘောတူရသည်။

ဂန္ဒီသည် ထိုအခါမှစ၍အစာပြန်စား၏။ ဤအဖြစ်အပျက်ဖြင့် မိမိ၏ ပြင်းပြသောစိတ်ဓါတ်နှင့်ထက်သန်သောစေတနာကိုဖေါ်ပြခဲ့၏၊ ဟိန္ဒူတို့မှာလည်း ဇာတ်နိမ့်ဇာတ်မြင့်ရင်ဘောင်တန်းဆက်ဆံခွင့်ကို ရရှိသွားလေသည်။

လွတ်လပ်ရေးသို့

ဒုတိယကမ္ဘာစစ်ကြီး စတင်လာသောအခါ ဂန္ဒီသည် ဟစ်တ

လာ၊မူဆိုလီနီနှင့်ဂျပန်ခေါင်းဆောင်များကို အကြမ်းဖက်သမား များဖြစ်ကြောင်း ပြစ်တင်ရှုတ်ချခဲ့သည်။

စစ်ကြီးအတွင်း ၁၉၄၂ ခုနှစ်တွင် ကွန်ဂရက် ခေါင်းဆောင်များက လွတ်လပ်ရေး တောင်းဆိုသည်ကို ဗြိတိသျှ နန်းရင်းဝန်ချာချီက လက်ခံ၍ မစဉ်းစားသဖြင့် အာဏာဖီဆန်ပွဲ ပြုလုပ်ရန် ဆုံးဖြတ်လိုက်ကြ၏။ ထို့ကြောင့်ဂန္ဒီ၊ နေရူးစသောခေါင်းဆောင် အများအပြားကို ထောင်သွင်း အကျဉ်းချထားလိုက်ရာ ၁၉၄၄ခု မေလတွင်မှ လွတ်လာ၏။ ဂန္ဒီ၏ ပါရမီဖြည့်ဖက် ဇနီးသည်မှာ ထောင်အတွင်း ဂန္ဒီ၏ ခြေရင်း၌ပင် ကွယ်လွန်ခဲ့ရသည်။

စစ်ကြီးအပြီး၌ လွတ်လပ်ရေးကိစ္စနှင့်အတူ ဟိန္ဒူ မွတ်စလင် ခွဲရေးတွဲရေးမှာ ဒွန်တွဲပေါ် ပေါက်လာသည်။ တဖက်နှင့်တဖက်ထိုး ခုတ်သတ်ဖြတ်မှုများပင် ဖြစ်လာကာ တရားလက်မဲ့ ဖြစ်လာလေသည်။

ထိုအတောအတွင်း ၁၉၄၇ ခုနှစ် ဇွန်လ၌ အိန္ဒိယ ကွန်ဂရက်ကြီးသည်အိန္ဒိယနှင့် ပါကစ္စတန် ခွဲခွါရေးကို အများသဘောဘူ ဆုံးဖြတ်ခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့၌ အိန္ဒိယ လွတ်လပ်ရေးကိုလည်း ရရှိတော့သည်။

နောက်ဆုံး အစာငတ်ခံခြင်း

သို့တိုင်အောင်ဟိန္ဒူနှင့်မွတ်စလင်တို့၏မုန်းတီးခြင်းတရားကား အဆုံးမသတ်သေး။ တွေ့ရာသင်းချိုင်း ဓါးမဆိုင်းဘဲ သတ်ဖြတ်နေကြသည်။ ထိုအခါ အသက် ၇၈ ကျော်ဂန္ဒီသည် "ဟိန္ဒူမွတ်စလင် ငြိမ်းချမ်းရေး မဖြစ်သမျှ သေသည့်တိုင်အောင် အစာမစားတော့ပြီ" ဟု အစာငတ်ခံပြန်သည်။ အစာငတ်ခံ၍ ၅ ရက် အကြာတွင် ဂန္ဒီ၏ အခြေအနေမှာ စိုးရိမ်စရာဖြစ်လာ၏။ အသံပင် မထွက်

တော့ချေ။ ဤတွင် ဟိန္ဒူမွတ်ဆလင် ခေါင်းဆောင်တို့သည်လည်း ဂန္ဒီ၏အိပ်ရာဘေးသို့လာလျက် ချစ်ကြည်စွာ နေပါတော့မည်ဟု စာချုပ်ချုပ်ဆိုဝန်ခံကြသည်။ ဤကားဂန္ဒီသည် အိန္ဒိယပြည်ကြီးကို နောက်ဆုံးကျေးဇူးပြုသွားခြင်းဖြစ်၏။

အစာပြန်စားပြီး၍ ၈ ရက်မြောက်နေ့၌ဂန္ဒီသည် ဒေလီမြို့ဘီလာသူဌေးကြီး၏ဝတ်ကျောင်းသို့ အသွားတွင် လူငယ်အယူသည်းသမား တယောက်က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သဖြင့် ကွယ်လွန်ရ၏။ ဂန္ဒီသည် "ဘုရား၊ဘုရား" ဟု တလျက် မြေပေါ် သို့လဲကျသွား၏။

ဂန္ဒီသေဆုံးသောအခါ ပစ္စည်းဥစ္စာမရှိ၊ ဘွဲ့ထူးဂုဏ်ထူးမရှိ၊ ရာထူးဌာနန္တရမရှိ၊ သာမန်နိုင်ငံသားတယောက်မျှသာဖြစ်၏။ သို့သော် ဤသာမန်လူသားတယောက် သေဆုံးခြင်းအတွက် အနိုင်နိုင်ငံမှ ရှင်ဘုရင်များ၊သမတများ၊ ခေါင်းဆောင်များ၊လူထုများသည် ဝမ်းနည်းကြောင်းကိုပြုကြ၏။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကပင် အလံတဝက်လွှင့်ထူလျက်ဂန္ဒီကိုနောက်ဆုံးအလေးပြုခဲ့သည်။

"မဟတ္တမ" ဟူသောအမည်မှာ "မြင့်မြတ်သောပုဂ္ဂိုလ်" ဟု အဓိပ္ပါယ်ရ၏။ ထိုဂုဏ်ပုဒ်ကို အိန္ဒိယလူထုကနှင်းအပ်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ ဂန္ဒီသည် လောကတွင်နှလုံးရည်ဖြင့်အရာအားလုံးကိုအောင်မြင်နိုင်သည်ဟု ထင်ရှားသောသာဓကကိုပြခဲ့သူတည်း။

ကျွန်ုပ်တို့သည်လည်း လက်ဝယ် ရရှိထားသော လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာရေးသားခွင့် အစရှိသော လူ့အခြေခံအခွင့်အရေးများကို တဖန်မဆုံးရှုံးရလေအောင် ဖေါ်ပြပါ ရှေးအာဇာနည်ကြီးများနည်းတူ အသက်ပေးကာကွယ်ထိန်းသိမ်းသွားသင့်ကြပေသတည်း။ ။

ကိုးကားသော စာအုပ်များ

၁။ လောကီထူးပွတ်လူတို့ဇာတ်-ဦးစံထွား (တတိယတွဲ)

၂။ အမေရိကန် ပြည်ထောင်စု အရေးတော်ပုံ-ဒေါ်လှလှ (စာပေဗိမာန်ထုတ် ပြည်တော်သာစာစဉ်)

၃။ ပြည်သစ် အရေးတော်ပုံ- ဦးသိန်းမောင် (စာပေဗိမာန်ထုတ် ပြည်တော်သာစာစဉ်)

၄။ ကိုယ်တွေ့အိန္ဒိယ-ဦးထွန်းရှိန်

၅။ ဒီမိုကရေစီဆိုဒါ-သခင်ဘသောင်း

၆။ နိုင်ငံရေး အခြေပြ-ဦးမောင်မောင်လေး (စာပေဗိမာန်ထုတ် လူထုအလင်းစာစဉ်)

၇။ တော်လှန်ရေးအမျိုးမျိုး-ဗိုလ်အေးမောင်

၈။ ပါလီမန်အရေးတော်ပုံ-ဦးသိန်းမောင် (ပြည်တော်သာစာစဉ်)

၉။ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

၁၀။ ဥာဏ်သစ်အရေးတော်ပုံ-ဦးသိန်းမောင် (ပြည်တော်သာစာစဉ်)

၁၁။ အခြေခံဒီမိုကရေစီ-ဦးရန်အောင်၊ ဘီအေ-ဘီအယ် (လ်)

၁၂။ ခန္တီ၀ါဒီ-မင်းညို၊ (စာပေဗိမာန်မဂ္ဂဇင်း-အတွဲ ၃ အမှတ် ၂)

၁၃။ တိုက်ပွဲလူ့ခွင့် အဆင့်ဆင့်-အောင်သူ (စာပေဗိမာန်မဂ္ဂဇင်း- အတွဲ ၄ အမှတ် ၉)

၁၄။ ကျွန်ဘ၀ကို တော်လှန်ခဲ့သော တိုင်းပြည်များ - မောင်ဖြိုး (စာပေဗိမာန်မဂ္ဂဇင်း အတွဲ ၄ အမှတ် ၉)

1. Brief Biographies of Famous Men and Women (W. Stuart Sewell)
2. Victories Without Violence (A.Ruth Fry)
3. World History-(Phillip Dort)
4. Information Please Almanac (1958)
5. The Koreans and Their Culture (Cornelius Osgood)
6. The outline of History (H. G.Wells)
7. Glimpses of World History (J. Nehru)
8. Encyclopaedia of the Social Sciences (Volume 11)
9. Encyclopaedia of the Social Sciences (Volume 12)
10. Survey of International Affairs 1920-23 (A.J.Toynbee)
11. Ancient History (Hyma)
12. All Men are Brothers (Life and thought of Mahatma Gandhi) Unesco.
13. A Short History of the World(H.G.Wells)
14. Inside U. S. A,(John Gunther)
15. Inside Africa (John Gunther)
16. The History of Mandkind(Van Loon)
17. Gandhi and Gandhism-Vol: 1(Sitaramayya)
18. The Philosophy of Mahatma Gandhi(Mohan Datta)
19. Satyagraha in South Africa(M.K. Gandhi)
20. Freedom and Organization 1814-1914 (Bertrand Russell)
21. What is Democracy?(Grayson Kirk)
22. Gandhi His Life and Message for the World (Louis Fischer)
23. A Goverment by the People
24. Encyclopaedia of the Social Sciences (Vol. 13-14)
25. Constitutional Law. (G. A Forrest)

26. Modern political Constitutions (F. Strong)
27. Asia and Democracy (Pearl S. Buck)
28. The English Parliament (Kenneth Mackenize)
29. Cases on the Law of the Constitution (B.A. Bicknell)
30. Political Science and Government (B. B. Majumdar)
31. Liberty in the Modern State(Harold Laski)
32. Leading Cases in a Nutshell (E.S.Fay)
33. The Way of Democracy (Allen Y.King)
34. A High School British History 1714-1945 (A.M.Druitt)
35. The Growth of Democracy (Democracy Series)
36. Stout Heartsand Open Hands(P.D.Tandon)
37. Inside Latin America (John Gunther)
38. Bolivar and the Independence of Spanish America(J.B.Trend)
39. The Political Philosophers
Edited dy S. Commins & R.N.Linscott.
40. Political Ideals(C.Delisle Burns)
41. The Constitution of England from Queen Victoria to George VI Vol.I(Arthur Berriedale Kaith.)
42. English Political Institutions(J.A.R.Marriott)
43. Europe in Chain (Paul Einzig)
44. The Queen's Govt: (Sir Ivor Jennings)
45. Justice at Work (James Avery Joyce)
46. History of Ancient Civilization(C.Seignobos)
47. A History for British Schools 1066-1714 (D.C.Somervell M.A.)
48. Holy Bible

ဒီမိုကရေစီ ဆိုတာ ဘာလဲ

★ ဒီမိုကရေစီ၏ အရင်းအမြစ်
★ ဒီမိုကရေစီ၏ အဓိပ္ပါယ်
★ ဒီမိုကရေစီအတွက် အသက်ပေး ကာကွယ်ခဲ့ကြသူများ
အကြောင်းကို ပြတ်ပြတ်သားသားဖော်ပြထားသော

သန့်ရှင်း ဖ ဆ ပ လ အဖွဲ့ချုပ်ဥက္ကဋ္ဌ

ဦးနု ၏

"ဒီမိုကရေစီကိုကာကွယ်ကြ"

စာအုပ် ထွက်နေပါပြီ။

သန့်ရှင်း ဖ ဆ ပ လ အဖွဲ့ချုပ်
ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
ရန်ကုန်